


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၁၅၈/၂၀၀၂ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၇/၂၀၀၃ (၁)

ပုံနှိပ်ခြင်း
၂၀၀၃-ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀၊ တန်ဖိုး - [illegible] ကျပ်

ထုတ်ဝေသူ
ဒေါ်စိုးကေခိုင် (၀၁၆၉၂)
ချိုတေးသံစာပေ
ရွှေနှင်းသာကျေးရွာ၊ ပုလဲမြို့သစ် (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/အဖုံးပုံနှိပ်သူ
ဦးညွန့်ဇော (၀၄၄၂၉)
ပြုံးပန်းသစ်ရာပုံနှိပ်တိုက်
၃၉၊ ကွင်းကျောင်းလမ်း
အလုံ၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
ပြုံးပန်းတစ်ရာစာပေ
ဖုန်း - [illegible]

BURMESE CLASSIC

သင်းမွှေးသော
ဧကချစ်

# မယုံမရဲ ယုံမှရဲ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

နံနက်ခင်း၏ လေပြေညှင်းမှာ တောပန်းရနံ့လေးများသင်းနေ၏။ တောင်ခြေတောနက်ကြီးထဲမှာ ငှက်မျိုးစုံတို့ကလည်း တေးသံသာများကို အပြိုင်အဆိုင်သီကြူးနေကြသည်။ ဤတောအုပ်ကြီး အတွင်းမှာ မကြာမီ အန္တရာယ်ဆိုးကြီးတစ်ခု ကျရောက်တော့မည်ကို တော၏မာယာဖြင့် ဖုံးကွယ်ထားသည့်နှယ် –

အသက်(၁၁)နှစ်အရွယ် ဖြူမနှင့် အသက်(၁၂)ရွယ်စောခိုင်တို့ ကလေးနှစ်ယောက် ကညင်ပင်ဆင်စခန်းသို့ လိုက်လာကြရင်း ဆင်စခန်းနှင့်ခပ်လှမ်းလှမ်းမှ တောထဲသို့ ရောက်နေကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



" စောခိုင်--- ဟိုမှာ---ငှက်ပျောသီးမှည့်တွေ ---ငါ့ကိုခူးပေးပါ---"

ဖြူမက စမ်းချောင်းဘေးရှိ ငှက်ပျောပင်ပေါ်မှ ငှက်ပျောသီးမှည့်များကို ကြည့်ပြီး စားချင်နေသည်။

"အဲဒါ တောငှက်ပျောသီးတွေဟ---စားလို့မကောင်းဘူး---အစေ့တွေအများကြီးပါတယ်---"

"ငါ---ဗိုက်ဆာလို့---"

"ဗိုက်ဆာရင်လာ---ဟို အထက်နားက သဘော်ပင်ကြီးတွေရှိတယ်"

စောခိုင်နှင့်ဖြူမတို့ စမ်းချောင်းလေးအတိုင်း ဆန်တက်ခဲ့ကြသည်။ ကြည်အေးနေသော စမ်းရေထဲမှာ လမ်းလျှောက်ရသည်ကို ဖြူမသဘောကျနေသည်။

"အမယ်လေး---ကြမ်းလိုက်တာဟ---သေတော့မှာပဲ---ဘယ်လို လုပ်တာလဲဟ---"

စောခိုင်ကလက်မောင်းကို ဆောင့်ဆွဲလိုက်၍ ဖြူမနောက်သို့ယိုင်ပြီး ဖင်ထိုင်လဲတော့မလို ဖြစ်သွားသည်။ သို့သော် စောခိုင်က ဖြူမ၏လက်မောင်းကို တင်းတင်းပါအောင်ဆွဲ၍ ထိန်းကိုင်ထားဆဲ။

"ဟိုမှာ---"

စမ်းချောင်းအထက်ရှိ ရေသဖန်းကိုင်းပေါ်မှာ ပါးပျဉ်းထောင်နေသော တောကြီး မြွေဟောက်တစ်ကောင်





" အမယ်လေး---"

ဖြူမကြောက်လွန်း၍ စောခိုင်၏ရင်မှာ မျက်နှာအပ်ထားလိုက်သည်။

စောခိုင်ကတော့ မြွေကြီး၏လှုပ်ရှားမှုကို မျက်တောင်မခတ် စိုက်ကြည့်လျက်

" လာ---သွားမယ်---မြွေကြီးမရှိတော့ဘူး---"

" ဟင့်အင်း ငါကြောက်တယ် မလိုက်ချင်တော့ဘူး---"

" မြွေကလည်း လူကိုကြောက်တာပဲ---လူသံကြားလို့ လွတ်ရာကျွတ်ရာ သွားပြီ---လာ---သွားမယ်---"

စောခိုင်က ဖြူမ၏လက်ကိုဆွဲ၍ စမ်းချောင်းကလေးအတိုင်း ဆန်တက်သည်။ ဖြူမကြောက်၍ မနေခဲ့ရဲသောကြောင့် စောခိုင်ခေါ်ရာ လိုက်ခဲ့ရသည်။

စောစောကမြွေကြီး ပါးပျဉ်းထောင်နေသော သစ်ကိုင်းကို ဖြူမလှမ်းကြည့်လိုက်သေးသည်။ ဘာမျှမရှိတော့။

စမ်းချောင်းကလေးကို နည်းနည်းဆန်တက်မိသောအခါ ဘယ်ဘက်ဘေးတွင် သဘော်ပင်များကို လှမ်းမြင်ရသည်။

"ဟိုမှာ---သဘော်သီးမှည့်---"

ခပ်မြင့်မြင့်သဘော်ပင်ပေါ်တွင် သဘော်သီးမှည့် တစ်လုံးကို တွေ့ရသည်။ သို့သော် တစ်ပိုင်းမှာ ငှက်စားထားပြီ။

"အဲဒီ အသီးခူးပေးမယ်နော်---နင်---ဒီ စမ်းချောင်း

www.burmeseclassic.com



ထဲကစောင့်နေ”

“ ကျားတွေဘာတွေ လာမှာကြောက်တယ်ဟယ်---”

“မကြောက်ပါနဲ့ ခဏလေးစောင့်နေ---”

စောနိုင်သဘော်ပင်များရှိရာသို့ လျှောက်သွားပြီး အသီးမှည့်ရှိသော အပင်ကိုလှုပ်ခါသည်။ သို့သော် အသီးမှည့်က မကြွေ။ အညှာ နိုင်သည်။

စောနိုင် သဘော်ပင်ပေါ်သို့ မျောက်တစ်ကောင်လို ကျွမ်းကျင်စွာတက်သွားသည်။ သဘော်သီးကို ခူးယူပြီး ပြန်ဆင်းလာသည်။

“ရော့ --- စား”

ဖြူမက အစေ့များကိုဖယ်ပြီး နီရဲနေသောအသားကို ကိုက်စားလိုက်သည်။

“ ဟယ်---ချိုလိုက်တာ---ရော့---နင်လဲစားဦး”

စောနိုင်က ခေါင်းခါလိုက်သည်။

“ လာ---သွားကြစို့---ငါတို့ ဒီလောက်ထိ တောထဲရောက် နေတာ လူကြီးတွေသိရင် စိတ်ပူလိမ့်မယ်--- မြန်မြန်သွားရအောင်”

“ဝေါ---ဝေါ---”

ကြောက်မက်ဖွယ်ရာကျယ်လောင်သော အသံကြီးများ ထွက်ပေါ်လာသည်။ ငှက်အုပ်ကြီးများ လန့်ပျံကြသည်ကိုလည်း တွေ့ရသည်။

“ဟင်---ဘာဖြစ်လို့ပါလိမ့်”





တောခြောက်သံကြား၍ စောနိုင်စိုးရိမ်စိတ်ဖြစ်မိသည်။

ဖြူမကတော့ ကြောက်လွန်း၍ စောနိုင်၏လက်များကို တင်းတင်းပါအောင် ဆုပ်ကိုင်ထားသည်။

“လာ---ဆင်စခန်းရောက်အောင်ပြေးကြစို့---”

စောနိုင်က ဖြူမလက်ကိုဆွဲပြီး ကညင်ပင် ဆင်စခန်းဆီသို့ အမြန်ပြေး ကြသည်။

ဆင်စခန်းနှင့်နီးလာသောအခါ လူများ၏ဆူဆူညံညံများကိုကြားရသည်။

ဆင်စခန်းသို့ရောက်သည်နှင့် လူများကြောက်လန့်တကြားပြေးကြ လွှားကြဖြစ်နေသည်များကို တွေ့ရသည်။ ခေါ်သံအော်သံများကလည်း ဆူညံနေသည်။

“ဟိုမှာ---အဖေ---”

စောနိုင်က သူ့အဖေရှိရာသို့ ဖြူမကို လက်ဆွဲပြေးသည်။

“မိုးမှောင်ကြီး မုန်ယိုပြီး ကြမ်းနေပြီဟေ့ လွတ်အောင်ပြေးကြ”

ဆင်ဦးစီးတစ်ယောက်အော်ပြီး ပြေးလာသည်။

“ ဟေ့ကောင်---ငဆိုင်---အကြမ်းမတိုင်ခင်နဲ့ ချော့ - ချော့---”

ဖိုးမောင်က ဆင်ဦးစီးငဆိုင်ကြားအောင် လှမ်းအော်ပြောနေသည်။

ဆင်ဦးစီးငဆိုင်က မိုးမှောင်ကြီး၏ ခေါင်းပေါ်ရှိနေဆဲ မိုး



www.burmeseclassic.com

www.burmeseclassic.com



မှောင်ကို ပေါက်ချွန်းဖြင့် နားရွက်ကို ချိတ်၍ ထိန်းကိုင်နိုင်အောင် ကြိုးစားသည်။

"ကျွိ---အီ---အီ---"

ငဆိုင်၏ ပေါက်ချွန်းက ချွန်ထက်၍ နာကျင်သော ကြောင့် မိုးမှောင် ဒေါသဖြစ်စွာ အော်ဟစ်ရုန်းကန်ရင်း နားရွက်ကွင်း ပြတ်သွားပြီးသွေးများ စီးကျလာသည်။

လမ်းဘေးရှိ သစ်ပင်များကို မိုးမှောင်ကြီးက နှာမောင်းနှင့် ဆွဲနှုတ်ပြီး လွှင့်ပစ်နေသည်။

"ဗိုး---ဒုန်း---"

ကူညီရန်လာသော ဆင်ဦးစီးဝါရင့်ကြီးများလည်း ဘယ်သူမှ အနားမကပ်ဝံ့ထွက်ပြေးရသည်။

" ဟာ---ကဲကွာ---ကဲကွာ---"

ငဆိုင် ဒေါသဖြစ်လာပြီး မိုးမှောင်၏ခေါင်းကို ပေါက်ချွန်း ဖြင့်ဆက်ကာ ဆက်ကာ ပေါက်လိုက်သည်။

မိုးမှောင်၏ဦးခေါင်းမှ သွေးများဖြာကျလာသည်။

"ဟာ---မိုက်တဲ့ကောင်ပဲ---အချော့ကြိုက်တဲ့ဆင်ကို အကြမ်းကိုင်နေတယ်---ဒီကောင် အရက်မူးနေပြန်ပြီ။ ဒုက္ခ ရောက်တော့မှာပဲ---"

"ဟေ့ကောင်---ငဆိုင်---မလုပ်နဲ့---အဲဒီလိုမလုပ်နဲ့"

ဖိုးမောင်က လှမ်းအော်ပြီး သတိပေးနေဆဲ။ သို့သော် ကိုယ်တိုင်လည်း သတိကြီးစွာထားလျက်-





မိုးမှောင်ကြီး၏ ဦးခေါင်းသည် မိမိရှိရာသို့ ဦးတည်နေ သည်။ တုတ်ခိုင်သော အစွယ်ကြီးနှစ်ချောင်းကလည်း ဖွေးဖွေးဖြူ ဖြူကြောက်စရာ။

"အဖေ---အဖေ"

"ဟာ---ကလေးနှစ်ယောက်---ဒုက္ခပါပဲကွာ---"

အရေးထဲမှ အပြေးအလွှားရောက်လာသော စောခိုင်နှင့် ဖြူမကိုကြည့်ပြီး ဖိုးမောင် စိုးရိမ်စိတ်ထိပ်တက်ဖြစ်ရသည်။

"ခုနေ မိုးမှောင်ကြီးများ ဒီဘက်ကိုပြေးလာရင်---"

မိုးမှောင်ကပိုကြမ်းနေပြီ။

ငဆိုင်ကလည်းပိုကြမ်းပြနေသည်။

"ကလေးနှစ်ယောက် အန္တရာယ်ကလွတ်အောင် ဘယ်လို လုပ်ရမလဲ"

ဖိုးမောင်ပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်သည်။

ခပ်လှမ်းလှမ်းတွင် ညောင်ပင်ကြီးကိုမြင်၍ ခေါင်းထဲမှာ အကြံတစ်ခု ရလာသည်။

"လာ---လာ---မြန်မြန်လာကြ---"

ကလေးနှစ်ယောက်ကိုခေါ်၍ ညောင်ပင်ဆီသို့ ပြေးကြသည်။

မိုးမှောင်ကတော့ တွေ့ရာကို ဆွဲရမ်းလွှင့်ပစ်နေသည်။

"တက်---တက်---ညောင်ပင်ပေါ် မြန်မြန်တက်ကြ"

စောခိုင်ရော ဖြူမပါ တောထဲမှာ ကြီးပြင်းကြသူများ ဖြစ် သောကြောင့် သစ်ပင်တက် ကျွမ်းကျင်ကြသည်။ ခဏအတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ပင့် အန္တရာယ်လွတ်ရာ ညောင်ပင်ခွဆုံသို့ ရောက်သွားကြသည်။

"ဒီနေရာမှာနေကြနော်---ညောင်ကိုင်းကို အသေအချာ ကိုင်ထား---မိုးမှောင်ကြီး---ဒီဘက်ပြေးလာရင် ဒီနေရာမှ ပုန်းနေကြ---ခေါင်းထွက်မကြည့်နဲ့----ကြောက်လဲမကြောက်နဲ့ နော်---အသံမပေးဘဲ ငြိမ်ငြိမ်နေကြ---"

ဖိုးမောင်က ညောင်ပင်ခွဆုံမှ ကလေးနှစ်ယောက်ကို အထိုင်ခိုင်းထားသည်။

"အဖေက---ဘယ်သွားမလို့လဲ---"

ဖိုးမောင်ကပြန်ဆင်းမည်လုပ်နေ၍ စောနိုင် စိုးရိမ်စွာ သူ့အဖေလက်ကို ဆွဲကိုင်ထားသည်။

ဖိုးမောင်က ငဆိုင်ကို စိတ်မချ။ ဖြစ်နိုင်လျှင် ဆင်ဦးစီးချင် ကူညီချင်သည်။

"အဖေ ငဆိုင်ကို သွားကူရမယ်---ဟိုကောင် ဒုက္ခ ရောက်တော့မယ်"

"အဖေ မသွားပါနဲ့---"

စောနိုင်က သူ့အဖေပါ ဒုက္ခရောက်မှာ စိုးနေသည်။

"အဖေ့အတွက် မပူပါနဲ့---မင်းတို့သာ ဒီနေရာမှာ ပုန်းနေကြနော်---ခေါင်းမထွက်နဲ့ ---အသံမထွက်နဲ့---"

ဖိုးမောင် ညောင်ပင်မှ အမြန်ဆင်းသွားသည်။

"ငဆိုင်---မလုပ်နဲ့---မကြမ်းနဲ့---ချော့ထား--- ချော့ထား---ငါလာကူမယ်---"





ဖိုးမောင်က ငဆိုင်ကို လှမ်းအော်သတိပေးနေသည်။

"မိုးမှောင် ---သားကြီး---သားကြီးရေ --- ငါ့သားကြီး ကလိမ္မာပါတယ်"

ဖိုးမောင်က အသံပြုရင်း သစ်ပင်များကို အကာအကွယ်ပြု၍ တက်နိုင်သမျှ နီးအောင်သတိထားပြီး ချဉ်းကပ်နေ၏။

မိုးမှောင်ကြီးက နားရွက်နှစ်ဖက်ကို တဖျက်ဖျက်ခတ်၍ နားစွင့်နေသည်။

နားရွက်မှ သွေးများက တစ်စက်စက်စီးကျနေသည်။ မှန်ပေါက်မှ မုန်ရည်များကလည်း စီးဆင်း၍ အာခံတွင်းဆီသို့ ရောက်နေ၏။

"ငဆိုင်---ခုနေတုန်း---ခုန်ဆင်းပြီး---လွတ် အောင်ပြေးခဲ့လာ---" "မင်းဆင်မလွယ်ဘူး ငါပြောတယ် မဟုတ်လားထိန်းလို့ရမှာ မဟုတ်ဘူးလို့---"

သောက်ဖော်သောက်ဖက်ထွန်းကျော်ပြောပုံက ငဆိုင် ကိုမခံချင်စိတ် ဖြစ်စေသည်။

"ကျုပ်ကလူဗျ---ဆင်ဦးစီး---သူကဆင်---တိရစ္ဆာန်--- ကြည့်ထားနိုင်အောင် ---ထိန်းပြမယ်---"

ငဆိုင်ပြောသည်ကို နားလည်ဟန်တူသော ဆင်ကြီးမိုး မှောင်က စူးရှသောအသံဖြင့် အော်မြည်ရင်း သူ့အပေါ်မှ ငဆိုင်ကို သိမ့်ကျအောင်ခါချသည်။

"ကျွီ---အိ---အိ---"

www.burmeseclassic.com



"ဟာ---ဆင်စုတ်---ကဲ---ကြမ်းဦးကွ---ကြမ်းဦးကွာ" မှုနေသော ဆိုင်က မိုးမှောင်၏ ဦးခေါင်းကို မဆင်မခြင် ဓားကောက်ဖြင့် ခုတ်နေသည်။

"ဟော့ကောင်ဆိုင်---မလုပ်နဲ့---အဲဒီလိုမလုပ်နဲ့---"

ဖိုးမောင်ကလှမ်းတားသည်။

မိုးမှောင်နာကျင်စွာဖြင့် ဒေါသတကြီး အော်ဟစ်ရင်း သူ့အပေါ်မှ ဆင်ဦးစီးဆိုင်ကို နှာမောင်းဖြင့် ရုတ်တရက် ဆွဲချလိုက်သည်။

ဆိုင်က နှာမောင်းကို ဓားဖြင့် လှမ်းခုတ်သည်။

"ဆိုင်---မလုပ်နဲ့ သတိထား၊ နှာမောင်းကို လွတ်အောင်ရှောင်---"

ဖိုးမောင်သတိပေးနေသည်။

ဆင်ဦးစီးဆိုင်မှာ နှာမောင်းကို လွတ်အောင်ရှောင်နေစဉ် မိုးမှောင်က ကိုယ်ကို ဘယ်ညာယိမ်း၍ ဆိုင်ကို ခပ်ကြမ်းကြမ်းလှုပ်ခါချသည်။

ဆိုင်ထိန်း၍မရ၊ ဆင်ပေါ်မှ လိမ့်ကျသည်။ သို့သော် ဆိုင်အမြန်ထနိုင်သည်။

"ပြေး---ပြေး---ကွေ့ပတ်ပြေး---တောင်ခြေဘက်ကိုပြေး---"

ဘေးမှကြည့်နေသော ဆင်ဦးစီးများက လှမ်းအော်ပြောကြသည်။





သို့သော် ဆိုင်က

"ဆင်စုတ်---သေစမ်း---"

လက်ထဲမှာ ဓားကောက်ဖြင့် မိုးမှောင်ကြီး၏ မျက်နှာဆီသို့ လှမ်းပစ်လိုက်သည်။ ဓားကောက်က မိုးမှောင်ကြီး၏ နဖူးကို မှန်သည်။

"ကျည်---အီး---အီ---"

မိုးမှောင် ဒေါသတကြီး ဆိုင်ကိုလိုက်သည်။ ဆိုင်က ဖိုးမောင်ရှိရာသို့ ပြေးလာသည်။

"ဟာ---ဒုက္ခပဲ---"

ဖိုးမောင် ကလေးနှစ်ယောက်ရှိရာ ညောင်ပင်ဆီသို့ အမြန်ပြေးပြီး ညောင်ပင်ပေါ်သို့ တက်သည်။

ဖျောင်း

မိုးမှောင်က ဆိုင်ကို နောက်မှ လှမ်းပြီး နှာမောင်းဖြင့် ရိုက်သည်။

ဆိုင်ကိုရိုက်မိ၍ လွင့်ထွက်သွားသည်။ ဒေါသကြီးနေသော မိုးမှောင်က ဆိုင်ထံ ပြေးသွားသည်။ ဖိုးမောင် မကြည့်ရက်တော့ပါ။ ညောင်ကိုင်းဖြင့် မျက်နှာကို ကွယ်ထားလိုက်သည်။

"အား--"

ဆိုင်၏မချိမဆံ့အော်သံကြီးကို ကြားလိုက်ရသည်။

စောခိုင်နှင့်ဖြူမတို့ ကြောက်လွန်း၍ တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာဖက်ထားမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ကြီးမိုးမှောင်ကတော့ တွေ့ရာတို့ကို ဆွဲနှုတ် ပစ်ခတ် တက်နင်းလုပ်၍ ဆင်စခန်းအတွင်းမှာ ကြမ်းချင်တိုင်း ကြမ်းနေ သည်။

ဆင်ဦးစီးအားလုံး ခြေဦးတည့်ရာသို့ ထွက်ပြေးကြရသည်။

မိုးမှောင်ကတော့ ညောင်ပင်ပေါ်မှာ ကလေးနှစ်ယောက် နှင့် အတူပုန်းနေရင်း မိုးမှောင်ကြီးကို လှမ်းကြည့်နေသည်။

မိုးမှောင်သစ်ကိုင်းချိုးသံ၊ လေတိုးသံများဝေး၍ ဝေး၍ သွားသောအခါ ဖိုးမောင်က ပို၍မြင့်သော ညောင်ကိုင်းပေါ်သို့တွက် ၍ မိုးမှောင်ဦးတည်သွားရာ လမ်းကြောင်းကို လိုက်ကြည့်သည်။ မိုးမှောင်ကြီးသည် တောနက်ဆီသို့ တရွေ့ရွေ့ တိုးဝင်ပျောက် ကွယ်သွားလေသည်။

✿ ✿ ✿ ✿ ✿





အခန်း ( ၂ )

"ကလေးနှစ်ယောက် မဆင်းနဲ့ဦးဟေ့---ညောင်ပင်ပေါ် ..ပဲနေခဲ့ကြ"

ဖိုးမောင် ညောင်ပင်ပေါ်မှ ဆင်းသွားသည်။

"ဟေ့---ဖိုးမောင်---ငါ့သမီးဖြူမ လာတယ်ပြောတယ် ..တွေ့ဘူးလားကွ---"

ဆင်ခေါင်းကြီး ဦးကျော်ဖ သူ့သမီးဖြူမကို လိုက်ရှာနေ ..သည်။

"တွေ့လို့---ကျုပ်---ဒီညောင်ပင်ပေါ်တင်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဟာ---တော်သေးတာပေါ့ကွာ---ငါဖြင့်စိတ်ပူပြီး လိုက်ရှာနေရတာ''

ဦးကျော်ဖံ ခုမှ စိတ်အေးသွားရသည်။

''ဟိုကောင်---ဆိုင်တော့---သေပြီကွာ---''

''ဒီပြင်ရော---အထိအခိုက်ရှိသေးလား---''

''မရှိဘူးကွ---အားလုံးကိုယ်လွတ်ပြေးကြတာ---ဆိုင် တို့ အရက်သောက်တဲ့တဲကိုတော့ ဆွဲဖျက်ပြီး တက်နင်းပစ် တယ်။ တော်တော်ကြမ်းတဲ့ ကောင်ကြီးကွာ---''

''ဒီကောင်ကြီးက---သိလဲသိပ်သိတယ်---ဆင်စခန်း မှာတဲတွေ အများကြီးရှိတာပဲ---ဆိုင်တို့ အရက်သောက်တဲ့ တဲ မှ ဖျက်ဆီးပစ်တာကွ---''

''သူ့ဦး စီးအရက်သောက်တာ မကြိုက်လို့ ဖြစ်မှာပေါ့ ကွာ ဟိုကောင်ကလဲ---ကိုယ့်ဆင်အကြောင်း ကိုယ်သိရက် သာ နဲ့---''

''တော်တော်ကြမ်းတဲ့ဆင်ကွာ---သစ်ပင်တွေလဲ ချိုး ဆွဲနုတ်သွား လိုက်တာကြောက်စရာ---ဒါနဲ့ဆိုရင်---မိုးမှော် သတ်တာ---ဆယ်ယောက်ပြည့် သွားပြီကွ---ဒီဆင်တော့ ဆင် ထားဖို့မကောင်းတော့ပါဘူးကွာ---''

ဆင်စခန်းအတွင်းမှာ လူသံများပြန်ကြားလာရသည်။ ထွက်ပြေးကြ သူများ ပြန်ရောက်လာကြခြင်းဖြစ်၏။

''ကလေးတွေ---ဆင်းခဲ့ကြတော့ ဟေ့''





ဖိုးမောင်က ညောင်ပင်ပေါ်မှ ကလေးနှစ်ယောက်ကို လှမ်း ခေါ်လိုက်သည်။

ကလေးနှစ်ယောက် ညောင်ပင်ပေါ်မှ ဆင်းလာကြသည်။

''ဟာ---ဟိုမှာ တောခေါင်းကြီးတို့အဖွဲ့လာနေပြီဟေ့--- ''

ဆင်ခေါင်းနှင့်ဆင်ဦးစီးများသွားကြိုကြသည်။

''ဆင်ဆိုး ဘယ်ရောက်သွားပြီလဲဟေ့---''

တောခေါင်းက ဆင်စခန်းဆီသို့ လှမ်းကြည့်သည်။

''ဒီဘက် တောထဲဝင်သွားပြီဆရာ---''

ဆင်ခေါင်းကြီး ဦးကျော်ဖံက မိုးမှော်ဝင်သွားသော တောဘက်သို့ ပြသည်။

''ဒီလောက်ဆိုးတဲ့ဆင်---အရှင်ထားဖို့မကောင်းတော့ ဘူး---သစ်တော အရေးပိုင်ကြီးဆီအမိန့်တောင်းပြီး---သတ် ပစ်တာပဲကောင်းတယ်---''

''သတ်ပစ်ရမှာလဲ နှမြောစရာကြီး ဆရာရယ်---''

ဖိုးမောင်က မိုးမှော်ကို မသေစေချင်။

''ဘာပြောတယ်ကွ---ဟင်း---အဲဒီလို နှမြောခဲ့လို့ အခု လူတစ်ကျိပ် ပြည့်သွားတာပေါ့---''

တောခေါင်းကြီးက ဖိုးမောင်ကို ဒေါသဖြင့်ကြည့်နေ သည်။

''သူကဆင်အားလုံးထဲမှာ အကောင်အကြီးဆုံး၊ ခွန်အား



www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံးမို့ နှမြောမိလို့ပါဆရာ---''

ဖိုးမောင်ကို ဆင်ဦးစီးထွန်းကျော်က မျက်စောင်းထိုး၍ ဟန့်တားလိုက်သည်။

''နှမြောတော့---တွေ့နာက်ထဲဝင်ပြီး---ဘယ်ကောင်ကသူ့ကိုဖမ်းရမှာ လဲကွ---ဒီလောက်ဆိုးတဲ့ဆင်ကို ဘယ်ဦးစီးကရော ကိုယ့်မယားမုဆိုးမအဖြစ်ခံပြီး စီးရဲမှာလဲ---''

ဖိုးမောင်တောခေါင်းကြီးကို ဘာမျှပြန်မပြောတော့ပါ။ သူ့စိတ်ထဲမှာတော့ ခုဖြစ်ရသောကိစ္စတွင် မိုးမှောင်မှာ အပြစ်မရှိဟုထင်သည်။

ငဆိုင်မနှေညနေက ထွန်းကျော်တို့လူသိုက်နှင့် အရက်တွေ အလွန်အကျွံသောက်နေသည်။ ဒီလောက်မူးအောင်မသောက်ဖို့ဖိုးမောင်တားသည်ကို နားမထောင်။

မနက်ကျတော့ အမူးမပြေသည်ကို ဖြေဖို့ဆိုပြီး ထပ်သောက်သွားကြောင်း ဖိုးမောင်သိထားသည်။ သို့သော် ဤကိစ္စ ထုတ်ပြော၍မကောင်း၊ ပြောလျှင်သေသူကို မညှာမတာရက်စက်ရာကျမည်။

မိုးမှောင်က အချော့ကြိုက်သည်။ အကြပ်ကိုင်၍မရ။ အထူးသဖြင့် သူ့အသားကိုနာအောင်လုပ်လျှင် အခဲမကြေ ဒေါသကြီးတတ်သည်။ ဤအကြောင်းကို ငဆိုင်လည်းသိသည်။ မမူးလျှင် ငဆိုင်ဤသို့လုပ်မည်မဟုတ်။ တကယ့်ပြဿနာက အရက်။ သို့သော် အဆိုးဖြစ်နေရသည်က မိုးမှောင်။





တောခေါင်းကြီးနှင့်အဖွဲ့က အခင်းဖြစ်ပွားရာ နေရာကို သွားကြည့်သည်။ သစ်ဝင်၊ သစ်ကိုင်းများ ထောင်းထောင်းကြေနေသည်ကိုတွေ့ရသည်။

''ဒီ ဆင်သောင်းကျန်းနေတဲ့အချိန်---မင်းတို့ပိုင်း မထိန်းကြဘူးလား---''

တောခေါင်းကြီးက ဆင်ဦးစီးများကို မေးခြင်းဖြစ်သည်။

''ထိန်းပါတယ်---ဒါပေမဲ့---ဆင်သိပ်ကြမ်းနေတော့ ဘယ်သူမှ အနားကပ်လို့မရဘူး---ကပ်တဲ့လူသေမှာပဲ---''

''ဟင် သိကြသေးတာပေါ့ ---နင်လဲသေရမှာပေါ့---နေက်ဖြန်ခါ---အရေးပိုင်ကြီးကိုတင်ပြပြီး---ခွင့်ပြုချက်ရတာနဲ့---သေနတ်နဲ့ပစ်သတ်ရမယ်---''

တောခေါင်းကြီးက မိုးမှောင်ကို အသေသတ်ဖို့ စီစဉ်နေ၍ ဖိုးမောင် စိတ်မကောင်းဖြစ်မိသည်။

တောခေါင်းကြီးနှင့်အဖွဲ့ သေသူငဆိုင်ကို သွားကြည့်ကြသည်။

ငဆိုင်ကို မြင်ရတော့ ဆင်ဦးစီးချင်းစာနာ၍ စိတ်မကောင်းဖြစ်ရပြန်သည်။

''ငဆိုင် အရက်တွေ ဒီလောက်မသောက်ရင် ကောင်းမယ်ကွာ--- မင်းစီးတဲ့ဆင်က မိုးမှောင်နော် ---သတိထားဦး---''

မနှေညနေက ဖိုးမောင်သတိပေးတော့

''မိုးမှောင် ဘာဖြစ်လဲ---မိုးမှောင်ဆင်ဆိုး---ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



မှ မစီးရဲဘူး--- ငါစီးရဲတယ်---ဘယ်သူမှမနိုင်ဘူး---ငါနိုင်တယ်---ဟား---ဟား---ဟား--- သောက်သူငယ်ချင်းတို့---ငါတိုက် မယ်---"

ဆင်ဆိုးစီးခဲ့ငွေပိုရသည်။ ဆင်ဆိုးစီးသော ဦးစီးအဖြစ် ဦးစီးချင်း အထင်ကြီးလေးစားခံရသည်။ ထို့ကြောင့် ဆိုင်မြောက်ခဲ့သည်။ သောက်ခဲ့သည်။ ဆင်ဆိုးစီးသူတစ်ယောက်မှာ အမြဲရှိနေရမည့် သတိတရားကို မူးယစ်ခြင်းဖြင့် မေ့လျော့ခဲ့သည်။

ခုတော့ အသက်ဆုံးရပြီ။

မနေ့ ညနေကပျော်နေခဲ့သော ဆိုင်ကို ပြန်လည် မြင်ယောင်မိသည်။

ဒေါသတကြီးပွဲကြမ်းနေသော မိုးမှောင်ကြီးကိုလည်း ပြန်လည်မြင်ယောင်မိသည်။ ခုတော့ မိုးမှောင်ကြီးလည်း အသတ်ခံရတော့မည်။ ဆိုင်သေပြီးသည်ကတော့ ပြန်ရှင်၍မရ။ မသတ်ရသေးသော မိုးမှောင်ကြီး ကိုတော့ အသက်ဘေးမှ လွတ်စေချင်သည်။ တောနက်ထဲမှာ ရောက်တတ်ရာရာ သွားနေမည့် မိုးမှောင်ကြီးကို ဖိုးမောင်မြင်ယောင်နေမိသည်။

× × × × ×

ဆင်ဦးစီးဆိုင်ကို သဂြိုဟ်ပြီးသည့်နောက် နှစ်ရက်တွင် သစ်တော အရေးပိုင်ကြီး မစ္စတာဂျိမ်း ကညင်ပင်ဆင်စခန်းသို့ရောက်လာသည်။ မစ္စတာဂျိမ်းနှင့်အတူ တောအုပ်၊ တောခေါင်းများလည်းပါလာကြသည်။





အရေးပိုင်ကြီးက ဆင်စခန်းမှ ဆင်ခေါင်းဆင်ဦးစီးများနှင့်အတူ မိုးမှောင်ကြီး ဖျက်ဆီးထားသည်များကို ကြည့်သည်။ မိုးမှောင် ပွဲကြမ်းထားသော နေရာများကိုလည်းလိုက်ကြည့်သည်။

"ဒီဆင်မကောင်းဘူး---လူဆယ်ယောက်သတ်တယ်---သူ့ကို ဘယ်သူမှလဲစီးရဲတော့မှာမဟုတ်ဘူး။ ဒီအတိုင်းထားရင် တောထဲမှာ သစ်ခုတ် ဝါးခုတ်တဲ့လူတွေ ဒုက္ခရောက်လိမ့်မယ်---တောခေါင်းကြီး---ဒီဆင်ကို ပစ်သတ်ဖို့ လုပ်လိုက်---"

အရေးပိုင်ကြီး မစ္စတာဂျိမ်းက တောခေါင်းကြီးကို တာဝန်ပေးလိုက်သည်။

"သခင်---စီးရဲတဲ့လူရှိရင်---မိုးမှောင်ကိုမသတ်ဘူးလား"

မထင်မှတ်ဘဲ ဖိုးမောင်ကဝင်ပြောလိုက်၍ တောခေါင်းကြီးနှင့်တကွ အားလုံးက ဖိုးမောင်ကို လှမ်းကြည့်လိုက်ကြသည်။

ဖိုးမောင်ကတော့ မိုးမှောင်ကို သံယောဇဉ်ကြောင့် မသေစေချင်စိတ်ဖြင့် အရဲစွန့်တင်ပြခြင်းဖြစ်သည်။

မိုးမှောင်သည် ငယ်စဉ်ကတည်းက သူနှင့်ကစားဖော်ဖြစ်သည်။ ဖိုးမောင်၏ ဖခင်စီးခဲ့သော ဆင်မကြီးမှ မိုးမှောင်ကို မွေးခဲ့ခြင်းဖြစ်သည်။

"ဘယ်သူစီးမလဲ---မောင်မင်းစီးမလား---"

အရေးပိုင်ကြီးက ဖိုးမောင်ကို အသေအချာကြည့်နေသည်။ တကယ်တမ်းကျတော့ အရေးပိုင်ကြီးက သစ်ထုတ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မှာ အားထားရသော အားကောင်းမောင်းသန် မိုးမှောင်ကို မသတ်ချင်။ ဆင်တစ်ကောင်၏ တန်ဖိုးကလည်း အများကြီးမို့ အချည်းနှီးမဖြစ်ချင်။

စီးရဲသူမရှိလျှင် တောထဲမှာ အန္တရာယ်ရှိမည်မို့ပင် အသတ်ခိုင်းရခြင်းဖြစ်သည်။

"မိုးမှောင်ကို စီးရင်---ဆင်ဆိုးစီးခရမလား---သခင်"

ဖိုးမောင်မဝံ့မရဲမေးလိုက်သည်။

"အို---ရမှာပေါ့---ဆင်ဆိုးစီးခ---တစ်ဆယ်ရမယ်--"

ဖိုးမောင်ဝမ်းသာသွားသည်။ ခုရသည့် ဆင်ဦးစီးမှာ တစ်လ နှစ်ဆယ်သာဖြစ်သည်။ ဆင်ဆိုးစီးခနှင့်ဆိုရင် သုံးဆယ်ရမည်။ သူ့မိသားစု ပို၍ ချောင်ချောင်လည်လည်နေရမည်။ သူချစ်သော ဆင်ကြီးလည်း အသက်ချမ်းသာရမည်။

"ဖိုးမောင်---မင်းအသေအချာပြန်စဉ်းစားပါ---"

တောခေါင်းကြီးက ဖိုးမောင်အတွက်စိုးရိမ်သည်။ ဆင်အုပ် ဆင်ခေါင်း များကလည်း ဖိုးမောင်ကို အံ့ဩဖြစ်တင်နေသော မျက်လုံးများနှင့်လှမ်းကြည့်ဟန့်တားနေကြသည်။

ဖိုးမောင်က အားလုံးကို မသိမမြင်ချင်ယောင်ဆောင်လိုက်သည်။

"ကောင်းပြီ---ဒီလိုဆိုရင်---ဒီဆင်ကို မောင်မင်း ကိုယ်တိုင်တောထဲဝင်ပြီးဖမ်းရလိမ့်မယ်---ဖမ်းနိုင်ပါ့မလား---"





"ကျွန်တော် စဉ်းစားပြီးပါပြီ---မိုးမှောင်ကို စီးပါမယ် သခင်---"

"ကောင်းပြီ---ဒီလိုဆိုရင်---ဒီဆင်ကို---ဒီဆင်ကို မောင်မင်းကိုယ်တိုင် တောထဲဝင်ပြီး ဖမ်းရလိမ့်မယ်---ဖမ်းနိုင်ပါ့မလား---"

"ဖမ်းနိုင်ပါတယ်---သခင်---"

"ကောင်းတယ်---မောင်မင်းသတ္တိရှိတဲ့လူလေးပဲ---တောထဲဝင်ပြီး ဒီဆင်ကိုဖမ်းပါ---မောင်မင်းဒီဆင်ကိုစီးပါ--"

"ဟုတ်ကဲ့ပါ---သခင်---"

ဖိုးမောင်ဝမ်းသာသွားသည်

"ဟင်း---ဆယ့်တစ်လောင်းပေါ့ကွာ---"

တောခေါင်းကြီးက အရေးပိုင်မကြားအောင် သူ့ဘေးမှ ဆင်ခေါင်း ဦးကျော်ဇံကို ပြောလိုက်ခြင်းဖြစ်သည်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃ )

မနက်ခင်းမှာ ဆီးနှင်းကျပြီး မြောက်လေသွေးနေသော်လည်း သန်းကြည်ရင်ထဲမှာ မအေးနိုင်။

"ကိုဖိုးမောင်---တော်မသွားရဘူး---ဒီလောက်တောင်လူတွေ အများကြီးသတ်နေတဲ့ ဆင်ကိုတော်မစီးရဘူး---"

သန်းကြည်က ဖိုးမောင်ကို တားရင်း ရှိုက်ကြီးတငင်ငိုနေသည်။

လွန်ခဲ့သော ရက်ပိုင်းကပင် ဆိုင်မယားတက်မတက်ချက်မတက် ငိုကြွေးခဲ့ရသည်ကို သန်းကြည်မြင်ယောင်နေသည်။





"တော်---ဘာမှ မစဉ်းစားဘူး---ကျုပ် မုဆိုးမဖြစ်အောင်လုပ်တာ--- မသွားရဘူး---"

"မဖြစ်ပါဘူးဟာ---မိုးမှောင်ကြီးက---ငါ့ကို အဲဒီလိုမလုပ်ပါဘူး--- ခုဟာ ဆိုင်မှူးပြီးကြမ်းလို့---ဒီလို ဖြစ်ရတာပါ---"

"အို---ဘာပဲဖြစ်ဖြစ် ကျုပ်သဘောမတူဘူး---ဒီဆင်ကိုတော် မစီးရဘူး---တောထဲကို တော်လိုက်မသွားရဘူး---"

"မသွားလို့ဖြစ်မလားဟ---ငါအရေးပိုင်ကြီးကို ပြောပြီးပြီသွားမှ ဖြစ်မှာပေါ့"

"ဆင်ကြီးက ခုမှ လူသတ်ထားတာ---ဒေါသကြီးနေတာ--- တော့်တစ်ယောက်ထဲ---တောထဲလိုက်သွားရင်သေမှာပေါ့တော့---မသွားရဘူး"

သန်းကြည် ရင်ထဲမှာ ပူလောင်စွာ ခံစားနေရသည်။

သားငယ်စောခိုင်အိမ်ရှေ့မှာ ရပ်နေ၍ အဖေနှင့်အမေပြောသမျှ အကုန်ကြားနေရသည်။

"မိုးမှောင်ကြီးနဲ့ ငါနဲ့က ငယ်ငယ်ကတည်းက ကစားဖော်ကစားဖက်တွေပါဟ---ငါ့အသံကြားရင်---သူဘာမှမလုပ်ပါဘူး---ငါမကယ်ရင် သူ့ကို သတ်ကြတော့မှာဟ---သူ့အသက်ကယ်တဲ့ ငါ့ကို မိုးမှောင်က ဒုက္ခရောက်အောင် မလုပ်ပါဘူးဟ---"

"ဆင်က---အဲဒီလောက်သိမလားတော့---"

"သိပ်သိတာပေါ့ဟာ---နင်မတွေ့ဘူးလား---တဲ့တွေ

www.burmeseclassic.com



အမှောင်ကြီးမို့တာ---ဆိုင်တို့ အရက်သောက်တဲ့တဲကိုပဲ နင်း ခြေဝင်တော့---"

"အဲဒါကြောင့် ကြောက်တာပေါ့တော့ တော်ကြာ တော့ ကို မကျေနပ်ရင် ကျုပ်တို့ မိသားစုပါ ဒုက္ခရောက်အောင် လုပ်မှဖြင့်---"

"မိုးမှောင်က ငါ့မိသားစုကို ဒုက္ခရောက်အောင် မလုပ်ပါ ဘူးဟာ--- တစ်လတစ်ဆယ်ပိုရရင်---သုံးဆယ်ဟ---နင် ကောင်းကောင်းသုံးရမှာ---"

"အို---မသွားရဘူး---ငွေသုံးဆယ်မရဘဲ--- ကျုပ်မုဆိုးမ အရင်ဖြစ်မှာ ---တောထဲကို တော်မသွားရ ဘူး---"

"နင်ကလဲဟာ---တော်စမ်းပါ---စိတ်အေးအေးနေ ခဲ့--ငါဘာမှ မဖြစ်ဘူး---စိတ်ချ။ မိုးမှောင်ကြီးကိုစီးပြီး ဆင် စခန်းပြန်လာခဲ့မယ်---"

"အို---မသွားရဘူး---မသွားရဘူး---"

သန်းကြည်က တားနေဆဲ

"အဖေရေ---ဘကြီးကျော်ဇံတို့---လာနေတယ်---"

အိမ်ရှေ့မှ သားငယ်စောနိုင် အော်ပြောနေသည်ကို အိမ် ထဲမှ ဖိုးမောင်ရော သန်းကြည်ပါကြားနေရသည်။

"အေး---အေး---ထွက်လာပြီဟေ့---"

ဖိုးမောင်က ယူစရာရှိသည်တို့ကို ခပ်မြန်မြန် ယူငင်ပြင်





ဆင် ပြီး အိမ်ရှေ့သို့ထွက်သည်။

"မသွားလို့မရဘူးလား---ဆင်ခေါင်းကြီးရယ်---တား ပေးပါဦး---"

သန်းကြည်က ဦးကျော်ဇံကို အသနားခံနေပြန်သည်။

ဖိုးမောင်ကတော့ တောထွက်ရန် အဆင်သင့် ဖြစ်နေ၏။ ခေါင်းတွင် ပုဆိုးတစ်ထည်ပေါင်းထားသည်။ ခါးတွင် ရေဘူးနှင့် ဓားကောက်ချိတ်ထား၏။ လက်တွင် ချွန်းနှင့်လှံကို ကိုင်ထား သည်။ အခြားလိုအပ်သည်များကို လွယ်အိတ်မှာ ထည့်၍လွယ် ထား၏။

"ဟေ့ကောင်---ဖိုးမောင်---မင်းတစ်ယောက်ထဲ သွားရင်---အန္တရာယ်များလွန်းတယ် --- ဒါကြောင့်မို့ ထွန်းကျော် နဲ့---ခင်မောင်ပါ မင်းနဲ့အတူ ထည့်ပေးလိုက်မလို့ ---သူတို့က တော့ မလိုက်ချင်ဘူး---သန်းကြည်လဲ သဘောမတူဘူးဆို တော့ မင်းမသွားချင်မသွားပါနဲ့ကွာ---တောခေါင်းကြီးကို---ငါ ပြော လိုက်မယ်---"

ဦးကျော်ဇံကပါ တားနေသည်။

"ဟုတ်တယ်ကွ---ဒီကောင်ကြီးက ဒေါသကြီးနေတာ နှံ့ညို့လဲ ကြီးတယ်နော်။ တို့ကိုမြင်တာနဲ့---အသေလိုက် သတ်မှာ---တောနက်ထဲဆိုရင် ရှောင်ဖို့လဲမလွယ်ဘူး---ငါတို့က ဆင်ခေါင်းကြီး အတင်းထည့်လို့သာ လိုက်ရမှာ---သေဖို့များ တယ်---မင်းလဲမသွားသင့်ဘူး---"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းကျော်ကမသွားစေချင်

''အရေးပိုင်ကြီးကို ပြောတဲ့စကား ဘယ်ဖျက်လို့ရမှာလဲ--ကျွန်တော် သွားဖို့ဆုံးဖြတ်ထားပြီးသား ဘကြီးကျော်ဖေ---ဘာမှစိတ်မပူပါနဲ့---ဘယ်သူမှလဲ---လိုက်ဖို့မလိုပါဘူး---ကျွန်တော်ဘာသာ---သွားမှာပါ---''

''အဖေ---ကျုပ်လိုက်ခဲ့မယ်''

သားငယ် စောနိုင်က ဖိုးမောင်၏လက်ကို ဆုပ်ကိုင်ပြီး လိုက်ခွင့်တောင်းနေသည်။

''မလိုက်ပါနဲ့ ငါ့သားရယ်---နေခဲ့ပါ---အမေ့ကိုလဲ တာကူညီလိုက်''

ဖိုးမောင်က သားကိုပြောပြီးသည်နှင့် တစ်ဆက်တည်း ပင်

''မိသန်းကြည်---ငါသွားမယ်---ဘကြီးကျော်ဖေ ကျုပ် သွားမယ်---''

''အေး---အေး---ငါတို့လဲ မိုးမှောင်ကို နှမျောတာပဲကွာ အရေးဆိုရင်---တစ်ကယ်အားကောင်းတဲ့ဆင်ပဲကွ---သူ့ကို မသေစေချင်ပါဘူး ----ဒါပေမဲ့---မင်းအတွက် စိုးရိမ်လို့ ပြောနေတာပါ---''

''မစိုးရိမ်ပါနဲ့ ဘကြီးရာ---သုံးရက်အတွင်း မိုးမှောင်ကို တွေ့မှာပါ--- အလွန်ဆုံးငါးရက်ဆိုရင် ကျုပ် ရောက်အောင်ပြန်ခဲ့ မယ်---''





''အေး---ငါးရက်မှ ပြန်မရောက်ရင် ငါတို့ ဆင်အုပ်နဲ့ တောနင်းရှာရမှာပဲကွ---''

''ရှာစရာမလိုပါဘူး---ဘကြီးရာ---စိတ်ချပါ---ရောက်ပါတယ်---''

ဖိုးမောင်က မိသားစုရှိရာ ခင်အေးရွာလေးမှ ထွက်ခွါခဲ့ပါသည်။

တောစပ်သို့ ရောက်သောအခါ နောက်ကတစ်ယောက် ပြေးလိုက်လာသည်ကို သိလိုက်သည်။ ဖိုးမောင် လှမ်းကြည့်လိုက်သောအခါ သူလွယ်ထားသည့်အိတ်ကို ဆွဲကိုင်လိုက်သော သားငယ်စောနိုင်ကို တွေ့ရသည်။

''အဖေ---မိုးမှောင်ကြီးကိုစီးပြီးပြန်ခဲ့နော်---''

''အေး---စိတ်ချ---''

''ငါ့သား---ပြန်တော့---''

စောနိုင် ခင်အေးရွာသို့ ပြန်ပြေး၍ ဖိုးမောင် ခရီးဆက်ခဲ့ပါသည်။

✿ ✿ ✿ ✿ ✿

ပြီး



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )

ဖိုးမောင်တောထဲသို့ဝင်ခဲ့ပြီ။

မိုးမှောင် ဒေါသတကြီးတိုက်ခိုက်ချိုးဖဲ့သွားသော လမ်းကြောင်းအတိုင်း လိုက်ပါခဲ့ခြင်းဖြစ်သည်။

မကြာမီ လူနှင့်ဝေးရာ တောနက်ကြီးထဲသို့ ရောက်လာသည်။ ဖိုးမောင် မျက်စိရှင်စွာ နားစွင့်ထားသည်။ တောနက်ကြီး ၏ အန္တရာယ်က များစွာရှိနေသည်။

နေမွန်းတည့်သည်အထိ မိုးမှောင်အရိပ်အယောင်ကို တွေ့မမြင်ရသေး။ ဖိုးမောင်တစ်ကိုယ်လုံး ချွေးများရွှဲနေပြီ။





ခါးမှ ရေဘူးကိုဖြုတ်၍ ရေတကျိုက်သောက်၏။

ဆက်ထွက်လာသောအခါ တောက နက်သည်ထက်နက်လာသည်။ ကျေးသံ ငှက်သံတွေ ဆူညံနေသည်။ မျောက်များကလည်း အော်ကာဟစ်ကာ သစ်ပင်ပေါ်မှာ ပြေးလွှားနေသည်။

ဗျန်း---ဗျန်း---ဗျန်း---ဗျန်း---

ထူးဆန်းသောအသံတစ်သံကို ဖိုးမောင်ကြားနေရသည်။ အင်သစ်ကိုင်း ချိုးသံလား---တောတိုးသံလား---ဖိုးမောင် အသေအချာနားထောင်ကြည့်သည်။

ဗျန်း---ဗျန်း---ဗျန်း---ဗျန်း

အချက်မှန်ထွက်ပေါ်နေခြင်းဖြစ်၏။

''ဘာသံပါလိမ့်---သစ်ခိုးတဲ့ကောင်တွေ လွှဆွဲသံလား''

အသံကြားရာဆီသို့ ဖိုးမောင်တဖြည်းဖြည်း ချဉ်းကပ်သွားသည်။

နီးလာသောအခါ လွှသံမဟုတ်။ လူရိပ်လူယောင်လည်း လုံးဝမတွေ့ရ။

အသံကနီးလာနေပြီ။ သဲသဲကွဲကွဲကြားနေရပြီ။ ရေကိုခက်ထုတ်နေသောအသံမျိုးဖြစ်သည်။

''---''

သစ်ပင်ကြီးများကို ကွယ်၍ အသံကြားနေရာသို့ တဖြည်းဖြည်း တိုးကပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို---"

မြင်ရသည့် မြင်ကွင်းက မယုံနိုင်စရာ။ စပါးကြီးမြွေကြီး တစ်ကောင်သည် သစ်ပင်တစ်ပင်ကို ခေါင်းပိုင်းမှ ရစ်ပတ်ထားပြီး အခြားသစ်ပင်တစ်ပင်ကို အမြီးဖြင့် ရစ်ပတ်ထားသည်။ ဝမ်းဗိုက်ပိုင်း ဖြင့် လွှဲခတ်၍ စိမ့်အိုင်လေးထဲမှ ရေများကို ပက်ထုတ်နေသည်။

ရေခန်းသွားလျှင် အိုင်ထဲမှ ငါးများကို စားမည်ဖြစ် သည်။ ဤအကြောင်းများကို သူများပြော၍ကြားဖူးသော်လည်း ကိုယ်တိုင်မြင်ရလိမ့်မည်ဟု မထင်ခဲ့။

ဖိုးမောင် ရေအိုင်ထဲသို့ လှမ်းကြည့်လိုက်သည်။ ရေနည်း နည်းသာ ကျန်တော့သည်။ တစ်ပေခန့်ရှိသော ငါးရံ့နှစ်ကောင် ကို လှမ်းမြင်ရသည်။ အခြားအရွယ်တော်တော်များများလည်း ဆယ်ကောင် ခန့်ရှိမည်ဟု မှန်းဆရသည်။

စပါးကြီးမြွေကိုသတ်လျှင် သည်းခြေရမည်။ သည်းခြေကို ရောင်းလျှင် ငွေကောင်းကောင်းရမည်။ သူရှာထားသော ငါးများကို ဖုတ်ကင်စားလျှင် ဆာနေသော ဗိုက်လည်းပြည့်သွားလိမ့်မည်။

သို့သော် တောစည်းကမ်းရှိသည်။ သူရှာထားသော အစာ ကို လုစားရန်မသင့်။ ကိုယ်လာသည့်အကြောင်းကလည်း စပါးကြီး သည်းခြေရှာရန်မဟုတ်။ ကိုယ့်ဆင်ကိုယ်ရှာရန်ဖြစ်သည်။ ဖိုးမောင် ခြေသံ မကြားအောင်နောက်သို့ အသာပြန်ဆုတ်၍ ခရီးဆက်ခဲ့ သည်။

အတော်လေးသွားမိသောအခါ ဘယ်ဘက်ဆက်သွားရမည်





ကို အမှန်းရခက်လာသည်။ ပတ်ဝန်းကျင်ကို ကြည့်ရှုလေ့လာရန် သစ်ပင်မြင့်မြင့် တစ်ပင်ရှာသည်။ စိတ်ကြိုက်အရွယ်အစားတွေ့ သောအခါ သစ်ပင်ပေါ်သို့ တက်သည်။

အတော်မြင့်သောနေရာမှ ပတ်ဝန်းကျင်ကို ကြည့်သည်။

မိုးမှောင်ကြီး၏ အရိပ်အယောင်ကိုမျှမမြင်ရ။ စခန်းချ၍ ကောင်းမည့် စမ်းချောင်းလေးတစ်ခုကိုသာ တွေ့ရသည်။ သစ်ပင်ပေါ်မှ ဆင်း၍ ထိုနေရာသို့ သွားသည်။

စမ်းရေသောက်သည်။ ချွေးစေးများနှင့်ပေကျံနေသော ကိုယ်ခန္ဓာကို စမ်းရေအေးအေးလေးချိုးလိုက်သည်။ ရေကုန်ခါနီး ဖြစ်နေသော ရေဘူးကို စမ်းရေ အပြည့်ဖြည့်သည်။

အပန်းပြေသောအခါ မိုးမှောင်ကြီးသွားမည်ထင်ရာဘက် ဆီသို့ ခရီးဆက်သည်။ တောက ပို၍ ပို၍ နက်လာသည်။ အချို့ နေရာတွင် ကြိမ်နွယ်၊ ဆူးခြုံများကို ဓားကောက်ဖြင့်ရှင်း၍ ဖောက် ထွက်ရသည်။ ဆူးခြစ်မိသည့် တို့ကလည်း တစ်ကိုယ်လုံး စပ်ဖျဉ်း ဖျဉ်းဝေဒနာကိုခံစားရသည်။

နေဝင်သည်အထိ မိုးမှောင်ကြီးကို မတွေ့မမြင်ရသေး။ စခန်း ချရန် သင့်တော်မည့်နေရာကိုရှာရပြီ။

မြင်ကွင်းကောင်းသော ကွက်လပ်အလယ်မှ သစ်ပင် အောက်မှ ရပ်နားလိုက်သည်။ မလှမ်းမကမ်းမှာ စမ်းချောင်းလေး တစ်ခုလည်းရှိသည်။

မြင်ကွင်းကောင်းသောကွက်လပ်အလယ်မှ သစ်ပင်အောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ရပ်နားလိုက်သည်။ မလှမ်းမကမ်းမှာ စမ်းချောင်းလေးတစ်ခုလည်းရှိသည်။

ပဲနှင့်ဆန်နှင့်ပါလာ၍ ချက်စားရန် အိတ်ထဲမှ ဟန်ကောကိုထုတ်ယူဖို့လုပ်ရာတွင်

"ဟင်---ဒါကဘာပါလိမ့်---"

သူထည့်ယူခဲ့ခြင်းမဟုတ် အိတ်တစ်အိတ်ကို တွေ့ရသည်။

ထုတ်ယူလိုက်သောအခါ မုန့်ပဲဆုပ်သုံးခုထည့်ထားသည်ကိုတွေ့ရသည်။

တောစပ်အထိ သားငယ်လိုက်လာစဉ်က အိတ်ကို ဆွဲကိုင်ခဲ့ကြောင်း သတိရမိသည်။

သူ့အမေက သူစားဖို့ လုပ်ပေးထားသော သားရေစာလေးကို အပြေးအလွှားလိုက်လာပြီး ထည့်ပေးသွားခြင်းဖြစ်သည်။

ပင်ပန်းနေ၍ ချက်ချင်ပြုတ်ချင်စိတ်မရှိသည်နှင့် အတော်ပင်ဖြစ်သည်။

မုန့်ပဲဆုပ်ကိုပင် ညစာအဖြစ် စားလိုက်သည်။ ချိုသည်။ ဆိမ့်သည်။ အဆာပြေရုံမက အာဟာရလည်းဖြစ်စေသည်။ စားဘူးသမျှ အရသာအရှိဆုံး မုန့်ပဲဆုပ်ဖြစ်သည်။

"လိမ္မာလိုက်တာ---လူလေးရယ်"

သားငယ်ကို ကျေးဇူးတင်မဆုံး ဖြစ်မိသည်။

"အဖေ---မိုးမှောင်ကြီးစီးပြီး ပြန်ခဲ့နော်---" ဟူ၍ မှာလိုက်သော သားငယ်၏စကားကိုလည်း ကြားယောင်မိသည်။





ဘေးမသီ ရန်မခ သားနှင့်မယားဆီသို့ မိုးမှောင်ကြီးစီးပြီး အမြန်ပြန်ရောက်ချင်စိတ်ဖြစ်မိသည်။

မုန့်ပဲဆုပ်သုံးခုစလုံး စားပြီးသောအခါ ရေဘူးထဲမှ ရေကို အဝသောက် လိုက်သည်။ ဗိုက်ပြည့်သွားပြီ။

အနီးဝန်းကျင်မှာ အိပ်ရန် ကောင်းသော ခွဆုံရှိသည့် သစ်ပင်ရှာပြီး တက်အိပ်လိုက်သည်။ စိတ်ချရအောင် ခါးကြိုးဖြင့်ချည်၍ တစ်ဖက်ကြိုးစဖြင့် သစ်ကိုင်းမှာ ချည်ထားလိုက်သည်။ မေ့လျော့ စွာ လှုပ်ရှားမိလျှင်လည်း လိမ့်ကျမည်ကို မပူရတော့ပါ။ အိပ်တန်းတက်ကြသည့် ငှက်များ၏ အသံကို နားထောင်ရင်း မိုးမှောင် အိပ်ပျော်သွားပါသည်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅ )

နောက်တနေ့တွင် မိုးမှောင်ကြီးကို ရှာဖွေရန် တောနက်ကြီးထဲသို့ ခရီးဆက်ရပြန်သည်။ မကြာခဏသစ်ပင်အမြင့်များပေါ်သို့တက်၍လည်း ပတ်ဝန်းကျင်ကိုကြည့်ရသည်။ မတွေ့ရသေး။ ရှိမည်ထင်ရာဖက်ကိုသာမှန်းဆ၍ ခရီးဆက်ရင်း နေ့လည်ခင်းသို့ရောက်လာခဲ့သည်။

"ဟာ---မွှေးလှချည်လား---"

ဖိုးမောင် အံ့ဩဝမ်းသာဖြစ်ရသည်။

ပိန္နဲသီးမှည့်အနံ့ကိုရ၍ ဖြစ်သည်။





အနံ့အတိုင်းလိုက်သောအခါ အသီးများပြွတ်သိပ်နေသော ပိန္နဲပင်ကြီး တစ်ပင်ကိုတွေ့ရသည်။ မှည့်နေသော ပိန္နဲသီးကိုရွေး၍ ခူးယူလိုက်သည်။

ဖိုးမောင်အတွက် မနက်စာလုံလောက်ရုံမက ညစာအတွက်ပင် ဖက်နှင့်ထုတ်၍ အိတ်ထဲသို့ ယူခဲ့သည်။

ခရီးဆက်၍ မကြာမီပင် တောတိုးသံကြီးကို ကြားရသည်။

"ဝေါ---ဝေါ---ဝေါ---"

"ဘာသံပါလိမ့်---"

နီးရာသစ်ပင်ကြီးပေါ်သို့ အမြန်ဆုံးပြေးတက်ပြီး ပတ်ဝန်းကျင်ကိုကြည့်သည်။

"ဟာ---မိုးမှောင်ကြီးပါလား---"

ခပ်လှမ်းလှမ်းမှ တောထဲတစ်နေရာတွင် မိုးမှောင်ကြီးကို လှမ်းမြင်ရသည်။

သို့သော် မိုးမှောင်ကြီး၏ လှုပ်ရှားပုံကိုကြည့်၍ အန္တရာယ်တစ်ခုနှင့် တွေ့ကြုံနေရကြောင်း ဖိုးမောင်မှန်းဆနိုင်သည်။

မိုးမှောင်ကြီးက သစ်ပင်ခြုံနွယ်များကိုတိုး၍ ပြေးရင်း နောက်သို့ လှည့်ကြည့်လိုက်သည်။

"ဟာ---တောကောင်ကြီး---"

မိုးမှောင်၏ နောက်မှလိုက်လာသော ကျားကြီးတစ်ကောင်ကို ဖိုးမောင် လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးမှောင်သည် သစ်ပင်ကြီးတစ်ပင်ကို ဖင်နှင့်ကပ်ပြီး ကျားကြီးဘက်သို့ လှည့်လိုက်သည်။

ဖိုးမောင်သိလိုက်ပါပြီ

မိုးမှောင်ကျားကို ရင်ဆိုင်တော့မည်။

မိုးမှောင်အတွက် စိုးရိမ်သော်လည်း ဖိုးမောင်ဘာလုပ်ရမှန်းမသိသေး။

ကျားကြီးက မိုးမှောင်ကို ခုန်အုပ်ရန် လှည့်ပတ်ချောင်းနေသည်။

မိုးမှောင်ကလည်း အလစ်မပေး စောင့်ကြည့်နေသည်။

"ငါ---ဘယ်လို ကူညီရမလဲ---"

မိုးမှောင်ကြီးကို ဖိုးမောင် ကူညီစေချင်သည်။

ဝေါင်း---

ကျားကြီးက မိုးမှောင်ထံ ခုန်ဝင်သွားသည်။

ကျည်---အိ---"

မိုးမှောင် သံကုန်အော်ပြီး နှာမောင်းဖြင့်ရိုက်ထုတ်လိုက်သည်။ ကျားကြီး လွင့်ထွက်သွားသည်။

ဖိုးမောင်သစ်ပင်ပေါ်မှ အမြန်ဆင်းသည်။ မြေပြင်ရောက်သည်နှင့် မိုးမှောင်ကြီးရှိရာဆီသို့ အမြန်ပြေးသွားသည်။

ကျားကြီးက နောက်တစ်ကြိမ်ခုန်အုပ်ရန် လှည့်ပတ်ချောင်းနေပြန်သည်။

ဝေါင်း---





မိုးမှောင်ကြီး၏ ဘေးဘက်မှနေ၍ ကျောကုန်းပေါ်သို့ ရောက်အောင် ခုန်အုပ်လိုက်ခြင်းဖြစ်သည်။

နောက်ကျသွားသည်။

မိုးမှောင်၏ကျောပေါ်သို့ ကျားကြီးရောက်သွားသည်။ ကျားကြီး ခြေကုပ်မမြဲမီ မိုးမှောင်က ကိုယ်ကို အမြန်လှည့်၍ ကျားကြီးကို ခါချလိုက်၏။

ကျားကြီးအောက်သို့ ပြန်ကျသွားသည်။

မိုးမှောင်ကခြေဖြင့်နင်းမည်ပြုစဉ် ကျားကခုန်၍ရှောင်၏။

မိုးမှောင်က ကျားကို နှာမောင်းဖြင့်ရိုက်ထုတ်လိုက်သည်။

ကျည်---

ဖြောင်း---

ကျားကြီးခပ်ဝေးဝေးသို့ ရောက်အောင် လွင့်စင်လဲကျသွားသည်။

ကျားကြီးက ပြန်ထရန် ကြိုးပမ်းနေစဉ်မှာပင် ဖိုးမောင် အနီး ဆုံး ရောက်အောင်ပြေးသွားပြီး ကျားကြီးကို လက်ထဲမှ လှံဖြင့် ပစ်ထိုးလိုက်သည်။

ဝေါင်း---

ကျားကြီးချက်ကောင်းကို ထိသွားသည်။

ဒေါသဖြစ်နေသော ကျားကြီးသည် ဖိုးမောင်ဘက်သို့ လှည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးမောင်သည် သစ်ပင်တစ်ပင်ကို အကာအကွယ်ယူပြီး ခါးမှ ဓားကောက်ကို ဖြုတ်ယူလိုက်၏။

ကျားကြီးမှာ ရန်သူနှစ်ဦးကို ရင်ဆိုင်နေရပြီဖြစ်သည်။

ကျားကြီးက အမြီးတစ်ချက်ပုတ်၍ ဖိုးမောင်ကို ခုန်အုပ်နိုင်ရန် ပြင်ဆင်လိုက်သည်။ ဖိုးမောင် သတိကြီးစွာထားလိုက်၏။ ထိုအချိန်တွင်

"ကျည်---"

မိုးမှောင်ပြေးလာ၍ ကျားကြီးကိုသူ၏ ကြီးမားသော အစွယ်ကြီးများဖြင့် ထိုးချလိုက်သည်။

ကျားကြီးထံမှ ဟိန်းသံတစ်ချက်ထွက်ပြီး ငြိမ်သွားပါသည်။

"မိုးမှောင်---မိုးမှောင်---သားကြီး"

မိုးမှောင် နားရွက်ကြီးများကို တဖျတ်ဖျတ်ခတ်၍ နားစွင့်နေ၏။

"ငါ---မင်းအသက်ကို ကယ်ဖို့လာတာပါ---မင်းကို ရန်လုပ်ဖို့ မဟုတ်ဘူး---"

မိုးမှောင်က နှာမောင်းကို အပေါ်သို့မြှောက်၍ အနံ့ခံရင်း ဖိုးမောင်ကို ကြည့်နေသည်။

ဖိုးမောင်သည် ငယ်စဉ်ကတည်းက သူနှင့်ကစားဖော်ကစားဖက်ဖြစ်ခဲ့သည်။ သူ့ကို ချစ်ခင်နားလည်သူဖြစ်သည်။ ခုလည်း သူ့ အသက်ကို အန္တရာယ်ပြုသည့် ကျားကြီးကို သူနှင့်အတူ တိုက်ခိုက်ခဲ့သူဖြစ်သည်။





"မိုးမှောင်---သားကြီး"

ဖိုးမောင်က တဖြည်းဖြည်းရှေ့သို့ တိုးသွားသည်။

မိုးမှောင်က မျက်တောင်မှုမခတ်။ ဖိုးမောင်ကြီးကို စောင့်ကြည့်နေဆဲဖြစ်၏။

ဖိုးမောင်က သူ့အိတ်ထဲမှ မန်ကျည်းသီးမှည့်နှင့် ထန်းလျက်ကိုထုတ်ယူလိုက်သည်။

"မိုးမှောင်---သားကြီး---ဒီမှာ---မင်းကို ကျွေးဖို့ ငါယူလာတာ---"

ဖိုးမောင်က ထန်းလျက်နှင့် မန်ကျည်းသီးမှည့်ကို မိုးမှောင်မြင်အောင် မြှောက်ပြသည်။

မိုးမှောင်က သူ့နေရာမှာပင်ရပ်နေဆဲ။

ဖိုးမောင်လည်း ရှေ့ဆက်တိုးလျှင် မိုးမှောင်ကြီးနှင့် နှာမောင်းတစ်ကမ်းအကွာသို့ ရောက်တော့မည်မို့ ရပ်လိုက်ရသည်။

"မိုးမှောင်---မင်းအသက်ကိုငါကယ်တယ်---ငါ့အသက်ကိုလဲမင်းကယ်လိုက်တယ်---မင်းကို ငယ်ငယ်ကတည်းက---ငါသိပ်ချစ်ခဲ့တာပါကွာ---မင်းကိုယ်သတ်ဖို့ အမိန့်ထုတ်ထားတာ တလွှတ်အောင် ငါလာကယ်တာပါ---ငါ့ကိုသာရန်မလုပ်ရင်---မင်းလဲအသက်ချမ်းသာမယ်---ငါလဲဝမ်းသာရမယ်---လာ--လာ မိုးမှောင်---သားကြီး---လာ---ရော့---စားပါကွာ---"

ဖိုးမောင်က ထန်းလျက်နှင့်မန်ကျည်းသီးမှည့်ကို လက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ခြောက်ပြရင်း ရှေ့သို့တိုးသွားသည်။

"ကျည်---"

မိုးမှောင်ကြီးက ကျေနပ်စွာအသံပြုပြီး ရှေ့သို့တိုးလာသည်။ ဖိုးမောင်လက်မှ မန်ကျည်းသီးမှည့်နှင့် ထန်းလျက်ကို ယူစားသည်။

ဖိုးမောင်က မိုးမှောင်၏နှာမောင်းကို သူ့ပါးဖြင့် ကပ်ထားလိုက်သည်။ မိုးမှောင်၏ပါးကိုလည်း သူ့လက်ဖြင့် ကြင်နာစွာ ပွတ်ပေးလိုက်သည်။

"မိုးမှောင် ငါနဲ့အတူဆင်စခန်းကိုပြန်လိုက်ခဲ့ပါ။ မင်း အသက်အန္တရာယ် မရှိစေရဘူး ငါ တာဝန်ခံပါတယ်---"

မိုးမှောင်က ဖိုးမောင်ကျွေးသည်ကို စားရင်း ဖိုးမောင်ပြော သည်ကို နားထောင်နေသည်။

"မိုးမှောင် သားကြီး---မဲ့---မဲ့---"

မိုးမှောင်က ဝပ်ပေးသည်။

ဖိုးမောင်သိလိုက်ပါပြီ။ သူ့ကို မိုးမှောင်ကစီးခွင့်ပေးလိုက် ပြီဖြစ်သည်။

မိုးမှောင်၏ ခေါင်းပေါ်သို့ ဖိုးမောင်ရောက်သွားပါပြီ။

ဖိုးမောင် ရေချိုးခဲ့သော စမ်းချောင်းလေးနေရာအထိ ရောက်သွားပြီး စမ်းချောင်းလေးဘေးမှာပင် ဖိုးမောင်နှင့် မိုးမှောင် တို့ ညအိပ်ရပ်နားကြသည်။

× × × × ×





"ဖိုးမောင် ပြန်လာပြီဟေ့---မိုးမှောင်ကြီးစီးလာတယ် ဟေ့---"

ဆင်စခန်းမှ လူများ အားလုံးပြေးထွက်လာကြသည်။ မိုးမှောင်ကြီး အနားကိုဘယ်သူမှမကပ်ဝံ့။ မကြာခင်ကမှ ဆင်ဦးစီး ဦးဆိုင်ကို သတ်ခဲ့သော ဆင်ကြီးကို ကြောက်နေကြသည်။

မိုးမှောင်ကြီးကတော့ သူဘာမှမလုပ်ခဲ့သလိုပင် အေးအေး ဆေးဆေး ယဉ်ယဉ်ကျေးကျေးရှိလှသည်။

ဖိုးမောင်ကဆင်းပြီး မိုးမှောင်ကို ထူးခတ်လိုက်သည်။ ဆင်ချည်တိုင်မှာ ချည်သည်။ မိုးမှောင်က ငြိမ်သက်စွာခံသည်။ ဖိုးမောင်နှင့်မိုးမှောင်ကို လူအားလုံး တအံ့တသြကြည့်နေကြ သည်။

"ရော့---ရော့---ဖိုးမောင်---ငါ့မှာကြံနှစ်ချောင်း ပါလာတာရှိတယ်--- မိုးမှောင်ကြီးကိုကျွေးလိုက်ပါ---"

ဆင်ခေါင်းကြီးဦးကျော်ဇံက ကြံနှစ်ချောင်းကို ဖိုးမောင် ကို လှမ်းပေးသည်။

"ဘကြီးကျော်ဇံ ကျွေးလိုက်ပါ---မိုးမှောင်က ဘာမှ မလုပ် ပါဘူး---"

"ကျည်---"

မိုးမှောင်က နှာမောင်းမြှောက်၍ ကြိုဆိုလျက်ရှိသည်။

ဆင်ခေါင်းကြီးဦးကျော်ဇံလန့်ပြီး နောက်ဆုတ်လိုက်၍ လူများရယ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမလုပ်ပါဘူး---ဘကြီးကျော်ဖံ---ရှေ့တိုးရေ
လိုက်ပါ---"

ဦးကျော်ဖံ ကြောက်ရွံ့စွာဖြင့် ရှေ့တိုးကျွေးသည်။ မိုးမှော
က ကြဲချောင်း များကို ယူ၍စားသည်။

"ဘကြီးကျော်ဖံ မိုးမှောင်ကို အစာလဲကျွေးပေးပါ
ကျွန်တော် ဒီနေ့ည ရွာပြန်နားလိုက်ဦးမယ်နော်---"

"ငါနဲ့ ဖြစ်ပါ့မလား ---ဖိုးမောင်ရာ---"

ဦးကျော်ဖံ စိုးရိမ်နေသည်။

"ဖြစ်ပါတယ်---မိုးမှောင်က ဘကြီးကျော်ဖံကို ခင်
တယ်---"

"မိုးမှောင်---ဆင်ခေါင်းကြီးကို နှုတ်ဆက်လိုက်ပါ---"

"ကျည်---"

မိုးမှောင် နှာမောင်းကြီး ရှေ့ထုတ်လိုက်သည်။

ဆင်ခေါင်းကြီး ဦးကျော်ဖံက ဖိုးမောင်၏ နှာမောင်းဖြ
ကို လက်ဖြင့် ကိုင်၍ ပွတ်သပ်ပေးသည်။

ဆင်ဦးစီးများက လက်ခုပ်တီးကြသည်။

"ဘကြီးကျော်ဖံ---တခြားလူတွေတော့ ဘယ်သူမှ မိုးမှော
နားမကပ်စေနဲ့နော်---"

"အေး---အေး---ငါနားလည်ပါတယ်---မင်း
သိပ်ပင်ပန်းလာတာ ---ဒီနေ့ညတော့ ပြန်နားလိုက်ပါ---မနက်
ဖြန်ခါတော့ ပြန်လာခဲ့နော်---"





"ဟုတ်ကဲ့ပါ---"

ဖိုးမောင် ခေါင်းညိတ်ပြသည်။

"လောလောဆယ်တော့ ---ဘကြီးကျော်ဖံကလွဲရင်
မှောင်ကြီးနားကို ဘယ်သူမှ မကပ်ကြပါနဲ့---အန္တရာယ်
ဖြစ်မှာစိုးလို့ပါ---"

ဖိုးမောင် အားလုံးကြားအောင် လှမ်းအော်ပြောလိုက်
သည်။

"စိတ်ချပါ---"

"ယောင်လို့တောင် မကပ်ပါဘူး---"

"ကြောက်လွန်းလို့---"

ဆင်းဦးစီးများမှ ထွက်ပေါ်လာသော အသံများဖြစ်
သည်။ ဖိုးမောင် စိတ်ချသွားပါပြီ။ စိုးရိမ်ပူပန်စွာ စောင့်မျှော်နေကြ
သည့် မိသားစုရှိရာ သစ်လုပ်ငန်းစခန်းမှ ခင်အေးရွာလေးသို့ ဖိုး
မောင် ခပ်သုတ်သုတ်ပြန်လာခဲ့ပါသည်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆ )

"ဖိုးမောင်ပြန်လာပြီဟေ့---"

သစ်ထုတ်လုပ်ရေးစခန်းရှိ ခင်အေးရွာမှ လူများ ပြေးထွ လာကြသည်။

မသေမပျောက် ပြန်လာသော ဖိုးမောင်ကို ကြည့် အံ့သြနေကြသည်။

"အမေရေ---အဖေပြန်လာပြီ"

စောခိုင်က အမေ့ကို ဝမ်းသာအားရအော်ပြောရင်း အိ ထဲမှ ပြေးထွက်ခဲ့သည်။





"အဖေ---မိုးမျှော်ကြီးကို ဖမ်းခဲ့ပြီလား---"

လူအုပ်ကြားထဲမှ တိုးထွက်၍ သူ့အဖေဆီပြေးသွားရင်း စောခိုင်လှမ်း မေးလိုက်သည်။

"အေးပေါ့ကွ---ဖမ်းခဲ့တာပေါ့---"

"အဖေ---မိုးမျှော်ကြီးကို စီးပြီးဆင်စခန်းပြန်လာခဲ့တာပေါ့---"

"အေးပေါ့ကွ---"

" မိုးမျှော်ကြီးရော---"

"ဆင်စခန်းမှာ ထားခဲ့တာပေါ့ကွ---"

"အမယ်လေး---ကိုဖိုးမောင်ရယ်---ဒီသေဒဏ် ပေးထားတဲ့ဆင်ကြီးကို တော်မစီးရဘူး---"

စောခိုင်အမေ သန်းကြည် ငိုကြီးချက်မနှင့် ပြေးလာသည်။

"ဟာ--ဒီမိန်းမ ဘယ်လိုဖြစ်တာလဲ---"

"ဘယ်လိုဖြစ်ရမှာလဲ---ကျုပ်မှာအိပ်လို့လဲမရဘူး-- စားလို့လဲမရဘူး ---တော်မစီးရဘူး---ကျုပ်သဘောမတူဘူး--"

သန်းကြည်က ပြောရင်း ငိုနေသည်။

"ဟုတ်တယ်---ဖိုးမောင်---သန်းကြည်ပြောတာဟုတ်တယ်ဟဲ့---ဒီလောက်လူတွေ အများကြီးသတ်ထားတဲ့ဆင်ကို နင်ဘာလို့စီးချင်ရတာလဲ---"

အိမ်ပြန်လာသည့် ဖိုးမောင်ဘေးမှာ ဝိုင်းအုံလိုက်ပါလာ



www.burmeseclassic.com

www.burmeseclassic.com



ကြသည့် လူများထဲမှ အိမ်နီးနားချင် ဒေါ်အေးသင်ပါ သန်းကြည့်ဘက်မှ ကူပြောနေသည်။

"ကျုပ်တို့ မိသားစုကို ချစ်ရင်---တော်ဒီဆင်ကြီးကို မစီးရဘူး"

"ဒီဆင်ကြီးကို စီးရင် တော်ကျုပ်တို့ မိသားစုကို မချစ်လို့ပဲ---"

သန်းကြည်ပြောနေသည်က အော်ကြီးဟစ်ကျယ်

"ကဲဟာ---အေးအေးနေစမ်းပါသန်းကြည်ရာ ဘာမှစိတ်ပူစရာ မရှိပါဘူး---"

"အို တော်မပူပေမဲ့---ကျုပ်ပူတယ်တော့---ပူတယ်"

သန်းကြည်၏ စကားကြောင့် လူများဝါးခနဲရယ်ကြသည်။

သုံးလရှိပြီဖြစ်သော သန်းကြည်၏ဗိုက်မှာ သိသိသာသာ ပေါ်နေသည်ကိုကြည့်ပြီး ရယ်ကြခြင်းဖြစ်သည်။

"ဟာ---ဒီမိန်းမ---"

ဖိုးမောင်ရှက်သွားသည်။ သန်းကြည်လဲ သူ့စကားကို သူ ဘာသာ သဘောပေါက်ပြီး ငိုရာမှ ရယ်ရတော့မလိုဖြစ်နေသည်။

"ကဲ---ငါထမင်းဆာလာပြီဟာ---ဘာဟင်းရှိလဲ---ခူးပေးစမ်း---"

အိမ်ပြန်ရောက်သည်နှင့် ဖိုးမောင် ထမင်းခူးခိုင်းသည်။

လူတချို့က အိမ်ထိလိုက်လာပြီး ဝိုင်းအုံနေကြဆဲ။ သူတို့





မှာသား ဖိုးမောင်ကိုပင် မမြင်ဖူးသူလို အထူးအဆန်းလုပ်ပြီး ကြည့်နေကြသည်။

"ရှိတယ်---ရှိတယ်---စွန်တာနီပဲပြုတ်ရယ်---မန်ကျည်းသီး ထောင်းရယ်---"

"ဟာ---ကောင်းလိုက်တာ---နင်ပြောလိုက်တာနဲ့ ပိုတောင်ဆာလာပြီ မြန်မြန်ခူးဟာ---"

သန်းကြည်မက မီးဖိုထဲဝင် ထမင်းခူးသည်။

"ဟဲ့---သန်းကြည်---ငါ့အိမ်မှာ ခရမ်းသီးခြောက်ချက်ထားတာ တစ်ခွက်ရှိတယ်---လာယူလှည့်---"

"အင်း---အင်း---ဟဲ့---အငယ်မ---ခင်မြ---အရီးသင်နဲ့ လိုက်သွားစမ်း---"

ထမင်းပွဲပြင်ပြီးသည်နှင့် တောထဲမှငတ်ခဲ့သမျှ ဖိုးမောင် အတိုးချပြီး စားသည်။

"အဖေ---မိုးမှောင်ကြီးက---အဖေ့ကိုလိုက်မထိုးဘူးလား---"

စောခိုင်က သူ့အဖေနှင့် မိုးမှောင်ကြီးတွေ့ကြပုံကို သိချင်နေသည်။

"မထိုးပါဘူးကွ---"

ဖိုးမောင်ကလည်း ထမင်းပလုတ်ပလောင်းစားရင်း သားကို လှည့်ဖြေလိုက်သည်။

"အဖေ---မိုးမှောင်ကြီးကို ဘယ်လို ဖမ်းခဲ့တာလဲ



www.burmeseclassic.com

www.burmeseclassic.com



ဟင်---''

မိုးမောင်က ထမင်းစားရင်း တောတွင်းမှာ မိုးမောင်ကြီးကို တွေ့အောင် ရှာရပုံ၊ မိုးမောင်ကြီးနှင့် ကျားကြီးတိုက်ခိုက်သည်ကို ကူညီတိုက်ခိုက်ပေးရပုံ၊ မိုးမောင်ကြီးကို ချော့ပြော၍ ပြန်စီးလာနိုင်ပုံများကို ပြောပြသည်။

စောနိုင်သာမက အိမ်အထိ လိုက်လာကြသူများ စိတ်ဝင်စားစွာ နားထောင်ကြသည်။

မိုးမောင် ထမင်းစားပြီးချိန်မှာ မိုးမောင်ကြီးကို ဆင်စခန်းအထိ ဖမ်းဆီးခေါ်ဆောင်လာခဲ့ပုံအထိပြော၍ ပြီးသွားသည်။ လူများလည်း တဖြည်းဖြည်းပြန်သွား၍ မိသားစုသာ ကျန်ခဲ့သည်။

''မိုးမောင်က တော်ကိုလဲ အရင်ဦးစီးတွေလို သတ်ပစ်မှာကိုပဲ စိုးရိမ်တာပါတော်---''

သန်းကြည်က စိတ်ပူနေဆဲ။

''နင်ကလဲဟာ---စိတ်ပူစရာမရှိတာ---ရှာကြံစိတ်ပူမနေစမ်းပါနဲ့--- ငဆိုင်ကအရက်မူးပြီး သူ့ကိုအကြမ်းကိုင်လို့ ခုလိုဖြစ်ရတာဟ---ဒီကောင်ကြီးက --- နင့်လိုပဲ---ချော့မှကြိုက်တာ---ဟား---ဟား---ဟား---ဟား---''

မိုးမောင်က သူ့စကားသူ သဘောကျပြီး ရယ်နေသည်။

''ဟင်း---ကလေးတွေရှေ့မှာ---''

သနပ်ခါးရေကျဲလိမ်းထားသော သန်းကြည်က မိုးမောင်ကို မျက်စောင်းတစ်ချက်ထိုးလိုက်သည်။





''ဟုတ်တယ်---ဟုတ်တယ်---အမေက မိုးမောင်ကြီးလိုပဲ---''

စောနိုင်လက်ခုပ်တီး၍ အငယ်မခင်မြပါ ရောယောင်ပြီးလက်ခုပ်တီးနေသည်။

''ဟဲ့---ကောင်လေး---''

သန်းကြည် ရှက်သွားသည်ကို သဘောကျ၍ မိုးမောင် တဟားဟား ရယ်နေသည်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၇ )

မိုးမှောင်ကို ဖိုးမောင်စီးနေပြီ။

ဆင်စခန်းမှာသာမက သစ်ထုတ်လုပ်ရေးစခန်းအထိ သတင်းပျံ့သွားသည်။

"ဒီကောင်ကြီးတော့ ဒုက္ခရောက်မှာ မြင်သေးတယ်--"

"သန်းကြည်တော့ ဘယ်နေ့ မုဆိုးမဖြစ်မလဲ မသိဘူး---"

"ငါတော့ ဆင်ဆိုးစီးခ တစ်ဆယ်မကလို့ နှစ်ဆယ်ပေးတောင် ဒီဆင်ကို မစီးဘူး---"





"အချိန်တိုင်းသေမင်းနဲ့ အတူနေရတာမျိုးပေါ့ကွာ---"

"ကိုယ့်သေတွင်း ကိုယ်တူးတယ်ဆိုတာ ဒီကောင်မျိုးပေါ့ကွာ---"

"သူတင်သေရင်---ကိစ္စမရှိဘူး---ဘေးကကောင်ပါ--အဆစ်ပါသွားမယ် ---သတိထားကြဦး---"

ဆင်သမားများက အမျိုးမျိုးပြောနေကြသည်။

သို့သော် ဖိုးမောင်နှင့်မိုးမှောင်တို့ကတော့ တစ်ဦးကို တစ်ဦး ယုံကြည်စွာ သစ်ထုတ်လုပ်ရေးမှာပါဝင်ဆောင်ရွက်နေကြပြီ။

"မိုးမှောင်---သားကြီး---ဆွဲ---ဆွဲ---ရတော့မယ်ဆွဲ---"

ချောင်းစပ်သဲထဲမှာ မြုပ်နေသော သစ်လုံးကြီးကို ဘယ်ဆင်မျှ ဆွဲမထုတ်နိုင်။

မိုးမှောင်ကြီးက အားကုန်ရုန်း၍ ဆွဲထုတ်နေရှာသည်။

ဖိုးမောင်က ချော့၍ နှိုင်းနေရ၏။

"ရပြီ---သားကြီးရေ---ပါလာပြီဟေ့---ဆွဲ---ဆွဲ"

ကျည်---ကျည်---

သစ်လုံးကြီး သဲထဲမှ ကြွထွက်လာပြီး မိုးမှောင်ကြီး ဆွဲရာနောက်သို့ ပါလာ၏။

ဖိုးမောင်က ပင်ပန်းသွားသော မိုးမှောင်ကြီး၏ နားမောင်းကို ကြင်နာစွာ ပွေ့ဖက်၍ ပါးချင်းကပ်ထားလိုက်သည်။ ပြီးတော့ မိုးမှောင်အကြိုက် ထန်းလျက်ခဲ တစ်လုံးကို ပါးစပ်ထဲသို့ ခွံ့ကျွေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

တောင်ပေါ်သစ်ထုတ်လုပ်ရေးစခန်းတွင် တောင်ကြားထဲမှာ ခုတ်လှဲထားသော သစ်လုံးများကို ကာယလုပ်သားဆင်ကြီးများက တစ်လုံးပြီးတစ်လုံး ကမ်းပေါ်ရောက်အောင် ဆွဲတင်နေကြ၏။

× × × × ×

အင်္ဂလိပ်အရေးပိုင်ကြီးကိုယ်တိုင် အပေါ်စီးမြင်ရသည့် တောင်ကုန်း လေးတစ်ခုပေါ်ရှိတဲမှ ကြည့်နေသည်။

တခြားဆင်များမနိုင်သည့်သစ်လုံးကြီးများကို မိုးမှောင်ကြီး ဆွဲတင်ရသည်။ တောင်ကြားထဲမှတဆင့် လမ်းပေါ်ရောက်အောင် ဆွဲတင်ရခြင်းဖြစ်သည်။

"ဆွဲထားသားကြီးရေ---ကြိုးစားလိုက်"

မိုမှောင်ကြီးခမျာ တောင်ကမ်းပါးယံ ဆင်ခြေလျှောကို ကုတ်ကပ် တက်နေရရှာသည်။

"ဖြည်းဖြည်းတက်---သားကြီး---တက်ထား---"

ဖိုးမောင်က တစ်ချိန်လုံး သတိပေးနေသည်။

တစ်လုံးပြီးလျှင် နောက်တစ်လုံးဆွဲရပြန်၏။ မိုးမှောင်ကြီးကဖိုးမောင် နိုင်းသမျှ ကျိုးနွံစွာလုပ်ပါသည်။

"အင်း---မောင်မင်းဆင်က ဆိုးသလောက်အတော်အားကောင်းတဲ့ အကောင်ကြီးပဲ---"

အရေးပိုင်ကြီးက မိုးမှောင်ကိုချီးကျူး၍ ဖိုးမောင်သဘော





ကျသွားသည်။

"သူ---မဆိုးပါဘူး---သခင်ကြီး---" ဟုလည်း ပြန်ပြောလိုက်သည်။

"အင်းမောင်မင်းဆင်က---မောင်မင်းအမိန့်ကိုတော့ အတော် နားထောင်တဲ့ကောင်ပဲ---"

"သူ့ကို ချော့ပြီးခိုင်းရင်ရပါတယ်---သခင်ကြီး---"

"အင်း---မောင်မင်းကြိုက်သလိုခိုင်းပါ---သူ့အလုပ်လုပ်ရင်ပြီးတာပဲ---ဒါပေမဲ့---နောက်ထပ်လူတော့ မသတ်စေနဲ့နော်---နောက်ထပ်လူသတ်ရင် --- တော့---မောင်မင်းဆင်ကို ပစ်သတ်ရလိမ့်မယ်---"

"သူ---မသတ်ပါဘူး---သခင်ကြီး---"

ဖိုးမောင်က အာမခံတာခံနေသည်။

"မသတ်ရင် ကောင်းတယ်---ဒီဆင်မျိုးကို---မသေစေချင်ဘူး---လုပ်ပါ---လုပ်ပါ---ကျန်တဲ့သစ်လုံးတွေ မောင်မင်းဆင်ကို ဆွဲတင်ခိုင်းပါ---"

ဖိုးမောင်နှင့်မိုးမှောင်တို့ တောင်ကြားထဲမှ သစ်လုံးကြီးများကို ဆွဲတင်နေကြပါသည်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၈ )

"ရော—မိုးမှောင်—မန်ကျည်းသီးမှည့်—"

စောခိုင်က မိုးမှောင်ကြီးကို ချစ်၍ ဆင်စခန်းကို မကြာ ခဏလိုက်လာပြီး မိုးမှောင်ကြီးကို မန်ကျည်းသီးမှည့် ကျွေးသည်။ ထန်းလျက်ကျွေးသည်။

"ကျည်—"

မိုးမှောင်ကြီးက သူကြိုက်သော အစာများစား၍ သဘောကျနေသည်။

"ငါ့ကို—ခေါင်းပေါ်တင်ပေး—"





မိုးမှောင်ကြီးက စောခိုင်ကို နှာမောင်းဖြင့် ပွေ့၍ သူ့ခေါင်း ါသို့ တင်ပေးလိုက်သည်။

နောက်တော့ မိုးမှောင်ကြီး သံယောဇဉ်ကြောင့် စောခိုင် င်စခန်းမှာ အနေများလာသည်။ သူ့အဖေနှင့်အတူလိုက် သည်။

မိုးမှောင် သစ်ဆွဲရာမှ ဆင်စခန်းသို့ ပြန်ရောက်လျှင် စော င်ကို ရှာတတ်သည်။ စောခိုင်ကို မြင်သည်နှင့် နှာမောင်းကြီးကို ြှာက်ပြီး တကျည်ကျည် အော်မြည်၍ ပြေးလာတတ်သည်။

စောခိုင်က ပြေးလာပြီး ထန်းလျက်ခဲကျွေးသည်။ ပြီးလျှင် မှောင်ကြီး၏ အစွယ်နှစ်ချောင်းကို ခိုစီး၍ ခေါင်းပေါ်သို့ ရောက် ောင်တက်သည်။

မိုးမှောင်သည် သူ့သခင် ဖိုးမောင်ကိုချစ်သလို သခင်၏ းစောခိုင်ကိုလည်းချစ်သည်။

ဆင်တို့၏သဘာဝအတိုင်း မိုးမှောင်သည် ကလေးဖြစ် သာ စောခိုင်ကို ချစ်ရုံမက ကြင်နာသည်။ ယုယသည်။ အနွံ ာခံသည်။

စောခိုင်ကလည်း မိုးမှောင်ကြီးကိုချစ်သည်။ မိုးမှောင်၏ ပြင် ကြမ်းကြမ်းကြီးကို နမ်းလိုက်ရသည်မှာအမော။

စောခိုင်နှင့်မိုးမှောင်ကစားနေသည်ကို မြင်ရသူတိုင်း သောကျသည်။

စောခိုင်သည်မိုးမှောင်၏ အမြီးကိုဆွဲ၍ ကျောပေါ်တက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရှေ့နှာ မောင်းမှ လျှောချသည်။ ရှေ့နှာမောင်းမှ ပြန်တက်
အမြီး မှ လျှောဆင်းသည်။

မိုးမှောင်၏ ကျောပေါ်မှာ မတ်တတ်လျှောက်သည်။ အ
စွယ်နှစ်ချောင်းပေါ်တွင် ကန့်လန့်အိပ်သည်။ ဗိုက်အောက်
ဝင်သည်။ ရှေ့ခြေနှစ်ချောင်းကြားမှဝင်၍ နောက်ခြေနှစ်ချောင်း
ကြားမှထွက်သည်။

တစ်ခါတစ်ရံ မိုးမှောင်ကြီးသစ်ဆွဲရာမှ ပြန်လာလျှင် စော
ခိုင်ပုန်းနေသည်။ မိုးမှောင်ကြီးခမျာ အနံ့ခံပြီး လိုက်ရှာရသည်။
တွေ့လျှင် ဆင်ရော စောခိုင်ပါ ဝမ်းသာပျော်ရွှင်ကြသည်။

''စောခိုင်---ငါ့ကိုလဲ မိုးမှောင်ကြီးနဲ့ခင်အောင် ပြော
ပေးပါ---''

ဆင်စခန်းသို့ အလည်ရောက်လာသော ဖြူမက စောခိုင်
နှင့် မိုးမှောင် ကစားကြသည်ကို သဘောကျနေသည်။

''လာ---ဖြူမ---''

စောခိုင်က ဖြူမလက်ကိုဆွဲပြီး မိုးမှောင်အနားသို့ ခေါ်
သွားသည်။

''မိုးမှောင်---ဒါ---ငါ့သူငယ်ချင်း---သူ့နာမည်က ဖြူမ
တဲ့ သူကလဲ---မိုးမှောင်ကို ချစ်လို့---''

မိုးမှောင်က ဖြူမကိုကြည့်သည်။ ဖြူမ၏ကိုယ်ကို နှာ
မောင်းဖြင့် ပွတ်သပ်ပြီး အနံ့ခံသည်။

ဖြူမက မိုးမှောင်၏နှာမောင်းကို လက်ကလေးဖြင့် ပွတ်





းသည်။

ဆင်ရေချသောနေ့ဆိုလျှင် ဖိုးမောင်နှင့်စောခိုင်ကဖြူမ
ကိုပါ ခေါ်လာကြသည်။ မိုးမှောင်ကြီးကို ချေးတွန်းပေးကြသည်။
ချပွတ်ပေးကြသည်။

ကလေးချစ်သော မိုးမှောင်ကြီးက စောခိုင်နှင့်ဖြူမကို
တစ်လှည့်စီ နှာမောင်းဖြင့် ရစ်ပတ်ပွေ့ဖက်ပြီး ရေနက်ရာသို့ လွှင့်
စ်သည်။ စောခိုင်နှင့် ဖြူမတို့ အလွန်ပျော်ကြသည်။ မိုးမှောင်
ကြီးလည်း အလွန်ပျော်သည်။ တော်တော်နှင့် ရေချိုး၍မပြီး။
ဆော့ကစား၍ မပြီးနိုင်ကြ။

ရေချိုးပြီးလျှင် စွယ်စုံဆင်ကြီးမိုးမှောင်မှာ အလွန်လှ
သည်။ သူ့အရပ်ကြီးကလည်း အခြားဆင်များထက် ပိုမြင့်သလို
သူ့အမွေး အရောင်ကလည်း အခြားဆင်များထက်ပို၍ နက်သည်။
ထို့ကြောင့် သူ့ကို မိုးမှောင်ဟု ခေါ်ကြခြင်းဖြစ်သည်။

တစ်ခါတစ်ရံ သန်းကြည်နှင့် သမီးခင်မြ ပါလိုက်လာပြီး
ိုးမှောင်ကြီးကို ရေချိုးပေးကြသည်။ ထန်းလျက်ကျွေးကြ
သည်။ မန်ကျည်းသီးမှည့်ကျွေးကြသည်။ ခုတော့ သန်းကြည်ပါ
းမှောင်ကြီး ကို ချစ်နေပြီ။ ကြောက်သည့်စိတ် မရှိတော့ပါ။

ဖိုးမောင်မိသားစုက မိုးမှောင်ကို ချစ်သလို မိုးမှောင်က
လည်း ဖိုးမောင် မိသားစုတစ်စုလုံးကို ချစ်နေသည်။

''ဟဲ့---မိုးမှောင်---နင့်သခင်ဖိုးမောင်က နင့်ကို သိပ်
စ်တာ---သိရဲ့လား---''



www.burmeseclassic.com

www.burmeseclassic.com



သန်းကြည်ပြောသည်ကို မိုးမောင်က နားရွက်ကြီး တဖျတ်ဖျတ်ခတ်နေသည်။

''နင့်သခင်က နင့်ကို အနာတရဖြစ်အောင် မလုပ်သလို နင့်သခင်ကိုလဲ အနာတရဖြစ်အောင် မလုပ်နဲ့နော်---''

မိုးမောင်က ခေါင်းညိတ်ပြ၍ သန်းကြည်ဝမ်းသာအား ရ မိုးမောင်၏ နှာမောင်းကိုဖက်ပြီး ပါးပြင်ခပ်ကြမ်းကြမ်းကြီးကို နမ်းလိုက်သည်။

✿ ✿ ✿ ✿ ✿





## အခန်း ( ၉ )

''ဟော့---ဖိုးမောင် ဘယ်လဲကွ---''

''ဆင်သွားကောက်မလို့ပါ ဦးလေးထွန်း---''

''စောပါသေးတယ်ကွ---လာပါဦး---ဆတ်သား ခြောက်ဖုတ်လေးနဲ့ ရေနွေးကြမ်းသောက်ပါဦး---''

ဖိုးမောင်လှမ်းကြည့်လိုက်သည်။ ရေနွေးကြမ်းဝိုင်းဖြစ်သည်မှာ သေချာသည်။ မျက်နှာစိမ်းသုံးယောက်ကိုလည်း တွေ့ရသည်။

မသွားလျှင် ဟန်ကြီးပန်ကြီးနိုင်သည် ထင်မှာစိုး၍ သွား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဒီမှာ---သစ်ယာကောက်က---ဆင်ဦးစီးရော... ရောက်နေလို့ မင်းကို ကြည့်ချင်တယ်ဆိုလို့ပါကွ---"

ဖိုးမောင်က လက်ဖက်ရည်ကြမ်းဝိုင်းမှာ ဝင်ထိုင်လိုက်... သည်။

"ဒါပါပဲဗျာ---ကျုပ်တို့ဆင်ဝိုင်းမှာ ဆင်ဆိုးစီး... ဖိုးမောင်ဆိုတာ---"

ဦးလေးထွန်းက လူစိမ်းများဘက်သို့လှည့်၍ ပြောလိုက်... သည်။

"အင်း---ကျုပ်တို့က ဆင်ဆိုးမိုးမောင်ကြီးကို စီး... ဖိုးမောင် ဆိုတာ တော်တော်ကြမ်းမယ့် လူကြမ်းကြီးမှတ်... တာ---လူပုံက ခပ်ညက်ညက်ပါပဲ---ကြမ်းကြမ်းတမ်းတမ်း... မရှိပါဘူး---"

ညှိသည်တစ်ဦး၏မှတ်ချက်ဖြစ်သည်။

"နည်းကောင်းရှိရင် ပြောစမ်းပါ---ဆင်ဆိုး ဆင်ကြမ်း... ကိုဘယ်လို ကိုင်ရတာလဲ---"

နောက်တစ်ယောက်ထံမှ မေးခွန်းဖြစ်သည်။

ဖိုးမောင်ပြုံးမိသည်။

"နည်းကောင်းရယ်လို့ ဘာမှ မရှိပါဘူး---မေတ္တာတရား... ပါပဲ---ကျွန်တော်က မိုးမောင်ကြီးကို ငယ်ငယ်ကတည်းက ချစ်... တယ်။ မသေစေချင်ဘူး။ ဒါကြောင့်မို့ သူ့ကို သေဘေးကကယ်... ...ခဲ့တယ်။ သူကလဲ နားလည်တယ်။ အဲဒီတော့ ကျွန်တော့်ကို ...ချစ်တယ်။ ဘာမှမလုပ်ဘူး။ သူ့ကို ကျွန်တော် ယုံတယ်"

"အင်း---အဲဒါနည်းကောင်းပဲဗျ---ဒီလိုဆင်ဆိုးကြီး... ...တွေနဲ့---ဆက်ဆံရာမှာ---ကြမ်းလို့မရဘူးတဲ့---မေတ္တာစိတ်ရှိ... ...မယ်။ ယုံကြည်စိတ်ရှိရမယ် ကျုပ်တို့ ဆင်ခေါင်းကြီးလဲ ပြော... ...တယ်---"

အသက်ကြီးသော ဆင်ဦးစီးက ဖိုးမောင်ပြောသည် ... သဘောကျစွာ ထောက်ခံသည်။

"ဒါပေမဲ့ဗျာ---ကျုပ်တို့တော့ သူ့ဆင်ကြီးနားကို မေတ္တာ... ...ဲ မကပ်ရဲပါဘူး---ဘာနဲ့မှ မကပ်ရဲပါဘူး---"

ဦးလေးထွန်း၏တူ မောင်ဝင်းက ရေနွေးကြမ်းငှဲ့ပေး... ...---မိုးမောင်ကြီးကို ကြောက်နေသည်။

"အဲဒါ---မယုံလို့ကွ"

ညှိသည်၏မှတ်ချက်

"ယုံရအောင်လဲ ဖိုးမောင်ကလွဲရင် ခုထိ ဘယ်သူမှ ...ကပ်မခံဘူးဗျ"

"ဖိုးမောင်မိသားစုတော့ကပ်လို့ရပါတယ်ကွ---ဖိုးမောင် ...း---စောနိုင်ဆိုရင်---ထင်သလိုလုပ်နေတာ---ခံတယ် ... ရုပ်ဆင်ကျနေတာပဲ"

"ညှော်---ဟုတ်လား---ထူးဆန်းလိုက်တာနော်---"

ညှိသည် ဆင်ဦးစီးတစ်ယောက်က အံ့သြနေသည်။







www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်းမဆန်းဘူးကွ---ဆင်တွေဟာ---သူတို့ ဦး ကို ချစ်ရင်---ဦးစီးရဲ့မိသားစုကိုလဲ ချစ်တာပဲကွ---"

ညှော်သည်ထဲမှ အသက်ကြီးသူ၏ မှတ်ချက်ဖြစ်သည်။

"ဒါပေမယ့် သူက လူတွေအများကြီး သတ်ထားတဲ့ ဆိုး ဦးလေးရ"

"ဆင်ဆိုးလဲ---အတူတူပေါ့ကွာ---ကျန်တဲ့ဆင် လိုပေါ့---"

"ဒါပေမဲ့ ကျုပ်တော့ ဒီဆင်မျိုးကို မစီးရဲပါဘူးဗျာ--

မောင်ဝင်းက ကြောက်တတ်သူဖြစ်သည်။

"ဒါကြောင့်လဲ --- ဆင်ဆိုးစီးခ ပိုပေးရတာပေါ့ကွ

"ကျုပ်တို့ သစ်ရာကောက်ဆင်စခန်းကိုလဲ ကိုဖိုးမေ လာလည်ပါ--- ဆင်ဆိုးစီးတဲ့ဖိုးမောင်ကို မြင်ဘူးချင်နေကြ ကြိုက်တတ်ရင် တိုက်ချင်တဲ့ ကောင်တွေလဲ အများကြီးပါဗျာ-

"ကျွန်တော် မသောက်တတ်ပါဘူး---"

"အေး---အဲဒါလဲကောင်းတာပဲကွ---ဆင်ဆိုးစီးတဲ့ ဆိုတာ မူးနေလို့မဖြစ်ဘူး---အမြဲတမ်းသတိရှိနေမှ တော် ကျတာ"

"မိုးမှောင်ကလည်း---အရက်သောက်တာကို မကြိ ဘူး---ဟိုတစ်ခါ ဆိုင်နဲ့ဖြစ်ပြီးတော့ သူတို့ အရက်သော တဲ့ တဲလေးကို နင်းခြေပစ်တယ်---"





"ဪ---တကယ့်ကောင်ကြီးနော် သိလိုက်တာ---"

ဖိုးမောင်တောထဲလိုက်သွားပြီး မိုးမှောင်ကြီးကို ဘယ်လို ဖမ်းခဲ့ပုံ မေးမြန်းနေကြ၍ ဖိုးမောင်က အကျဉ်းချုပ်ပြီး ပြန်ပြောပြရသည်။

"ဪ---ဒါကြောင့်လဲ---ဖိုးမောင်ဆိုတာ---နာမည်ကြီးတာကိုး---"

သစ်ရာကောက်မှ ဆင်ဦးစီးများ ဖိုးမောင်ကိုကြည့်ပြီး အထင်ကြီး လေးစားဖြစ်နေကြသည်။

ဆင်ဆိုးစီးသော ဖိုးမောင်မှာ ဆင်ဦးစီးလောကတွင် မျက်နှာပွင့်လျက်ရှိနေ၏။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၀ )

ဆင်စခန်းမှာ ဖိုးမောင်မျက်နှာပွင့်သကဲ့သို့ သစ်လုပ်ငန်းစခန်းမှ ခင်အေးရွာမှာလည်း သန်းကြည်မျက်နှာပွင့်နေပါသည်။

''ဟဲ့---သန်းကြည်---ဟောဒီမယ်---မုံရွာထည်တွေပါတယ်ဟေ့--- တစ်ထည်မှ ခြောက်မူးရယ်---တန်လိုက်တာ---''

ခင်အေးရွာသို့ လာရောင်းနေကျ အထည်သည် ဒေါ်ညွန့်က သန်းကြည်တို့ အိမ်သို့ဝင်လာသည်။

''ဟင်---ဒေါ်ညွန့်ကလဲ---ငါးမူးမရဘူးလား---''





သန်းကြည်က ဈေးဆစ်သည်။

''ဟဲ့ သူဌေးက ဈေးဆစ်မနေနဲ့---နင့်လင်က ဆင်ဆိုးစီးက တစ်ဆယ်တောင်ပိုရတာ---ယူလိုက် ဈေးမများဘူး---''

''ဩော်---ဆင်ဆိုးစီးတယ်ဆိုတာ---အသက်အန္တရာယ်နဲ့ ရင်းရတာပါ ဒေါ်ညွန့်ရယ်---ကိုယ်က အလွယ်တကူသုံးလို့ မတော်ပါဘူး---ငါးမူးဆိုရင်---ယူလိုက်မယ်---''

''ကဲ---ကဲ---ယူလိုက်---ယူလိုက် ပြောတတ်လိုက်တာ သူများတွေကို ခြောက်မူးနဲ့ ပေးခဲ့တာဟဲ့---ဘယ်သူ့မှလဲ မပြောနဲ့အုံး---တကတဲမှပဲ---''

ဒေါ်ညွန့်က ပြောပြောဆိုဆိုနှင့်အထည်ကို ထားခဲ့ပြီး ထွက်သွားသည်။

''သန်းကြည်ရေ---ဝက်သားပေါ်လို့ ယူလာတာဟေ့ ဖိုးမောင်ကြိုက် တတ်လို့----လာပို့တာ---တစ်ပိဿာယူထားလိုက်---''

''တစ်ပိဿာများပါတယ်အေ---ငါးဆယ်သားတစ်တွဲထားခဲ---''

''အမယ်လေး---သူဌေးကများ ကပ်စေးနဲ့နေလိုက်တာ ညည်းလင်က ဆင်ဆိုးစီးရတာ---ပေါပေါများများ စားစမ်းပါအေ တစ်ပိဿာပဲယူလိုက်---''

''ဆင်ဆိုးစီးလို့ ရတဲ့ငွေမို့ နှမျောရတာပေါ့အေ---ကိုဖိုးမောင်ကလဲ--နှမျောမရှိတာမကြိုက်ဘူးအေ့---ငါးဆယ်သား



www.burmeseclassic.com

www.burmeseclassic.com



ပဲထားခဲ့---''

''ကဲ---ရော့---ရော့---ဖိုးမောင်က မယားကောင်း ရထားတာပဲ---''

ဝက်သားသည်က ငါးဆယ်သားတစ်တွဲထားခဲ့သည်။

သန်းကြည်တို့ မိသားစု စားနိုင်သုံးနိုင်ဖြစ်လာသော်လည်း သန်းကြည် လက်မဖွာ။ ဝတ်သင့်သည်ကိုဝတ်။ စားသင့်သည်ကို စားသော်လည်း စီးတွဲရေ ဆည်တွဲကန်သင်း စုစုဆောင်းဆောင်း လုစ်တတ်သည်။

ဖိုးမောင်ကလည်းလိမ္မာသည်။ တခြားဆင်ဦးစီးများလို ဘိန်းမရှူ၊ အရက်မသောက်၊ ဆေးပေါ့လိပ်ပင်မသောက်။

ထို့ကြောင့် စုမိဆောင်းမိဖြစ်လာ၍ ခင်အေးရွာ ခြေတန်ရှည် အိမ်မြင့်လေးတစ်လုံးဆောက်နိုင်ကြသည်။

ဖိုးမောင်တို့ မိသားစုလေးမှာ ပျော်စရာ ကြည်နူးစရာ ဖြစ်သည်။

ယနေ့ ခင်အေးရွာတွင် ကြေးစည်သံ တဝေဝေနှင့် ဒိုးပတ်သံ တညံညံဖြစ်နေသည်။ ဖိုးမောင်နှင့်သန်းကြည်တို့၏ သားရှင် ပြု သမီးနားသွင်း အလှူကြီးမှာ လူအားလုံး ဝတ်ကောင်းစားလှ များနှင့် သွားကြ၊ လာကြပျော်ရွှင်ကြသည်။

တစ်ရွာလုံး စဖိုမီးငြိမ်းအလှူကြီးမို့လည်း ချက်ကြ၊ ပြုတ် ကြ ကျွေးမွေးညှဉ်ခံကြ၊ စားသောက်ကြနှင့် လူတိုင်းပါဝင်ဆင်နွှဲ နေကြသည်။





''ဒီအလှူကြီးဟာ မိုးမှောင်ကြီးရဲ့ကျေးဇူးတွေလဲပါ တယ်နော်---ရေစက်ချရင်---မိုးမှောင်ကြီးကိုလဲ အမျှပေးရမယ် နော်''

အလှူဒကာ ဖိုးမောင်က အလှူ့အမသန်းကြည်ကို သတိပေးသည်။

''ပေးရမှာပေါ့တော်---ပေးရမှာပေါ့---''

သန်းကြည်ကလည်း မိုးမှောင်ကြီးကို မမေ့ပါ။ အခုဆို လျှင် သူတို့ မိသားစုမှာ မိုးမှောင်ကြီးကို အားလုံးချစ်ခင် ရင်းနှီး နေကြသည်။

ရှင်လောင်းလှည့်တော့ အလှူပွဲမှာ မိုးမှောင်ကြီးကိုယ် တိုင် ပါဝင်ဆင်နွှဲရှာသည်။ ရှင်လောင်းစောခိုင်ကို မိုးမှောင်ကြီး ပေါ်မှာ တင်၍ ရွာတစ်ပတ်လှည့်သည်။ ဘုန်းတော်ကြီးကျောင်း ကို သွားကန်တော့သည်။

မိုးမှောင်ကြီးအပေါ်တွင် ဆင်ဦးစီးမရှိ။ ဆင်ဦးစီးဖိုးမောင် က အလှူ့ဒကာမို့ သပိတ်လွယ်၊ ယပ်ထမ်းလုပ်နေရသည်။

တခြားဆင်ဦးစီးလည်း မိုးမှောင်အပေါ် ဘယ်သူမျှ မတက် ရဲ။ မိုးမှောင်ကလည်းဘယ်ဦးစီးမျှ လက်မခံ။

ထို့ကြောင့် ရှင်လောင်းစောခိုင်ကသာ မိုးမှောင်ကြီး၏ ကျောပေါ်မှ အမိန့်ပေးရသည်။ မိုးမှောင်ကြီးက စောခိုင်အမိန့် ပေးသည့်အတိုင်း လိုက်နာသည်။ အနီးအနားရွာများမှပါ လူအုံ့ တသြလာကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးမှောင်ကြီးက အိန္ဒြေရရငြိမ်ငြိမ်လေး တစ်လှမ်းချင်း သွားနေသည်။

လူဆယ်ယောက်သတ်ခဲ့သော ဆင်ဆိုးကြီးဆိုသည်မှာ ယုံစရာပင် အကြောင်းမရှိ။

အစပိုင်းမှာ လူများက ကြောက်နေကြသော်လည်း နောက်တော့ တဖြည်းဖြည်းနှင့် မိုးမှောင်ကြီးကို အနီးကပ်ကြည့်ရဲလာကြသည်။ အချို့ကလေးများက မိုးမှောင်ကြီး၏ ခြေလက်တို့ကို ကိုင်ကြည့်ဝံ့လာကြ၏။ အချို့ ရဲတင်းသော ကလေးများက နှာမောင်းကိုပင် သွားကိုင်ကြသည်။

"ဟဲ့---ကလေးတွေ မကိုင်ကြနဲ့---မကပ်ကြနဲ့"

ဆင်ခေါင်းကြီးဦးကျော်ဇံ မိုးမှောင်ဘေးမှ လိုက်၍ ကလေးများကို မောင်းထုတ်နေရသည်။ မတော်တဆ တက်နင်းမိလျှင် မိုးမှောင်အပြစ်ဖြစ်ဦးမည်။

အလှူရှင်လောင်းလှည့်ပွဲမှာ လူများစိတ်ဝင်စားစွာ အကြည့်ခံရသူမှာ မိုးမှောင်ကြီးဖြစ်သည်။ မိုးမှောင်ပြီးလျှင် ဒုတိယစိတ်ဝင်စားစွာ အကြည့်ခံရသူမှာ ဖြူမဖြစ်သည်။

ဖြူမသည်အပျိုလေးအရွယ်ရောက်လာပြီဖြစ်၍ စောခိုင်၏ရှင်ပြုမှာ ကွမ်းတောင်ကိုင်ဖြစ်သည်။

ခင်အေးရွာမှာသာမက အနီးအနားမှ ရွာများမှာပါ ဖြူမသည် အလှဆုံး အယဉ်ဆုံးဖြစ်နေသည်။ နာမည်နှင့်လိုက်အောင် အသားလေးက ဖြူနုနေသည်။





ပျိုဖော်ဝင်စဖြစ်၍ အလှသွေးကြွယ်နေသည်။ နုနယ်ပျိုမြစ်ခြင်းကလည်း ပွင့်သစ်စပန်းကလေးလို ကျက်သရေတင့်စေသည်။

အိန္ဒြေရှိသော ကာလသားများက တစေ့တစောင်း ကြည့်ကြသော်လည်း အချို့သောကာလသားများက ဖြူမသွားလေရာ တကောက်ကောက်လိုက်ပါ၍ မရှက်မကြောက်ကြည့်ကြသည်။

ရှက်နေရှာသော ဖြူမမျက်လွှာလေးချ၍ လမ်းလျှောက်နေသည်က ယဉ်ကျေးသိမ်မွေ့စွာချစ်စရာ။

တောပန်းလေးဖြစ်သော ဖြူမ၏နှုတ်ခမ်းလေးများက ပြည့်ဖြိုးစွာ သဘာဝအတိုင်းနီမြန်းနေသည်။

အပျိုဖော်ဝင်စ မိန်းကလေးတို့၏ သဘာဝအတိုင်း ကိုယ်ခန္ဓာ ဖွံ့စည်းပုံက ကျစ်လျစ်တင့်တယ်စွာ အချိုးအဆစ်ပြေပြစ်ကျနလျက်။

ရှင်လောင်းဖြစ်သူ စောခိုင်ခမျာ ဆင်ပေါ်မှာရောက်နေ၍ နောက်ဖက်မှ ကွမ်းတောင်ကိုင် ဖြူမကို ကြည့်ခွင့်မသာ။

ရှက်နေရှာမည့် ဖြူမ၏မျက်နှာလှလှလေးကို ကြည့်ချင်သည်။ ဖြစ်နိုင်လျှင် ဖြူမ၏ ကြည်လင်တောက်ပသော မျက်လုံးလေးများနှင့် အကြည့်ဆုံချင်မိသည်။

အလှပြင်နေစဉ်ကတော့ ကြည့်ခဲ့ မြင်ခဲ့ရသည်။

"လှလိုက်တာ ဖြူမရာ---"ဟုပြောတော့

"ရှင်လောင်းနော်---ကိုရင်ဝတ်ရမှာ သတိထားအုံး--"



www.burmeseclassic.com

www.burmeseclassic.com



ဖြူမကသတိပေးခဲ့သည်။

"ကိုရင်---လူထွက်ရင်---"ဟုတွေး၍

စောနိုင်ရင်မှာ လှုပ်လှုပ်ရှားရှားခံစားရသည်။

အစကတော့ သူငယ်ချင်းဖြစ်၍ အတူသွား အတူကစား နေခဲ့ကြသော်လည်း ဖြူမ၏အလှကို သတိမထားမိ။

အလှူမှာ ကွမ်းတောင်ကိုင်ဖြစ်မှ ဖြူမအလှကို သိလာရသည်။

"အလှူပြီးတာနဲ့ ကာလသားကြီးတွေက---ငါ့ထက်လက် ဦးသွားမှဖြင့်"

စောနိုင်ရင်ထဲမှာ မောသွားရသည်။

ဖြူမနှင့်သူငယ်ချင်းဖြစ်၍ ခင်မင်ရင်းနှီးသည် မှန်သော်လည်း ချစ်ရေးမဆိုမိ၍ ချစ်သူဘဝသို့ မရောက်ခဲ့ကြ။

ရှင်တောင်မပြုရသေး၍ စောသေးသည်ဟု ထင်ခဲ့သည်မှာ ခုတော့ နောက်ကျနေပြီလား သောကဖြစ်ရသည်။

"ရှင်လူထွက်ရင်---"

မိုးမှောင်ကြီး မြန်မြန်သွား၍ ရှင်လောင်းလှည့်ခြင်းမြန်မြန်ပြီး ကိုရင်မြန်မြန်ဝတ်၊ မြန်မြန်လူထွက်ချင်စိတ်ဖြစ်မိသည်။

သို့သော် မိုးမှောင်ကြီးက တဖြည်းဖြည်းမှန်မှန်လှမ်းလျက် ရှင်လောင်းလှည့်သော လူတန်းကြီးကလည်း ရှည်လျားစွာ ရွေ့လျားလျက် ကွမ်းတောင်ကိုင် ဖြူမခမျာလည်း ရက်ရှုံ့စွာ ခေါင်းငုံ့လျက်အလှူလာသူအားလုံးက တောခင်အေးရွာမှ မိုးမောင်နှင့်





သန်းကြည်တို့၏ အလှူသည် အကြီးကျယ်ဆုံး၊ အစည်ကားဆုံး၊ ပျော်စရာအကောင်းဆုံးဟု ချီးကျူးလျက်. . .

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၁ )

''ဖြူမရေ---ဆင်စခန်းသွားရအောင်ဟေ့''

စောခိုင်ရှစ်လူထွက်သည့်နေ့မှာပင် ဖြူမတို့အိမ်သို့ ရောက်လာသည်။

ဖြူမအိမ်ထဲမှ ထွက်လာ၍ စောခိုင်ကိုမြင်သည်နှင့် တခစ်ခစ်ရယ်သည်။

''နင်က---ဘာရယ်တာလဲ---''

စောခိုင် မလုံမလဲဖြစ်ရသည်။

''ရယ်စရာကောင်းတာပေါ့ဟ---နင့်ခေါင်းက ပြောင်





နေတာကိုး---''

စောခိုင် ယောင်ယမ်းပြီး သူ့ခေါင်းတုံးကို လက်ဖြင့် ပွတ်လိုက်၍ ဖြူမက ထပ်ရယ်သည်။

''ဩော်---ရယ်နေပုံလေးက လှလိုက်တာ---ချစ်စရာ''

စောခိုင်က ဖြူမကို အငေးသားကြည့်နေမိသည်။

''ဘာကြည့်တာလဲဟ---''

ဖြူမမလုံမလဲဖြစ်ရပြန်သည်။

''နင်ရယ်လိုက်တော့ ပါးချိုင့်လေးတွေပေါ်နေတာက လှလွန်းလို့ပါဟာ''

''ဟင်း---ကိုရင်လူထွက်ငါးပိချက်နော် သတိထားဦး-''

''ကဲ---ဆင်စခန်းကို သွားရအောင်---ငါ---မိုးမှောင်ကြီးကိုလွမ်းလှပြီဟ အမေ့ကိုလဲ ဆန်နဲ့ပဲနဲ့သွားပို့ရဦးမယ်---မိုးမှောင်ကြီးဖို့လဲ ထန်းလျက်နဲ့မန်ကျည်း သီးမှည့်ကျွေးရအုံးမယ်''

''ငါနဲ့---အမေက မနေ့ကမှ ဆင်စခန်းက ပြန်လာတာဟ--''

ဖြူမစကားက မလိုက်လိုသည့် သဘောဟုနားလည်၍ စောခိုင် စိတ်အားပျက်ရသည်။

''ဒါဖြင့်နင်---ငါနဲ့မလိုက်နိုင်ဘူးလား---''

စောခိုင်ထံမှ မကျေနပ်စကားထွက်လာသည်။

''နေဦးလေဟာ---ငါ့အမေကိုမေးဦးမယ်---ဖိုးဘက်

www.burmeseclassic.com



မှာ အမေတစ်ယောက်ထဲ---မောင်းထောင်းနေရတယ်ဟ---"

ဖြူမက သူ့အမေ မောင်းထောင်းနေသောတဲဆီသို့ သွားသည်။

"အရင်က ခေါ်ရင်---ဘယ်တော့မှ မငြင်းတဲ့ဖြူမ---အခုစိတ်ပြောင်းသွားပြီလား---ငါ---ကိုရင်ဝတ်နေတုန်း---ရည်းစားစကားပြောတဲ့လူရှိလို့ လက်ခံလိုက်ပြီလား---အဲဒီလိုသာ ဆိုရင်တော့---အပြောင်းအလဲမြန်လိုက်တာ ဖြူမရာ---"

ကိုယ့်ဘာသာတစ်ယောက်တည်းတွေးပြီး စိတ်မကောင်းဖြစ်နေရသည်။

ဖြူမပြန်လာသည်က ငယ်ငယ်ကလို သွက်သွက်လက်လက် ပြေးပြေးလွှားလွှားမဟုတ်။ အပျိုကြီးဟန်နှင့်

"ဘယ်လိုလဲ ဖြူမ---"

စောခိုင် ဆန္ဒစောနေသည်။

"နင် သွားတော့---"

"ဟင်---နင်မလိုက်ရဘူးလား---"

"နောက်က လိုက်ခဲ့မယ်---"

"ဟာ---နင်ကလဲ---ငါ့ကို စိတ်ဆင်းရဲအောင် အဲ့လို မနှိပ်စက်ပါနဲ့"

"ငါက---အဖေမှာတဲ့ ပုဆိုးနှစ်ထည်ရွာရဦးမှာဟ---မိုးမှောင်ကြီးနဲ့ မိတိုးဖွဲလဲ---ထန်းလျက်နဲ့မန်ကျည်းသီးမှည့် ယူရဦးမှာ---"





"ယူပေါ့ဟ---ငါစောင့်မှာပေါ့---"

ဖြူမပြုံးလိုက်သည်။

"နင်---အရင်က---ငါ့ကို---ဘယ်တုန်းက စောင့်ဘူးလို့လဲသွားနှင့် တာချည့်ပဲ---ငါနောက်ကမှီအောင် မနည်းပြေးလိုက်ရတာ---"

"အခုစောင့်မယ်ဟာ---အတူတူသွားမယ်---"

ဖြူမပြုံးရယ်လျက် အိမ်ထဲဝင်သွားသည်။ စောခိုင်လည်း ခုမှပင့်သက် အမောများပြေပျောက်၍ ပြုံးနိုင်သည်။

ဖြူမယူစရာရှိသည်တို့ ယူပြီး နှစ်ယောက်အတူရွာမှ ထွက်ခဲ့ကြသည်။

ငယ်ငယ်ကလို ပြေးပြေးလွှားလွှားတော့မဟုတ်။ အရွယ်က ထိန်းသွားသည်။ လမ်းလျှောက်သည်ပင် ရွာထဲမှာ တစ်ယောက်နှင့်တစ်ယောက် ခပ်ခွာခွာ။

တောလမ်းရောက်မှ စောခိုင်က ရပ်စောင့်ပြီး ဘေးချင်းယှဉ်၍ လျှောက်ကြသည်။

"နင်က ---အလှူတုန်းက ကွမ်းတောင်ကိုင်တာ သိပ်လှတာပဲတဲ့---"

"ဘယ်သူပြောတာလဲ---"

"လူတိုင်းပြောတာပေါ့ဟ---"

"နင်က ဆင်ကြီးပေါ်က ရှင်လောင်းဖြစ်နေတော့ ငါ့ ဘယ်မြင်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ငါ့နောက်မှာရှိတာ---လှည့်ကြည့်ရင် ဆင်ပေါ် ကလိမ့်ကျမှာပေါ့ဟ---"

ဖြူမ တခစ်ခစ်ရယ်သည်။

"နင့်ကို ဘေးက လိုက်ကြည့်တဲ့ ကာလသားကြီးတွေ လဲ အများကြီးပဲတဲ့"

"ငါ---မမြင်ပါဘူး---"

"နင်မြင်မှာပါ---"

"မမြင်ပါဘူး ဆိုမှဟာ---ငါဖြင့်ရှက်လွန်းလို့ သေ တော့မယ်---ခြေလှမ်းမှားပြီးမလဲအောင် အောက်ကြည့်ပြီး မနည်းသွားနေရတာ---"

စောခိုင် သဘောကျစွာရယ်သည်။

"နင်က ဘာရယ်တာလဲဟ---"

"နင့်ပုံကို မြင်နေလို့ပေါ့ဟ---လဲလိုက်ရင် သိပ်ကြည့် ကောင်းမှာပဲ---"

"တော်ပြီ---နင်မကောင်းဘူး သူများဒုက္ခရောက်မှာ ကြည့်ချင်နေတာ"

"မဟုတ်ပါဘူးဟာ---အလကားပြောတာပါ---ငါကနင့် အခုလောက်ဆို---ကာလသားကြီးတွေက---ရည်းစားစကား လိုက်ပြောလို့ ရည်းစားတွေ ဘာတွေရနေပြီ ထင်နေတာ---"

"ဟုတ်တယ်---ရပြီ---"

"ဟင် နင်တကယ်ပြောတာလား---"





စောခိုင် လမ်းလျှောက်သည်ကို ရပ်၍ ဖြူမ၏ မျက်နှာ ကို ကြည့်လိုက်သည်။

"တကယ်ပြောတာပေါ့ဟ---"

ဖြူမက အတည်ပေါက်နှင့် ပြန်ဖြေသည်။

"ငါ---ထင်တဲ့အတိုင်းပါပဲဟာ---"

စောခိုင်က ဖြူမကို မကြည့်တော့ပဲ နှစ်ယောက်သား တားသဲ တိတ်လျက် ဆက်လျှောက်လာကြသည်။

"ဟယ်---ဟိုအပင်ကြီးပေါ်က---ရွှေတူပန်းတွေ လှ လိုက်တာ---"

ဖြူမက ရပ်ပြီး လမ်းဘေးမှ သစ်ပင်ကြီးပေါ် မော့ကြည့် နေသည်။ သစ်ပင်ကြီးပေါ်တွင် ရွှေဝါရောင်သစ်ခွပန်းများ လှပ စွာပွင့်နေကြသည်။

စောခိုင်က မရပ်ဘဲ ဆက်လျှောက်သွားသည်။

"စောခိုင်---နင်ခူးပေးပါ---"

"နင့်ရည်းစား သွားအခူးခိုင်းပေါ့ဟ---"

"သူကမှ ငါ့နားမှာရှိတာ---"

"ဒါဖြင့်လဲ---နင့်ဘာသာတက်ခူးပေါ့ဟ---"

"အေး---ဒါဖြင့် နင်သွားနှင့် ငါတက်ခူးလိုက်မယ်---"

စောခိုင်သွားနှင့်သည်။

ဖြူမလမ်းဘေးမှ သစ်ပင်ကြီးဆီသို့ လျှောက်သွား သည်။ ထဘီကို တင်းတင်းပါအောင် ပြင်ဝတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်အရင်းမှာ ခြုံများကို ရှင်းနေသည်။

"နှင် တကယ်တက်မလို့လား---"

"နှင်မှ ခူးမပေးတာ --- ငါ့ဘာသာခူးမှာပေါ့ဟ---"

"နှင့်လိမ့်ကျပြီး သေချင်လို့လား---ဖယ်---"

စောခိုင်သစ်ပင်ဆီသို့ လျှောက်လာသည်။ သူ့အထု
များကိုချုပြီး သစ်ပင်ပေါ်သို့ တက်သွားသည်။

"ကောင်းကောင်းလုပ်ဦးနော်---လိမ့်ကျနေဦးမယ်---"

သစ်ပင်ပေါ်သို့ ရောက်သွားပြီဖြစ်သော စောခိုင်ကို ဖြူ
အောက်မှ သတိပေးနေသည်။

"သေလဲ---အေးတာပဲဟာ---"

ဖြူမတခစ်ခစ်ရယ်နေသည်။

ဖျောင်း

ဝုန်း

"အမယ်လေး---စောခိုင်သေပါပြီ---လုပ်ကြ
အုံး---"

ဖြူမ စိုးရိမ်ထိတ်လန့်စွာ အော်လိုက်သည်။ စောခိုင်
သစ်ခွပန်းများကို အပင်ပါခွာယူပြီး အောက်သို့ ဆင်းလာသည်

"ကြည့်စမ်း---သူ---သစ်ကိုင်းခြောက်ကို ချိုးချလိုက်
တာ ငါဖြင့် တကယ်လိမ့်ကျတာမှတ်လို့ စိုးရိမ်လိုက်ရတာ
ညာဦးဟယ် ညာဦး---"

ဖြူမက စောခိုင်၏ ကျောကို တဗုန်းဗုန်းထုနေသည်။





"မလုပ်နဲ့---နှင့်ရည်းစားမြင်လို့ အထင်လွဲနေဦးမယ်"

"မြင်ပစေ---လွဲပစေ---"

ဖြူမကဆက်ထုနေသည်။

"နှင့်ရည်းစားမြင်လို့ နှင်က အထင်လွဲမှာ မကြောက်
ပေမဲ့ ငါ့ရည်းစား မြင်ရင် အထင်လွဲမှာ---ငါကြောက်တယ်ဟ--
"

"ဟင်---နှင့်မှာရည်းစားရှိတယ်---ဟုတ်လား---
ဘယ်သူလဲပြော---"

ဖြူမက ထုသည်ကို ရပ်ပြီး စောခိုင်ကို စစ်မေးနေသည်။

"ပြောမယ်---နှင့်ရည်းစား---ဘယ်သူလဲပြော---"

"မရဘူး---နှင်---အရင်ပြော---နှင့်မှာရည်းစား
ရှိတယ်ဆိုတာ တကယ်လား---ပြော---ဘယ်သူလဲ---ပြော-'

"နှင်ရော---နှင့်မှာ ရည်းစားရှိတယ်ဆိုတာ---
တကယ်လား---ပြော ဘယ်သူလဲပြော---"

"ငါ့မှာ တကယ်မရှိဘူး နှင့်ကိုစတာ နှင်က တကယ်
ရှိတယ်မဟုတ်လား ဘယ်သူလဲ ပြော---"

ဖြူမပါးပေါ်မှာ မျက်ရည်များ စီးကျလာသည်။

"ငါ့မှာတော့ တကယ်ရှိတာဟ---"

"ရှိရင် ဘယ်သူလဲပြော---ငါသိချင်တယ်---"

"ဟော ဒီ ငိုနေတဲ့ ကောင်မလေး---"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ကတုံး--ပြောအုံး ပြောအုံး---"

ဖြူမက ထပ်ထုသည်။

"တော်ပါတော့ဟာ---ထပ်မထုပါနဲ့တော့---နင့်လက်ကလေးတွေ နာမှာစိုးလို့ပါ---"

စောနိုင်က ဖြူမ၏ ဖြူနုသော လက်ကလေးများကို ဆုပ်ကိုင်လိုက် သည်။

"ဖယ်ပါ---နင့်ရည်းစားလို့ပြောရအောင်---နင့်ကို ဘယ်သူက ချစ်တယ် ပြောသေးလို့လဲ---"

"အေး---ဟုတ်တယ်---နင်က မပြောသေးပေမဲ့ ငါပြောတယ်ဟာ---ငါကိုရင် လူထွက်တာနဲ့ပြောမယ်ဆိုပြီး နင့်ကို ဆင်စခန်းသွားဖို့လာခေါ်တာ---"

"နင့်မျက်နှာမြင်ကတည်းက---သိသားပဲ---"

"ဟင်---နင် သိတယ် ဟုတ်လား---"

"သိလို့---ငါချက်ချင်းမလိုက်ဘဲနဲ့ ဟိုပြော---ဒီပြောလုပ်နေတာပေါ့ဟ---"

" ဟင် နင်တစ်ကယ်ညစ်တယ်---နေပါအုံး---နင် ဘယ်လိုလုပ်သိတာလဲ---"

"သိတာပေါ့ဟ---နင်ပြောချင်တာတွေက---နင့်မျက်နှာပေါ်မှာရော---နင့်မျက်လုံးတွေထဲမှာရော---ပေါ်နေတာကိုး--"

"ကဲ---သိရင်---ငါကပြောပြီးပြီ --- နင့်အဖြေကဘာလဲ---"





"ဖြည်းဖြည်းပေါ့ဟ---နောက်တော့ပြောမှာပေါ့---လာ---"

"နေအုံး---ခဏနေအုံး---"

စောနိုင်က ဖြူမမျက်နှာကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

"ငါသိပြီဟ---နင်မျက်နှာပေါ်မှာရော---နင့်မျက်လုံးတွေမှာရော---နင့်အဖြေက ပေါ်နေတယ်---"

"ဟင်---မဟုတ်ဘဲနဲ့---"

ဖြူမရှက်သွားသည်။

"ဟုတ်တယ်ဟ---ငါမြင်နေရတယ်---"

"မြင်ရရင် ဘာလဲပြော---"

"နင်လဲ ငါ့ကို ချစ်ပါတယ်တဲ့---"

"ဟင်ပြောအုံးဟာ---ပြောအုံး---ကိုရင်လူထွက်---ကတုံးနင်ထင်တာတွေ လျှောက်ပြောနေတာ---"

ဖြူမက စောနိုင်၏ ကျောကိုထုရုံမက ခေါင်းတုံးကိုပါ လက်ဖြင့် ပုတ်ပြီး ရှေ့မှ ပြေးထွက်သွားသည်။

စောနိုင် နောက်မှ ပြေးလိုက်သွားသည်။

ခုတော့ ငယ်ငယ်တုန်းကလိုပင် ပြန်ဖြစ်သွားကြသည်။

ဆင်စခန်းရောက်တော့ မိုးမှောင်တို့မရှိ။

"ဗျို့---ဦးလေးသော်---မိုးမှောင်တို့ ဘယ်မှာလဲဗျ-"

စောနိုင်က ဆင်သမားတစ်ယောက်ကို လှမ်းမေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ယမားချောင်းထဲမှာ သစ်ဆွဲနေကြတယ်ကွ---"

စောခိုင်နှင့် ဖြူမတို့ ယမားချောင်းဘက်သို့ ဆက်ပြေးကြသည်။ ယမား ချောင်းထဲတွင် သစ်ဆွဲနေသော ဆင်များကို ခပ်ဝေးဝေးမှပင် လှမ်းမြင်နေရသည်။

ချောင်းနားသို့ ရောက်၍ သစ်ဆွဲနေသောဆင်များနှင့် နီးသောအခါ စောခိုင်နှင့်ဖြူမကို မိုးမှောင်ကြီး မြင်သွားသည်။

"ကျည်---ကျည်---"

မိုးမှောင်က အသံပေး၍ နှာမောင်းကြီးကို မြှောက်ပြီး ဝှေ့ရမ်းနှုတ်ဆက်နေသည်။

အလုပ်နားသည်နှင့် စောခိုင်နှင့်ဖြူမတို့ နှစ်ယောက် မိုးမှောင်ကြီးရှိရာသို့ ပြေးသွားပြီး ထန်းလျက်ကျွေးကြသည်။ ပြီးတော့ ဖြူမ သူ့အဖေ ဦးကျော်ဇံ စီးသော ဆင်မကြီး မိတိုးကိုလည်း သွားကျွေးသည်။

"ဟော့---ဖြူမ ---ငါ့ဆင်ကိုလည်း ကျွေးပါဦးဟ--"

ဆင်ဦးစီးသာခင်က ဖြူမကို စေ့စေ့ပါအောင်ကြည့်ရင်း သူ့ဆင်အတွက် တောင်းဆိုနေသည်။

"ကုန်သွားပြီ---"

ဖြူမကလက်နှစ်ဖက်ပါ ခါပြလိုက်သည်။

"ဖြူမ---နင်ကအပျိုဖြစ်လာတော့ အတော်ချောတာပဲဟ---"





"အို ကိုသာခင်ကြီးကလဲ ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး---"

ဖြူမ သဘောမကျ။

"ဟား---ဟား---ဟား---အမှန်အတိုင်းပြောတာပါဟ---နင့်ကို မြင်ရတာ---အမောပြေတယ်---"

"တော်ပြီ---မပြောနဲ့တော့---"

သာခင်က ရယ်ရင်းမှ ဖြူမကို ကြည့်နေဆဲ

"အေး---နင့်ကို ငါ တစ်ခုတော့ စေတနာနဲ့ ပြောရအုံးမယ် ဟို---မိုးမှောင်ဆိုတဲ့ဆင်ဆိုးနားကို မကပ်နဲ့ဟ---ဒီဆင်မျိုးက ဘယ်တော့မှ စိတ်မချရဘူး---"

သာခင်က ဖြူမကို မိုးမှောင်နှင့် အရောမဝင်စေချင်။ အထူးသဖြင့် မိုးမှောင်၏ဦးစီးဖိုးမောင်၏သား စောခိုင်နှင့် အရောမဝင်စေချင်။

"မိုးမှောင်က ဆင်ဆိုးမဟုတ်ပါဘူး---"

ဖြူမက မိုးမှောင်နှင့်ရင်းနှီးသူဖြစ်သည်။

"ဆင်ဆိုးမို့ သေဒဏ်ပေးထားတာပေါ့ဟ---အဲဒါကို ကိုဖိုးမောင်က လောဘတက်ပြီး စီးနေတာ---မသေခင်တော့ ဆင်ဆိုးစီးခနဲ့ ဟန်ကျနေတာပေါ့ဟာ---သေတော့ ငွေက သူ့အသက်လောက် တန်ဖိုးမရှိပါဘူးဟ---"

"ဟင်---ဒီလူကြီးကလဲ သူများကို မပြောကောင်း မဆိုကောင်း ဘယ်လိုကြီးမှန်းလဲ မသိဘူး---သွားတော့မယ်---"

www.burmeseclassic.com



ဖြူမ မကျေမနပ်ပြောပြီး ထွက်လာခဲ့သည်။

✿ ✿ ✿ ✿ ✿





## အခန်း ( ၁၂ )

သာခင်က ဖြူမနဲ့ပေးစားမှာတဲ့။

ခင်အေးရွာထဲမှာ သတင်းများပြန့်နေသည်။

သာခင်၏မိဘများက ဖြူမ၏မိဘများထံသွား၍ သားရေးသမီးရေးကိစ္စ နားဖောက်ကြသောကြောင့်ဖြစ်သည်။

သာခင်၏ ဘခင် ဦးထွန်းကြည်မှာ လစ်လျှင်လစ်သလို သစ် နိုးထုတ်ခြင်းဖြင့် စီးပွားရေးအသင့်အတင့်ဖြစ်နေသည်။ ဖြူမကို သူ့သားနှင့် ပေးစားလျှင် တစ်ရွာလုံးမှာ အကြီးကျယ်ဆုံးဖြစ်အောင်မင်္ဂလာဆောင်ပေးမည်။ သီးခြားအိမ်တစ်လုံး ဆောက်



www.burmeseclassic.com

www.burmeseclassic.com



ပေးမည်။ သာခင်ကလည်း ဆင်ဦးစီးအလုပ်ရှိသည်။ ဖြူမကို ရွှေဆွဲကြိုးတစ်ကုံးဆင်မည်။ အစစအရာရာ အလိုလိုက်ပါမည် စသည့်အချက်များနှင့် တောင်းဆိုကြခြင်းဖြစ်သည်။

ခင်အေးရွာမှ မိန်းကလေးတစ်ယောက်အတွက် မက်လောက်သော ကမ်းလှမ်းချက်များဖြစ်သည်။

ဖြူမ၏ ဘခင် ဦးကျော်ဇံမှာ ငြင်းရခက်နေသည်။ ဦးထွန်းကြည်နှင့် ကလည်း ရင်းနှီးသူချင်းဖြစ်နေသည်။ သာခင်မှာလည်း သူ၏ ဆင်အုပ်မှ ဆင်ဦးစီးဖြစ်သည်။

ယခုလောလောဆယ်တော့ ဖြူမက ငယ်ပါသေးသည်။ နောက်နောင် အိမ်ထောင်ပြုသင့်သော အရွယ်ရောက်လျှင် စဉ်းစားပါမည်ဟု မတင်မကျအဖြေ ပေးလိုက်သည်။

သူတို့ကတော့ စောင့်ရရင်လည်း စောင့်ပါမည် ခိုင်ခိုင်မာမာ အဖြေပေး ကတိပြုထားသည်မျိုးရလိုကြောင်းတောင်းဆိုသည်။

သို့သော် အခုငယ်ပါသေးသည်။ နောင်ကြီးလာမှ ပေးစားမည်ဟု ပြောလိုက်ကြောင်း သာခင်တို့ ဘက်မှ သတင်းဖြန့်နေသည်။

ထိုသတင်းများကို ကြားပြီး စောခိုင် ပူပူလောင်လောင် ခံစားနေရသည်။

"ဖြူမသဘောထားက ဘယ်လိုလဲ---"

"သူတို့က လက်ဦးမှု အရယူထားတာလား---"





"ငါ---ဖြူမနဲ့လွဲရတော့မှာလား---"

စိုးရိမ်စိတ်များဖြစ်ရသည်။ ဖြူမကို မေးချင်သည်။ ကိုယ်က ချစ်ရေး ဆိုခဲ့ပြီးပြီ။ ချစ်ကြောင်းဖွင့်ပြောခဲ့ပြီး ဖြစ်သည်။ သို့သော် ဖြူမထံမှ သဲကွဲသော အဖြေမရသေး။ သူငယ်ချင်းလို တရင်းတနှီး သွားလာဆက်ဆံနေရသည်သာ အခွင့်အရေးသာနေသည်။

ဖြူမ၏ဆက်ဆံပုံမှာ ကိုယ့်အပေါ်သံယောဇဉ်ရှိသည်ဟု ထင်ရသည်။ သို့သော် မိန်းကလေးဆိုသည်က ပြော၍မရ။ ကိုသာခင်က ဆင်ဦးစီးအလုပ်ရှိသည်။ လစဉ်ဝင်ငွေ နှစ်ဆယ်ရသည်။ စုထားသောငွေနှင့် ရွှေဆွဲကြိုးတစ်ကုံး ဆင်မည်ပြောထားသည်။ ကိုယ့်မှာအလုပ်မရှိ။ စုထားသောငွေလည်း တစ်ပြားမျှ မရှိ။ စောခိုင်က အားငယ်စိတ်ဖြစ်ရသည်။

အလုပ်တစ်ခု မြန်မြန်ရချင်စိတ်ဖြစ်မိသည်။ သစ်တောဝန်ထမ်းလျှောက်ထားသည်ကလည်းရဖို့မလွယ်။ ဆင်စီးနိုင်သော်လည်း စီးစရာဆင်မရှိ။

"ဖြူမ---သူငယ်ချင်းရယ်---"

စောခိုင်ရင်ထဲမှာမောနေပါသည်။

× × × × ×

"စောခိုင်ရေ---"

အိမ်ရှေ့မှ ခေါ်လိုက်သော ဖြူမအသံ ဖြစ်သည်။

စောခိုင်အိမ်ထဲမှ ပြေးထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အဖေဆီကို လက်ဖက်ခြောက်နဲ့ ဆေးလိပ်သွား မလို့ ဆင်စခန်းကို နင်လိုက်ခဲ့ပါအုံး---"

ဖြူမပြောပုံ၊ ဆက်ဆံပုံက ဘာမျှ ပြောင်းလဲခြင်း မရှိ အရင်ကအတိုင်းဖြစ်သည်။ စောနိုင်ဝမ်းသာသွားသည်။

"အေး---အတော်ပဲ---ငါလဲ----အဖေက မိုးမှော ကြီးအတွက် မန်ကျည်းသီးမှည့်ကုန်နေလို့မှာထားတယ်--- လည်းလိုက်မယ်---"

စောနိုင် ပြင်ဆင်သည်က မြန်သည်။ အမေ့ကိုပြော ဖြူမနှင့် နှစ်ယောက်ထွက်ခဲ့ကြသည်။

စောနိုင် အရင်ကလို ရွာထဲမှာဖြူမနှင့် ခွာ၍မလျှောက် နှစ်ယောက် ယှဉ်တွဲ၍ လျှောက်ခဲ့သည်။

ဖြစ်နိုင်လျှင် "ငါ့ချစ်သူကွ" ဟုကြေငြာ၍ မဏ္ဍပ်တိုင် တက်ပြလိုက်ချင်သည်။ သို့သော် ဖြူမထံမှ တိကျသော အဖြေ မရသေး။

ရွာအပြင် တောတန်းလေးသို့ ရောက်သွားသည်နှင့် ရင်ထဲမှ မေးချင်နေသောစကားများ စောနိုင်ထံမှ ထွက်လာ သည်။

"ကိုသာခင်မိဘတွေက နင့်ကို လာတောင်းတယ်ဆို-"

"နင်ကြားတဲ့အတိုင်းပဲ---"

"ဘကြီးကျော်ဇံက အခုငယ်ပါသေးတယ်။ ကြီးလာ မှ ပေးစားမယ်လို့ ပြောလိုက်တယ်တဲ့ ဟုတ်လား---"





စောနိုင်က တည့်မေးလိုက်သည်။

"ဘယ်သူကပြောတာလဲ---"

ဖြူမလေသံက မကျေမနပ်-

"သူတို့ဘက်က ပြောနေကြတာပဲ---"

"အဖေကငယ်ပါသေးတယ်---နောက်မှ စဉ်းစားမယ် လို့ ပြောလိုက်တာပါ---"

"နောက်မှ စဉ်းစားမယ်ဆိုတော့ နောက်ကျတော့ ပေးစား ရင် နင်က ယူမှာလား---"

အသိချင်ဆုံးအဖြေကို စောနိုင်က မေးလိုက်ခြင်းဖြစ် သည်။

"သူတို့ လာပြောကတည်းက အဖေနောက်ဖက်ဝင် လာပြီး ငါ့ကိုမေးတယ်---ငါကသူ့ကို လုံးဝမကြိုက်ဘူးလို့ ပြောလိုက် ပြီးသား---"

"ဟာ---ငါဝမ်းသာလိုက်တာ---ဖြူမရာ---"

"ဒါ-ဆို---နင်သူ့ကို လုံးဝမယူဘူးပေါ့နော်---"

"မယူပါဘူး---ဘာလို့ယူရမှာလဲ---"

"အေး---ကောင်းတယ်---မယူပါနဲ့----ငါ့ကိုယူနော်"

စောနိုင်နှုတ်မှ အလိုလိုထွက်သွားသော စကား ဖြူမတခစ်ခစ်ရယ်သည်။

"နင်က ဘာလို့ရယ်တာလဲဟ---"

"နင်ပြောတာက ရယ်စရာကြီးကိုးဟ---"



www.burmeseclassic.com

www.burmeseclassic.com



“အေး---ဟုတ်ပါတယ်ဟာ---ငါကလဲ---ငါဖြစ်ချင်တာကို ပြောလိုက် မိတာပါ---သူတို့ဘက်ကစကားတွေ အမျိုးမျိုးပြောတာကြားရတော့ ငါ့ရင်ထဲ ---မောနေတာပဲဟာ---ငါနင့်ကို---မရမှာ သိပ်စိုးတာပဲဟာ---အဲဒါဆို--ရူးနေအောင်ရမှာ---ငါ---နင့်ကို သိပ်ချစ်တာပဲဟာ---ငါလဲ--ဆင်ဦးစီးလုပ်နိုင်ပါပြီဟာ---ငါ့မှာစီးစရာ ဆင်မရှိလို့ပါ---”

စောခိုင်ပြောနေပုံကြည့်ပြီး ဖြူမမရယ်ရက်တော့ပါ။

လမ်းကွေ့ရှိ ကရော်ဖပင်ရိပ်မှာ စောခိုင်ရပ်လိုက်သည်။

ဖြူမကလည်း စောခိုင်နှင့်အတူ ရပ်လိုက်သည်။

ကရော်ဖပန်းများဖွေးဖွေးဖြူအောင် ပွင့်နေကြသည်။ ပန်းရနံ့လေးက သင်းသင်းမွှေးနေ၏။

“နင်ကလဲ ငါ့ကို အဖြေမပေးသေးတော့---ငါသိ စိတ်ညစ်တာပဲ---နင်---ငါ့ကို အဖြေပေးတော့ဟာ---”

ဖြူမက စောခိုင်ကို လှမ်းကြည့်လိုက်သည်။ သို့သော် နှုတ်မှ အဖြေထွက်မလာ။

“ဖြူမ---”

စောခိုင်က ဖြူမ၏လက်ကလေးကို လှမ်းကိုင်လိုက်သည်။

ဖြူမက ရုန်းဖယ်ခြင်းမပြု။

“ငါ့ကို---အဖြေပေးပါတော့ဟာ---”

“ငါတို့ငယ်ပါသေးတယ်ဟာ---အဖေနဲ့အမေက ငါ့ကို





ဆယ့်ရှစ်နှစ် ပြည့်မှ အဲဒါတွေ စဉ်းစားရမယ်တဲ့---အဲဒီကျတော့ အဖြေပေးမှာပေါ့---”

ဖြူမပြောနေပုံလေးက အေးအေးဆေးဆေး။

“နင်မငယ်တော့ဘူးဟာ---မငယ်လို့---အခုသူများက သာတောင်းနေတာပေါ့ဟ---”

“တောင်းပေမဲ့ ငါတို့ဘက်က လက်မှမခံသေးတာပဲ--”

“ကိုသာခင်က ဆင်ဦးစီးဖြစ်နေတော့ ရွှေဆွဲကြိုးဆင်နိုင်တာပေါ့ဟာ---ငါလဲ နောက်ကျရင် ဆင်နိုင်မှာပါ---”

စောခိုင်၏လေသံက နိမ့်နေသည်။

“အဲဒီကိုသာခင်ဆိုတဲ့လူကြီးကို စိတ်ရင်းပုပ်လို့ ငါသိပ်မုန်းတာဟ---”

“ဒါဆို---ဒီပြင် စိတ်ရင်းကောင်းတဲ့လူကလာ ပြောရင်ရော---”

“ဘယ်သူမှ မပြောဘူး---ငါ့ကို ခုထိ ရည်းစားစကားပြော တာဆိုလို့ နင်တစ်ယောက်ပဲရှိတယ်---”

“ဒါဆိုရင်---နင်အဖြေပေးရင်---ငါ့ကို ပေးမှာပေါ့နော်--”

“ဒါပေါ့---”

“အဲဒီအဖြေကလဲ ချစ်တယ်ဆိုတဲ့ အဖြေဖြစ်မှာပေါ့နော်---”

ဖြူမရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“မရယ်နဲ့ဟာ---ဖြေ---”

“ဖြစ်မှာပေါ့---ဟ---”

“အဲဒီလိုမပြောနဲ့ဟာ သေသေချာချာပြော---”

“နင်ကလဲဟာ---ဒီလောက်ပြောရင်တော်ရောပေါ့---”

“တိကျတဲ့---အဖြေမရသေးတော့ ငါစိတ်ပူလို့ပေါ့ဟ-”

“မပူပါနဲ့ဟ---စိတ်အေးအေးနေစမ်းပါ---”

“ဒါဆိုရင်---နင်ငါ့ကို ကြည့်---”

စောခိုင်က သူနှင့်မျက်နှာချင်းဆိုင် မှာရှိနေသော ဖြူမ၏ ပုခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

ဖြူမက ရုန်းဖယ်ခြင်းမရှိ။ စောခိုင်ကို ကြည့်လိုက်သည်။

စောခိုင်က ဖြူမ၏ မျက်လုံးလေးများကို ကြည့်လိုက်သည်။ ဖြူမက စောခိုင်အလိုကျ အကြည့်ခံရင်း ပြုံးလျက်။

ဆုံမိနေသော အကြည့်ကို မလွှဲဖယ်မိကြ။ နှစ်ဦးသား ပင့်သက်အံမောလေးများကို ရှူလိုက်ကြရသည်။

ဖြူမနှုတ်မှ မဖြေသော်လည်း မျက်လုံးများမှာ အဖြေပြီ ဟု စောခိုင် နားလိုက်လိုက်သည်။

နှုတ်မှ ဖြေသည်ထက်ပိုပြီး ခိုင်မာသည်ဟုလည်း ယုံကြည်စိတ်ချလိုက်သည်။

“လာ---သွားမယ်---သေချာပြီ---”

စောခိုင် ကျေနပ်စွာပြုံးလျက် ဖြူမလက်ကလေးကို





ဆွဲကိုင်ပြီး ကေရာဇ်ပင်ရိပ်မှ ထွက်ခဲ့သည်။

စောခိုင်ရင်ထဲမှာ အပျော်ကြီးပျော်နေ၏။ ဖြူမ၏ ပြုံးရွှင်မှုများမှာလည်း သွက်လက်ရွှင်လန်းလျက်-

ဆင်စခန်းသို့ သွားရာတောလမ်းကလေးပေါ်မှ သစ်ပင်ကြီးများသည် ပျော်ရွှင်နေကြသည့် ငယ်ရွယ်သူနှစ်ယောက်ကို နေပြောက်မထိုးအောင် အုပ်မိုးလျက်---

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၃ )

နေပူကျဲကျဲထဲမှာ ဖိုမောင်စီးသော ဆင်ကြီး မိုးမောင်ခ[illegible] အခြား ဆင်များသယ်လာသော သစ်လုံးကြီးများကို သစ်ပုံ[illegible] ဖြစ်အောင် စီထပ်နေရ၏။

သစ်တော အရေးပိုင်ကြီးကိုယ်တိုင်ရပ်ကြည့်ပြီး နိုင်း[illegible] အခြားဆင်များလို နားခွင့်မရ။

ပင်ပန်းလှပြီဖြစ်သော မိုးမောင်ကြီးကို ကြည့်၍ ဖို[illegible] သနားနေသည်။

သစ်လုံးပုံကြီးက တဖြည်းဖြည်းမြင့်သည်ထက် မြင့်[illegible]





သည်။ မိုးမောင်ကြီးခမျာ သစ်လုံးကြီးများကို ခက်ခက်ခဲခဲ မတင်နေရသည်။

"အဲဒီ နောက်ဆုံးကျန်နေတဲ့ သစ်လုံးကြီးကို---အပေါ် ဆုံးက ထပ်တင်ခိုင်းလိုက်ပါ---"

အင်္ဂလိပ်အရေးပိုင်ကြီးက ဖိုးမောင်ကို လှမ်းပြောသည်။

"သခင်---အဲဒီသစ်လုံးကို---ကျွန်တော့်ဆင်အပေါ် အထိ မတင်ဖို့ မလွယ်တော့ဘူး---နောက်ထပ်ရောက်လာ မယ့် သစ်လုံးတွေနဲ့ အသစ်ပုံပါရစေ---"

ဖိုးမောင်က အရေးပိုင်ကြီးကို တောင်းပန်သည်။

"မောင်မင်းဆင် အရပ်လဲမြင့်တယ်---အားလဲကောင်း တယ်---ဒီတစ်လုံးကျမှ ချန်မထားပါနဲ့ အတင်ခိုင်းလိုက်ပါ--"

ဖိုးမောင်စိတ်ပျက်သွားမိသည်။

"ကဲ---မိုးမောင် သားကြီး သစ်လုံးကို မလိုက်စမ်း--"

မိုးမောင်ကမလှုပ်။

"သခင်---သူသိပ်ပင်ပန်းနေပြီ။ ခဏနားခွင့်ပေးပါ--"

"ဒီသစ်လုံးတင်ပြီးရင်---နားပါ---"

ဖိုးမောင်ဘာမျှမတတ်နိုင်။ မိုးမောင်ကြီးကို ရအောင် နိုင်းရတော့မည်။

"ကဲ---သားကြီး---ဒါတင်ပြီးရင်---နားရမယ်--- ကြိုးစားလိုက်စမ်း---"

ဖိုးမောင်က မိုးမောင်ကြီး၏ နားရွက်ကို ခြေဖြင့်ခတ်၍

www.burmeseclassic.com



သတိပေးရင်း ချော့နိုင်းနေရသည်။

"ဖရှူး"

မိုးမှောင်မကျေနပ်သော သဘောဖြင့် နှာခေါင်းမှ လေများကို မှုတ်ထုတ်ပြီး ခေါင်းကို ခါရမ်းလိုက်သည်။

"သခင်---နိုင်းလို့မရတော့ဘူး---"

"မောင်မင်း---ရအောင်နိုင်းပါ---"

အင်္ဂလိပ်ကြီးက ဖွတ်အတင်းနိုင်းနေသည်။

"သခင်---သူစိတ်ဆိုးသွားလိမ့်မယ်---"

"မောင်မင်းကို သခင်အမိန့်ပေးနေတယ်---မောင်မင်းရဲ့ ဆင်ကို ရအောင်နိုင်းပါ---"

ထိုအချိန်တွင် ဆင်ခေါင်းကြီး ဦးကျော်ဇံနှင့် ဆင်ဦးစီး သာခင်တို့၏ ဆင်များ သစ်လုံးတစ်လုံးစီ ဆွဲယူပြီးလာပို့ကြသည်။

"မိုးမှောင် သားကြီး---ဒီသစ်လုံးကိုပြီးအောင် တင်လိုက်ပါကွာ---"

"ဒါပြီးရင် ငါတို့နားရမှာပါ---"

မိုးမှောင်က မိုးမှောင်၏ ဦးကင်းကို ပွတ်လိုက်၊ ပုတ်လိုက်နှင့် ချော့ပြောသည်။

မိုးမှောင်မလုပ်ချင်လုပ်ချင်နှင့် သစ်လုံးကြီး နားကပ်သွားပြီး နှာမောင်းဖြင့် မချီလိုက်သည်။

"ဟုတ်ပြီ---ဟုတ်ပြီ---လိမ်မာလိုက်တဲ့ သားကြီး---





သွား---သွား သစ်လုံးပုံကြီးဆီသွား---"

မိုးမှောင်က သစ်လုံးပုံကြီးဆီသို့ မလှမ်းချင်လှမ်းချင်နှင့်လှမ်း၍ သွားနေသည်။

သစ်လုံးပုံကြီးနားရောက်ခါနီးမှာ မိုးမှောင်ကြီးက ဆက်မသွားဘဲ ရပ်နေသည်။

"မိုးမှောင် သစ်လုံးကို အပုံပေါ်တင်လိုက်---"

ဖရှူး---

မိုးမှောင်က သစ်လုံးကို မတင်ဘဲနှာခေါင်းမှ လေများမှုတ်ထုတ်နေသည်။

"မိုးမှောင်သားကြီး---ရှေ့တိုးပြီးတင်လိုက် လေ---"

ဖိုးမောင်ချော့နိုင်းပါသည်။

သို့သော် မိုးမှောင်က ရှေ့ကို လုံးဝမတိုး---သစ်လုံးကို နှာမောင်းဖြင့် မချီလျက်ရပ်နေသည်။

"ဟာ---အန္တရာယ်ရှိနေပြီ---"

သစ်လုံးပုံကြီးကြည့်ပြီး ဆင်ခေါင်းကြီး ဦးကျော်ဇံသိလိုက်ပါပြီ။

ဆင်တို့သည် အန္တရာယ်ရှိနေပြီဆိုလျှင် သဘာဝတိုင်း သိ၍ မလုပ်ဘဲ နေတတ်သည်ကို ဦးကျော်ဇံအတွေ့အကြုံအရ နားလည်ခြင်းဖြစ်သည်။

"မောင်မင်းဆင်ကို ရှေ့တိုးပြီး ချနိုင်းပါ---"

"သခင်အန္တရာယ်ရှိနေပြီထင်တယ်။ သူမလုပ်ချင်ဘူး---"



www.burmeseclassic.com

www.burmeseclassic.com



မိုးမောင်က စိတ်ပျက်အားငယ်စွာ ရှင်းပြသည်။

"ဘာမှ အန္တရာယ်မရှိပါဘူး---ရှေ့တိုးပြီး အချနိုင်းပါ"

အင်္ဂလိပ်ကြီးက သူ့အမိန့်ကို မလျှော့နိုင်။ အတင်းခိုင်းနေသည်။

"မိုးမောင်---သားကြီး---ရှေ့တိုးလိုက်ပါ---သွား---သွား---"

မိုးမောင် လေးကွေးစွာ လှုပ်ရှား၍ ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။

"ဟုတ်တယ်---လိမ္မာတဲ့သားကြီး---ရှေ့နည်းနည်း တိုးလိုက်အုံး---"

မိုးမောင်က ဖြည်းညှင်းစွာလှမ်းလိုက်သည်။

"ရပြီ---မောင်မင်းဆင်ကို သစ်လုံးအချနိုင်းပါ---"

တောင်ကုန်းလေးပေါ်မှ ကြည့်နေသော အင်္ဂလိပ်ကြီးက လှမ်းအော် ပြောနေသည်။

"မိုးမောင်---လွှတ်---လွှတ်---သစ်လုံးကို လွှတ်လိုက်တော့"

မိုးမောင်ကမလွှတ်သေး။ ခြေထောက်များကို နေရာရွှေ့၍ ပြင်လိုက်သည်။ သစ်လုံးကို အပေါ်ဆုံးမှာ အလျားလိုက်တည့်တည့် ညီညီဖြစ်အောင် နှာမောင်းကြီး လှုပ်ရှားနေသည်။

တည့်ပြီ၊ ညီပြီ။ လုပစွာ အသာအယာကျအောင်တင်လိုက်သည်။ ပြီးသည်နှင့် ရုတ်တရက်နောက်ဘက်သို့ လျင်မြန်စွာ





ဆုတ်ခွာ၍ ရှောင်လိုက်သည်။

"ဟာ---"

မိုးမောင် ငွေယမ်းပြီး အဆုတ်မှာရုတ်တရက်ဖြစ်၍ ဆင်ဦးစီး ဖိုးမောင် ဆင်ဦးကင်းပေါ်မှ လိမ့်ကျသွားသည်။

ဝေါ---ဝုန်း---

ဒုန်း---ဒုန်း---ဒုန်း---

သစ်လုံးပုံကြီးတစ်ခုလုံး ပြိုကျလာသည်။

ကျည်---ကျည်

မိုးမောင်ကြီး အသံတုန်အော်ဟစ်နေပါပြီ။

"ဟာ---ဖိုးမောင် ဆင်ပေါ်ကကျပြီး သစ်လုံးတွေပိနေပြီ လုပ်ကြပါအုံး"

ဆင်ခေါင်းကြီး ဦးကျော်ဖံ အော်ဟစ်အကူအညီတောင်းနေသည်။

မိုးမောင်ကတော့ သစ်လုံးပုံပြိုကျသည့် အန္တရာယ်မှ လွတ်အောင် ရှောင်နိုင်သည်။ သူတစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။ မိုးမောင်ကတော့ သစ်လုံးပုံပြိုကျသည့် အန္တရာယ်၏ ရနံ့ကို ကြိုတင်ရခဲ့၍ သစ်လုံးကြီးကို မတင်ခဲ့ခြင်းဖြစ်သည်။ မိုးမောင် တောင်းပန်သည်ကို မရဘဲ အင်္ဂလိပ်အရေးပိုင်ကြီး မဆင်မခြင်ခိုင်း၍ ဒုက္ခရောက်ကြရခြင်းဖြစ်သည်။

မိုးမောင်သည် သူ့သခင်ကျကျန်ရစ်သည်ကိုသိ၍ သစ်လုံးပုံအနားမှ မခွာနိုင်ဘဲ ပူပင်သောကကြီးစွာ အော်ဟစ်နေရှာသည်။

www.burmeseclassic.com



ကျည် - - - ကျည်

ဦးကျော်ဖုံက သူ့ဆင်မနှင့် သစ်လုံးများကို ဖယ်ရန်ကြိုးစားသည်။ သို့သော် ဆင်မကြီးမိတိုးသည် မိုးမှောင်ရှိနေ၍ ရှေ့သို့ မတိုးဝံ့။

ကျည် - - - ကျည် - - - ကျည်

မိုးမှောင်ကြီးရှေ့သို့တိုးသွားပြီး သစ်လုံးများကို တစ်လုံးတစ်လုံးပြီး ဆွဲဖယ်လွှင့်ပစ်နေသည်။ ဦးကျော်ဖုံနှင့်ဆင်မကြီးမိတိုးတို့ နောက်သို့ အမြန်ဆုတ်လိုက်ရသည်။

သာခင်ကတော့ သူ့ဆင်တိုမောင်းပြီး ဦးစီးမရှိတော့သော မိုးမှောင်ကြီးနှင့် ဝေးအောင်ဆင်စခန်းထိပြန်ကြသည်။

မည်သည့်ဆင် မည်သည့်လူမျှ မိုးမှောင်ရှိရာ သစ်လုံးပုံနားသို့ မကပ်ဝံ့ကြ။

အန္တရာယ်မြင်၍ မလုပ်ဘဲနေသည့် မိုးမှောင်ကို အတင်းအဓမ္မခိုင်းစေခဲ့သော အင်္ဂလိပ်အရေးပိုင်ကြီးလည်း သစ်တောဗိုလ်တဲသို့ ပြန်သွားလေပြီ။

မိုးမှောင် သစ်လုံးများကို ဖယ်ပြီးသောအခါ သစ်လုံးပိ၍ သေဆုံးနေသော မိုးမောင်ကိုတွေ့ရသည်။

ကျည် - - - ကျည် - - - ကျည်

မိုးမှောင်နှာမောင်းကို မြှောက်၍ ဝမ်းနည်းကြေကွဲစွာ အော်မြည်နေရှာသည်။

✿ ✿ ✿ ✿ ✿





အခန်း ( ၁၄ )

"ကိုဖိုးမောင်ကို မိုးမှောင်ကြီးသတ်လိုက်ပြီ။ ကိုဖိုးမောင်သေ ပြီ"

သာခင်က ဆင်စခန်းရောက်သည်အထိ တစ်လမ်းလုံးအော်ပြောသွားသည်။

"ဖိုးမောင်ကို မိုးမှောင်သတ်လိုက်ပြီတဲ့"

ဆင်စခန်းတစ်ခုလုံး အထိတ်တလန့် ဖြစ်ကုန်ကြသည်။

"ဟာ့တကယ်ဆိုးတဲ့ဆင်ကြီးကွာ"

"ဒါနဲ့ ဆိုရင် သူသတ်တာ ဆယ်တစ်ယောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး . . .''

ဆင်စခန်းတစ်ခုလုံး သာခင်ကြောင့် သတင်းမှားကြီး ပြန့်သွားသည်။

သာခင်က ဤမျှနှင့်မပြီးသေး။ ခင်အေးရွာအထိ အပြေးအလွှား ပြန်လာ၍ သတင်းထူးသတင်းဦးပေးသူ လုပ်နေသည်။

''ဗျို့ ဒေါ်သန်းကြည် . . .''

''စောခိုင်ရှိလားဟေ့ . . . ''

အမောတကောအော်ဟစ်ခေါ်သံကြောင့် ဒေါ်သန်းကြည် အိမ်ထဲမှ အမြန်ထွက်လာသည်။

''ဟေ့ဘယ်သူလဲဟဲ့၊ ဘာဖြစ်လို့လဲ''

''ခင်ဗျ ယောက်ျား ကိုဖိုးမောင် သေပြီဗျ . . . မိုးမှောင် သတ်လို့ . . . .''

''အမယ်လေးကိုဖိုးမောင်ရဲ . . .''

သန်းကြည် ဆောက်တည်ရာမရ အော်ဟစ် ငိုကြွေးလိုက်ပါသည်။

''ဘာဗျ အဖေ့ကို မိုးမှောင်သတ်တယ်ဟုတ်လား . . .''

စောခိုင် မယုံနိုင်အောင်ဖြစ်နေသည်။

''အေး . . . ဟုတ်တယ်ကွ . . . မင်းအဖေကို မိုးမှောင်ကြီး သတ်လိုက်ပြီ . . . ''

သာခင်ပြောပုံက စိတ်မကောင်းသော လေသံမဟုတ်။





''သေချာလား . . . ခင်ဗျားမြင်လို့လား . . .''

စောခိုင်က ထပ်မေးသည်။

''သေချာတာပေါ့ကွာ . . . ငါ့ရှေ့တွင် သတ်လိုက်တာ . . .''

''ဟင် . . . မိုးမှောင် . . . သိကြသေးတာပေါ့ကွာ . . .''

ဆင်စခန်းဆီသို့ စောခိုင်တဟုန်ထိုး ပြေးလေတော့သည်။

''ဟဲ့စောခိုင် . . . ငါ့သား . . . နေအုံး . . .''

စောခိုင်က နောက်လှည့်မကြည့်တော့ပါ။ အဝေးကြီး ရောက်သွားပြီ။

''စောခိုင်ရေ . . . ပြန်လာခဲ့ . . . အမယ်လေး . . . ဒုက္ခရောက်တော့မှာပဲ . . .''

သန်းကြည် ပူပင်သောကကြီးစွာဖြင့် နောက်မှပြေးလိုက်သည်။

''ဟဲ့ . . . သန်းကြည် . . . မလိုက်နဲ့ ဟိုမှာလူကြီးတွေရှိတယ် . . . နင်ပါအန္တရာယ်ဖြစ်မယ် . . .''

မိန်းမများက သန်းကြည်ကို . . . ဆွဲထား၍ အိမ်သို့ ပြန်ခေါ်ခဲ့ကြသည်။ သန်းကြည်ကတော့ ရှန်းရင်းကန်ရင်းလူးကာ လိမ့်ကာ ငိုကြွေးလျက်–

စောခိုင်တစ်လမ်းလုံး မနားပဲ ဆင်စခန်းရောက်အောင် ပြေးသည်။ အဖေကသူ့အပေါ်အလွန်ကောင်းပါလျက် သတ်ရက်သော မိုးမှောင်ကိုလည်း နာကျည်းမုန်းတီးမိသည်



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အဖေကိုသတ်တဲ့ မိုးမှောင် မင်းကိုငါကိုယ်တိုင် သတ်မယ်..."

ဒေါသစိတ်တာ စောခိုင်၏ ထိပ်အထိတက်နေသည်။

စောခိုင် ဆင်စခန်းသို့ရောက်သောအခါ သစ်တောအစောင့် အင်္ဂလိပ်ကြီးနှင့်အတူ တောခေါင်းများကို တစုတဝေးတည်းတွေ့ရသည်။ ဆင်ခေါင်းကြီး ဦးကျော်ဇံလည်းရှိသည်။

"ဘယ်မှာလဲ...မိုးမှောင် ဘယ်ပြေးပြီလဲ..."

စောခိုင်က အမောတကောမေးသည်။

"ဘယ်မှမပြေးဘူး...မင်းအဖေ အလောင်းနားမှာ..."

တောခေါင်းတစ်ယောက်က ဖြေသည်။

"အဖေကဘယ်မှာလဲ..."

"ဒီက တည့်တည့်သွားရင် ပြိုကျနေတဲ့ သစ်လုံးနားမှာ..."

"ခင်ဗျားသေနတ်ပေးဗျာ...ကျုပ်အဖေသတ်တဲ့ဆင်...ကျုပ် ကိုယ်တိုင်သတ်မယ်..."

စောခိုင်က တောခေါင်းတစ်ယောက်၏လက်မှ သေနတ်ကို လှမ်းဆွဲလိုက်သည် တောခေါင်းကမပေး။

"မောင်မင်းသေနတ်ပေးလိုက်ပါ ဒီဆင်ကိုစီးတဲ့ ဆင်ဦး... လဲမရှိဘူး သူ့အနားလဲ ဘယ်သူမှမကပ်ရဲဘူး...ဒီဆင်ဟာ စခန်း... တစ်ခုလုံး အန္တရာယ်ပေးနိုင်တယ်...သူ့အဖေအတွက် သူသာ ကိုယ်တိုင်သတ်ပါစေ..."





တောခေါင်းက သူ့လက်ထဲမှ သေနတ်ကို စောခိုင်ထံ လှမ်းပေးလိုက်သည်။

စောခိုင် သေနတ်ကို ကျည်ထိုးမောင်းတင် အသင့်ပြင်ပြီး မိုးမှောင်ရှိရာသို့ သွားသည်။

တစ်ယောက်တည်းဖြစ်သည်။ ဘယ်သူမှလိုက်မသွားကြ၊ သူတို့ရင်ဆိုင်ရမည့် အန္တရာယ်ကို စောခိုင်အားလွှဲပေးလိုက်ကြခြင်းဖြစ်သည်။

စောခိုင်ကတော့ ဘာအန္တရာယ်မျှ မကြောက်နိုင် အဖေ့အတွက်ခံပြင်းသော ဒေါသစိတ်ဖြင့် လျှောက်သွားသည်။ တော်တော်လေးလျှောက်သွားမိသောအခါ ခပ်လှမ်းလှမ်းတွင် မဲမဲကြီးရပ်နေသော မိုးမှောင်ကိုမြင်ရသည်။

ဒေါသစိတ်ကြောင့် အံကိုတင်းတင်းပါအောင် ကြိတ်ထားလိုက်သည်။ သေနတ်ကို ပစ်ရန်အသင့်ချိန်၍ ရှေ့သို့ဆက်သွားသည်။

စောခိုင်ကို နောက်မှလှမ်းကြည့်ရင်း ဦးကျော်ဇံ ချီတုံချတုံ စဉ်းစားနေသည်။

"ဒီလိုဖြစ်ရတာ မိုးမှောင်မှာ ဘာအပြစ်မှမရှိဘူး...နှာခေါင်းချွန်ကြီး အသုံးမကျလို့ဖြစ်ရတာ...။ ဒါကို စောခိုင်မသိဘဲ မိုးမှောင်ကြီးကို ပစ်သတ်တော့မယ်...အမှန်ကိုသိရက်သားနဲ့... ငါဘာလို့ မတားမိတာလဲ... ဟုတ်တယ်...ငါတားသင့်တယ်...တားရမယ်..."



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဖံက စောနိုင်နောက်သို့ ပြေးလိုက်ရန် ရှေ့သို့ ထွက်လိုက်သည်။

"မောင်မင်းဘယ်လဲ . . ."

အရေးပိုင်ကြီးက ဦးကျော်ဖံကို လှမ်းမေးသည်။

"ကောင်လေးတစ်ယောက်ထဲဆိုရင် အန္တရာယ်ဖြစ်နိုင် နိုင်ပါတယ် သခင် ကျွန်တော်လိုက်သွားပါရစေ . . ."

ဦးကျော်ဖံ ပြောပြောဆိုဆိုပင် စောနိုင်နောက်သို့ ပြေး လိုက်သွားပါသည်။

စောနိုင် မိုးမှောင်နှင့် နီးရာသို့ရောက်သွားပြီး မိုးမှောင် စောနိုင် ၏ အနံ့ရ၍ နောက်ဘက်သို့လှည့်ကြည့်သည်။

ကျည် . . .

စောနိုင်ကိုမြင်သည်နှင့် ဝမ်းနည်းကြေကွဲစွာ အော်မြည် လိုက်သည်။

စောနိုင်ကသူ့ကို ရန်မူတော့မည်ထင်၍ သေနတ်ဖြင့် မိုးမှောင်၏ဦးခေါင်း တည့်တည့်သို့ ထိုးချိန်လိုက်သည်။

"ဟင် . . . ငါ့အဖေကိုသတ်တဲ့ကောင် . . . နင်လဲ ငါ့ လက်ချက်နဲ့ သေရမှာပေါ့"

စောနိုင်က သေနတ်မောင်းပေါ်တင်ထားသော လက် ညှိုးကို ကွေးညှစ်တော့မည်ပြုပြီးမှ သူ့ကိုကြည့်၍ ငြိမ်သက်စွာ နေသော မိုးမှောင်၏မျက်လုံးများမှ စီးကျနေသည့် မျက်ရည်များ ကိုမြင်မိသည်။





စောနိုင်မပစ်ရက်နိုင်အောင် ဖြစ်သွားသည်။

သို့သော် ထိုအချိန်မှာပင် မိုးမှောင်၏နောက်တွင် သေ ဆုံးနေသော သူ့ဖခင်ကို လှမ်းမြင်လိုက်သောအခါ တစ်ကိုယ်လုံး သွေးများ ပူသွားသည်။ မြင်နေရသော မိုးမှောင်ကို ခွင့်မလွှတ် နိုင် ဒေါသဖြစ်ရသည်။

"ငါတို့ကတော့နင့်ကို ချစ်လိုက်ရတာ နင်ကတောင် ငါ့ အဖေကို ရက်စက်နိုင်သေးတာပဲ . . ."

စောနိုင်၏လက်ညှိုးမှာ တင်းကနည်းဖြစ်သွားသည်။ သေနတ်မောင်း၏ ပထမခလုတ်ကို ညှစ်ပြီးသွားပြီ။

သေနတ်ပြောင်းဝက မိုးမှောင်ကြီး၏ နဖူးတည့်တည့် ကို ချိန်ရွယ်လျက်။

မိုးမှောင်ကြီးက လှုပ်ရှားခြင်းလုံးဝမရှိ၊ ငြိမ်သက်စွာ နေလျက် စောနိုင်ရှိရာသို့ ကြည့်နေဆဲ။

ဒုတိယ ခလုတ်ကို ဆက်ဆွဲတော့မည်အပြုတွင်

"စောနိုင် . . ."

ဦးကျော်ဖံ၏ အော်ခေါ်သံကို နောက်မှကြားလိုက်ရ သည်။

"မပစ်နဲ့ . . . မိုးမှောင်ကြီးကို မပစ်နဲ့ . . ."

စိုးရိမ်ကြီးစွာ အော်ဟစ်ပြောနေသံ ဖြစ်သည်။

စောနိုင်သေနတ်မောင်းကို ဆက်မဆွဲသေးဘဲ နောက် သို့ လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြေးလာသော ဦးကျော်ဇံ စောနိုင်အနားသို့ ရောက်လာသည်။

"မင်းအဖေကို မိုးမှောင်သတ်တာ မဟုတ်ဘူး...သစ်လုံးပုံ ပြိုကျတော့ မိုးမှောင်က ရုတ်တရက်လှည့်အရှောင်မှာ မင်းအဖေ လိမ့်ကျပြီးသစ်လုံးတွေပိသွားတာ..."

"ဘကြီးမြင်လို့လား"

"ငါ့ရှေ့မှာတင် ရှိတာကွ...ငါနဲ့ သာခင်က ဒီအနားမှာ ရှိနေကြတာ..."

"ဟင်...ဒါဆိုရင်...ကိုသာခင်လဲမြင်တာပေါ့..."

"မြင်တာပေါ့ကွာ...မိုးမှောင်သတ်တာမဟုတ်ဘူး..."

"တော်တော်ယုတ်မာတဲ့လူ...မိုးမောင်ကို မိုးမှောင် သတ်လိုက်တာ သေပြီတဲ့အိမ်လာပြောတာဗျ..."

"ဟင်...သာခင် လာပြောတာလား..."

"ဟုတ်တယ် ဘကြီး..."

"ယုတ်မာလိုက်တဲ့ကောင်ကွာ...အမှန်ကိုမြင်ရက်သားနဲ့... ဆင်စခန်းမှာလဲ သူပဲပြောတာဖြစ်မှာပေါ့...ဖိုးမောင်ကို မိုးမှောင် သတ်တယ်ဖြစ်နေတာ... မိုးမှောင်က မသတ်ရ ကဘူး...ဟိုမှာကြည့်..."

မိုးမှောင်ရှိရာဘက်သို့ စောနိုင် ပြန်ကြည့်လိုက်သည်...

"တွေ့လား...သစ်လုံးတွေကို မိုးမှောင်ဖယ်ထုတ် ထားတယ်...ဖိုးရိမ်ရှာလို့ထင်ပါရဲ့ကွာ... အော်ပြီးတော့ သစ်လုံး တွေ ဆွဲဖယ်လှုပ်ပစ်တာ ဘယ်သူမှ ကပ်လို့မရဘူး... သူ့သခင် အလောင်းလဲတွေ့ရော နှာမောင်းကြီးမြှောက်ပြီး အော်လိုက် တာ... ပြီးတော့...ခုထိ ဒီနေရာကနေ ဘယ်မှမရွေ့တော့ဘူး သူ့သခင်အလောင်းနားမှာပဲနေတာ..."

မိုးမှောင်ကြီးကို ကြည့်နေသော စောနိုင်ပါးပေါ်မှာ မျက်ရည်များ အဆက်မပြတ် စီးဆင်းနေပါသည်။

သူ့သာပစ်သတ်လျှင် သေရန်အသင့်ငြိမ်သက်စွာ ရပ် နေသော စောနိုင် လက်ထဲမှ သေနတ်ကို ဦးကျော်ဇံထံ လှမ်းပေး လိုက်သည်။

"မိုးမှောင်..."

အသံကုန်အော်ခေါ်ပြီး မိုးမှောင်ရှိရာသို့ ပြေးသွားသည်။

"ကျည်..."

မိုးမှောင်ကြီးက စောနိုင်ကို နှာမောင်းဖြင့် ဆီးကြို၍ ထားလိုက်သည်။

မိုးမှောင်ပါးပေါ်မှာ မျက်ရည်များစီးကျလျက်...

စောနိုင်ကတော့ မိုးမှောင်နှာမောင်းကြီးကို ပြန်လည် ဖက်ထားရင်း ရှိုက်ကြီးတငင် ငိုကြွေးလျက်...။

✿ ✿ ✿ ✿ ✿





ပြုံးပန်းတာဓိရာအာဗေ

www.burmeseclassic.com



## အခန်း ( ၁၅ )

ဖိုးမောင်၏ ချာပနကိစ္စပြီးသော နောက်တစ်နေ့ သစ်တောအရေး ပိုင်ကြီး၏ ဗိုလ်တဲမှာ တောအုပ်၊ တောခေါင်း ဆင်ခေါင်းများလာရောက်၍ မိုးမှောင်ကြီးကိစ္စ ဆွေးနွေး ကြသည်။

"ဆင်ဆိုးကို ဆက်ထားသင့်မထား သင့် . . . ဘယ်လို သင့်တယ်ဆိုတာ . . . တောအုပ်၊ တောခေါင်းတွေရော ဆင် တွေရောပြောကြပါ။ သူ့ကို စီးရဲတဲ့ သူ့သခင်ကလဲ မရှိ ဘူး . . . ကျွန်ုပ်နဲ့တွေ့တဲ့ လူအတော်များများ ကတော့ သတ်





ဖို့ပဲ ပြောနေကြတယ် . . . စီးရဲတဲ့ လူလဲမရှိတော့ဘူး မဟုတ် လား . . ." အရေးပိုင်ကြီးက ဆင်ခေါင်းများကို မေးလိုက်ခြင်း ဖြစ်သည်။ ထိုအချိန်တွင် ဆင်ခေါင်းကြီး ဦးကျော်ဇံနှင့်အတူ လိုက်လာသော စောခိုင်က သူ့နေရာမှ မတ်တပ်ထ၍ ရပ်လိုက် သည်။

"သခင်ကြီး မိုးမှောင်ကိုမသတ်ပါနဲ့ . . . ကျွန်တော် . . . အဖေနေရာမှာ . . . မိုးမှောင်ကို ကျွန်တော်စီးနိုင်ပါတယ် . . . ကျွန်တော်ကို စီးခွင့်ပြုပါ . . ."

အရေးပိုင်ကြီးက စောခိုင်ကို အသေအချာကြည့်နေ သည်။ ငယ်ရွယ်သူ တစ်ယောက်ဖြစ်သော်လည်း ကြံ့ခိုင်၍ ယောကျ်ားပီသသည်။ မိုးမှောင်ကိုစီးနိုင်ခြင်းရှိမရှိ အကဲခတ် သည်။

"မောင်မင်းနာမည် ဘယ်သူလဲ . . ."

"စောခိုင်ပါ . . ."

"သေသွားတဲ့ ဆင်ဦးစီး ဖိုးမောင်ရဲ့သားပါ။ မိုးမှောင်ကြီး နဲ့လဲ အလွန်ရင်းနှီးပါတယ်"

ဆင်ခေါင်းကြီး ဦးကျော်ဇံက ထပြောလိုက်ခြင်းဖြစ် သည်။

"မောင်မင်းလူလေး . . . အသေအချာစဉ်းစားပါဦး . . . ဒီဆင် သတ်တဲ့ လူဆယ့်တစ်ယောက်ရှိသွားပြီ . . . မောင်မင်းစီး နိုင် မင်းအဖေလို အန္တရာယ်ရှိမှာ မကြောက်ဘူးလား . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အဖေကို မိုးမှောင်သတ်တာ မဟုတ်ပါဘူး။ သခင်ကျွန်တော့် အဖေသေတာ သစ်လုံးပိလို့ပါ . . ."

စောနိုင်က သူ့အဖေကို မိုးမှောင်သတ်သည်ဆိုသော စကားလက်မခံနိုင်၍ ပြင်ပေးလိုက်သည်။

"ကောင်းပြီ . . . လူလေး . . . ဒီဆင်က အရုပ်မြင့်တယ်။ အားကောင်းတယ် . . .။ တခြားဆင်တွေ မလုပ်နိုင်တာကို လုပ်နိုင်တယ် . . . စီးရဲတဲ့လူရှိရင် သခင်ကလဲ ဒီဆင်ကို မသတ်ချင်ပါဘူး . . ."

"စဉ်းစားပါအုံးသခင် . . . ဒီဆင်ကို သူမနိုင်ရင်တခြား လူတွေပါ . . . အန္တရာယ်ဖြစ်မှာ စိုးရိမ်ရပါတယ် . . ."

တောခေါင်းကြီးတစ်ယောက်က ထပြောခြင်းဖြစ်သည်။

"မောင်မင်းဆင် တခြားလူတွေကို အန္တရာယ်မဖြစ် အောင် မောင်မင်းထိန်းနိုင်ပါမလား . . ."

"ထိန်းနိုင်ပါတယ် သခင် . . ."

"သေချာပါ့မလား . . ."

"သေချာပါတယ် သခင် . . . ကျွန်တော့်အဖေ လက် ထက်မှာလဲ နှစ်တွေ အကြာကြီးပါပဲ . . . ဘယ်သူ့ကိုမှ အန္တရာယ် မပေးခဲ့ပါဘူး . . ."

"ကောင်းပြီလူကလေး . . . တကယ်လို့ နောက်ထပ် တစ်ယောက်သာ ဒီဆင်ကြောင့် သေရင်တော့ . . . ဒီဆင်ကိုသတ်ပစ် ရမယ် . . ."





"ကောင်းပါပြီ သခင် . . ."

"တကယ်လို့ သေတဲ့ လူဟာ . . . မောင်မင်းမဟုတ်ဘဲ နဲ့ တခြားတစ်ယောက်ဆိုရင်တော့ . . . မောင်မင်းဆင်ကို မောင်မင်း ကိုယ်တိုင် ပစ်သတ်ရမယ် သဘောတူလား . . ."

စောနိုင် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်နေမိသည်။

"ပြောလေ . . . လူလေး . . . မပြောနိုင်ရင်တော့ ခုပဲ သခင် က သူ့ကို ပစ်သတ်ခိုင်းတော့မှာ . . ."

"ကောင်း . . . ကောင်း . . . ပါပြီ . . . သခင် . . . သဘောတူ ပါတယ် . . ."

"ကဲ . . . တောအုပ်ကြီးက အခုပြောတာတွေကို စာနဲ့ ရေးပြီး မနက်ဖြန်ကာ အမိန့်ထုတ်ပါ . . ."

"သခင်ကြီး . . . သူ့ရော . . . သူ့အဖေလို . . . ဆင်ဆိုးစီးခ ရမှာလား . . ."

ဦးကျော်ဇံက ရှင်းသွားအောင် မေးလိုက်ခြင်းဖြစ်သည်။

အရေးပိုင်ကြီးက စောနိုင်ကိုကြည့်ပြီး ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ရမှာပေါ့ . . . သူ့အဖေလိုပဲ ဆင်ဆိုးစီးခပေးလိုက်ပါ . . ."

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၆ )

ကညင်ပင်ဆင်စခန်း၏ မနက်ခင်းလေးမှာ သာယာနေ၏ တောပန်း ရနံ့လေးများမွှေး၍ ငှက်ကလေးများတေးဆိုနေကြ၏။

စောခိုင်သည် တစ်ကောင်တည်းခွဲ၍ ထူးခြားနေ သော မိုးမှောင်ကြီးဆီသို့ ဝမ်းသာအားရပြေးနေ၏။

"မိုးမှောင်ရေ..."

စောခိုင်ကအော်ခေါ်လိုက်သည်။

"ကျည်..."

မိုးမှောင်ကြီးက ပြန်၍အသံပေး၏။





မိုးမှောင်ကြီးအနားသို့ ရောက်သည်နှင့် လှမ်းပေးနေ သော မိုးမှောင်၏ နှာမောင်းကို စောခိုင်က ပွေ့ထားလိုက် သည်။ မျက်နှာကို အစွယ်နှင့်ကပ်ထားသည်။

"မိုးမှောင်...မင်းအသက်ကို အရင်တစ်ခါ ငါ့အဖေ က ကယ်ခဲ့တယ် အခုငါက ကယ်လိုက်ပြန်ပြီ...

မင်းဘယ်သူ့ကိုမှ နာအောင်မလုပ်ပါနဲ့ မင်းကြောင့် တစ်ယောက် ယောက်သေရင်...မင်းကို ငါကိုယ်တိုင်ပစ်သတ် ရမယ်တဲ့... ငါမင်းကို မသတ်ရက်ပါဘူး... အဲဒီလို ပစ်သတ်ရတာ မျိုး ဘယ်တော့မှ မဖြစ်ချင်ဘူး...

ငါလဲ...မင်းကို နာအောင်ဘယ်တော့မှ မလုပ်ဘူး...ဒီ ကြည့် ...

မိုးမှောင်က သူ့လက်နှစ်ဖက်ကို ဖြန့်ပြသည်။

"ငါ့လက်ထဲမှာ လှံလဲမရှိဘူး... ချွန်းလဲမပါဘူး..."

မိုးမှောင်ကြီးက စောခိုင်ပြောသမျှ ငြိမ်သက်စွာ နားထောင် နေသည်။

"မင်းလဲ...ဘယ်သူ့မှ နာအောင်မလုပ်နဲ့... ငါ့အသက် ကို လဲ...မင်းပေးထားတယ်... မင်းအသက်ကလဲ...ငါ့ဆီမှာ ...ငါမင်းကို ဘယ်တော့မှ မသတ်ဘူး... မင်းလဲ ဘယ်သူ့မှ သတ်နဲ့ ...

အဖေ့အစား ငါမင်းကို စီးမယ်နော်... ငါတို့နှစ်ယောက် ခင်ကြမယ်နော်..."

www.burmeseclassic.com



စောခိုင်ကပြောရင်းမှ မိုးမှောင်၏ ပါးပြင်ကြမ်းကြမ်းကြီးကို နမ်းလိုက်သည်။

စောခိုင်ပြောသည်များကို မိုးမှောင်ကြီး နားလည်ဟန်တူပါသည်။

"ကျည်..."

ဝမ်းသာအားရ အော်မြည်၍ စောခိုင်ကို ပွေ့ပြီး သူ့ခေါင်းပေါ်တင်လိုက်သည်။

ဦးစီးအသစ်၊ သခင်အသစ်အဖြစ် ကျေနပ်စွာခံယူလိုက်ခြင်း ဖြစ်ပါသည်။

သစ်ပင်ကြီး တစ်ပင်ကို မှီထိုင်၍ ဆေးတံမှိန်းနေသော ဆင်ခေါင်းကြီး ဦးကျော်ဖံက စောခိုင်နှင့် မိုးမှောင်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေသည်။

"ဩော်...ဖိုးမောင်...ဖိုးမောင်...မသေသင့်ဘဲ သေတာ..."

ဖိုးမောင်ကို သတိရနေမိသည်။

ထိုအချိန်တွင် သာခင်ရောက်လာ၍ ဦးကျော်ဖံဘေးမှာ ထိုင်လိုက်သည်။

"ဦးလေးကျော်ဖံကလဲဗျာ ဟိုကောင် စောခိုင်... မိုးမှောင်ကို ပစ်သတ်ခါနီးမှာ ဘာလို့သွားတားရတာလဲ..."

သာခင်က မကျေမနပ် အပြစ်တင်နေသည်။

"ဟ...ငါကဘာလို့မတားဘဲ နေရမှာလဲ သာခင်ရ မိုးမှောင်မှာ အပြစ်မှမရှိတာ... မင်းလဲမြင်တာပဲ..."

"ဒါပေမဲ့ သူ့ရုတ်တရက်ကွေ့ပြေးလို့ ဆင်ဦးစီးလိမ့်ကျရတာ သူ့မှာ အပြစ်ရှိတာပေါ့ဗျ..."

သာခင်က မိုးမှောင်ကို သေစေချင်နေသည်။

"ဘယ်ရှိမလဲကွ...မင်းသေသေချာချာမှတ်ထား၊ ဆင်ဆိုတာ သူ့သဘာဝကိုက အန္တရာယ်ရှိရင် အလိုလိုသိတယ်ကွ... ဒါကြောင့်မို့ မိုးမှောင်ကြီးက သစ်လုံးကို မတင်ဘဲနေတာ...အဲဒါ ဟို နှာခေါင်းချွန်ကြီးက ဘာမှ နားမလည်ဘဲ အတင်းခိုင်းလို့ ဖြစ်ရတာကွ..."

ဦးကျော်ဖံက မိုးမှောင်မှာ အပြစ်မရှိကြောင်း ရှင်းပြသည်။

"ဒါပေမဲ့ သူက ဆင်ဆိုးပဲ ဦးလေးရာ... ဦးလေးက ဆင်ခေါင်း ကျွန်တော်က ဆင်ခေါင်းခွဲ ကျွန်တော်တို့တာဝန်ယူရတဲ့ ဆင်အုပ်ထဲမှာ ဆင်ဆိုး တစ်ကောင်ပါနေတော့ အလုပ်လုပ်ရတာ အန္တရာယ်များတာပေါ့ဗျာ..."

"မိုးမှောင်က ဆင်ဆိုးမဟုတ်ပါဘူးကွာ...စီးတဲ့လူတွေ မလိမ္မာလို့ အရင်က နာမည်ဆိုးထွက်ခဲ့ရတာပါ မင်းလဲတွေ့တာပဲ... ဖိုးမောင်စီးတာ နှစ်တွေအကြာကြီးပဲ... ဘယ်သူ့ကို ဘာများလုပ်လို့လဲ...တကယ့်ကိုဆင်လိမ္မာကြီးကွ...ခိုင်းသမျှ အကုန်လုပ်ရှာတာပဲ..."

"ဒါပေမဲ့ နောက်ဆုံးတော့ ဆင်ဦးစီး ဖိုးမောင်သေတာ





www.burmeseclassic.com

www.burmeseclassic.com



ပဲ မဟုတ်လား...''

သာခင်က အပြစ်မလွတ်အောင် ပြောချင်သည်။

''ဟ...ဒါတော့...နှာခေါင်းချွန်ကြီး မနိုင်းသင့်တာနိုင်းတာကိုး ဒါတောင်သူ့ခမျာအန္တရာယ်ရှိမှန်း သိရက်နဲ့လုပ်တာ မင်းမြင်တာပဲ... ဖိုးမောင်သေတာ မိုးမှောင်ကြောင့် မဟုတ်ဘူးကွ...အင်္ဂလိပ် မျက်နှာဖြူကြီးကြောင်...''

ဆင်ခေါင်းကြီးကို ဦးကျော်ဖံက ခပ်မာမာပြောလိုက်သည်။

''တစ်ခုတော့ ရှိတယ်ကွ...ဒီလိုဆင်ကြီးတွေဟာ ခွန်အား ကြီးသလို စိတ်လဲကြီးတယ်ကွ...သူတို့အပေါ်ဆိုးမှ သူတို့ကပြန်ဆိုးတာပါ။ တကယ်ကျတော့ တို့စခန်းမှာ ဘယ်ဆင်မှ မလုပ်နိုင် တဲ့ အခက်အခဲဆိုရင် မိုးမှောင်ကြီးပဲလုပ်ရတာ...''

''ဟုတ်တော့ဟုတ်ပါတယ်...ဦးလေးရာ...ဒါပေမဲ့ စောနိုင်ဆိုတဲ့ ကောင်လေးက မလောက်လေး မလောက်စားနဲ့ သူ့ကိုယ်သူ ဆင်ဆိုးစီးရတယ် ဆင်ဆိုးစီးခရတယ်ဆိုပြီး လက်မထောင်လာရင်တော့ ကျုပ်ကကြည့်လို့ရမှာမဟုတ်ဘူး...''

ဦးကျော်ဖံက သာခင်ကို လှမ်းကြည့်ရင်း ဆေးတံထဲမှ ဆေးချေးများကို သစ်မြစ်ပေါ်သို့ ခေါက်ချလိုက်သည်။

''ခုထိ ငါတွေ့တာတော့ စောနိုင်ကမင်းပြောသလို ကောင်လေးမျိုးမဟုတ်ဘူးကွာ...''

''အဲဒါကတော့ စောင့်ကြည့်ရအုံးမှာပဲ။ ဒီအဖွဲ့မှာ ဦးလေး





က ဆင်ခေါင်း၊ ကျုပ်ကဆင်ခေါင်းခွဲ...ဦးလေးကိုဖြစ်ဖြစ် ကျုပ်ကိုဖြစ်ဖြစ် မရိုမသေလုပ်လို့ကတော့ ကျုပ်နဲ့တွေ့မှာပဲ...''

ဦးကျော်ဖံက သာခင်ပြောပုံကို သဘောမကျ ခုမှ ဖိုးမောင်သေ၍ ဆင်ခေါင်းခွဲဖြစ်လာသည်မှာ ရက်ပိုင်းသာ ရှိသေးသည်။ အာဏာပါဝါပြချင်နေပြီ။ ဖိုးမောင်ဆင်ခေါင်းခွဲလုပ်စဉ်က သူ့အပေါ် မှာ ဘာမျှ မောက်မာခဲ့တာမရှိ၊ သူ့ အလှည့်ကျတော့ ဖိုးမောင်၏သား စောနိုင်အပေါ်မှာ တင်းမာချင်နေသည်။

''လုပ်မှာ မဟုတ်ပါဘူးကွာ...သူ့အဖေ ဖိုးမောင်ဆိုရင် ဆင်ဆိုးစီးလို့ မျက်နှာပွင့်ခဲ့ပေမဲ့ ဘာမှမာနမတက်ပါဘူး...''

''မတက်ရင် ကျုပ်ကလဲ ဘာမှမပြောချင်ပါဘူး...တက်ရင်မခံဘူးလို့ ပြောတာပါ''

ဦးကျော်ဖံစိတ်ထဲမှာ–

''ဒီကောင်ကတော့ ပြဿနာကောင်ပဲ...'' ဟုတွေးနေမိသည်။

သာခင်ကလည်း ဦးကျော်ဖံ ပြောပုံမှာ သူ့ဘက်မှမပါ၍ မကျေမနပ် ဖြစ်နေသည်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၇ )

"စောနိုင်ရေ. . .နင်ဘယ်မှာလဲဟေ့ . . ."

ဖြူမအသံကြား၍ စောနိုင်စမ်းချောင်းလေဘေးရှိ ကျောက်တုံးပေါ်တွင် ထိုင်နေရာမှ ထလာသည်။

"ဖြူမရေ. . .ငါဒီမှာဟေ့ . . ." ဟုလည်း အသံပေးလိုက်သည်။

စောနိုင်သည် သူ့ဆင်မိုးမှောင်ကို သစ်တောဘက်မှ ထွက်ကျောင်းနေခြင်းဖြစ်သည်။

ဖြူမက စောနိုင်ရှိရာသို့ အပြေးလေးရောက်လာသည်။





"ဒီမှာ မိုးမှောင်ဖို့ ထန်းလျက်နဲ့ မန်ကျီးသီးမှည့်" ဖြူမက သူ့လက်ထဲမှ အထုပ်လေးကို မြှောက်ပြသည်။

"ငါ့ဖို့ရော. . ."

"နင့်ဖို့ အရီး သန်းကြည်က ဆန်ရယ်၊ ဆီရယ်၊ ဆားရယ်၊ ပဲရယ်. . . ထည့်ပေးလိုက်တယ်. . .နင့်တဲထဲမှာ ထားခဲ့တယ်. . ."

"အဲဒါက. . .အမေပေးတာပဲဟ. . .နင်ကရော. . ."

"ဟင်း. . .ဟင်း. . .ပါပါတယ်ဟာ. . .နင်ကလဲ. . ."

ဖြူမက ပဲလှော်ထုပ်ကို လှမ်းပေးရင်း မျက်စောင်းထိုးလိုက်သည်။

"နင်ကသိပ်လိမ္မာတာ့ဒါကြောင့် နင့်ကို. . . .ငါသိပ်ချစ်နေရတာ. . ."

စောနိုင်က ပဲလှော်ထုပ်ကို မယူဘဲ. . .ပဲလှော်ထုပ်ပေးနေသော ဖြူမ၏ လက်ကလေးကို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားလိုက်သည်။

"ဟေ. . .အဲဒီလိုမလုပ်နဲ့လေ. . .အဖေမြင်သွားရင် မကောင်းဘူး. . ."

"မမြင်ပါဘူးဟာ. . .သူတို့ဆင်တွေက မိုးမှောင်နဲ့ဝေးတဲ့နေရာ သွားစားနေကြမှာပါ. . .ဆင်ဦးစီးတွေကလဲ သူတို့ဆင်ရှိတဲ့ နေရာရောက်နေကြမှာပါ. . ."

"လာ. . .မိုးမှောင်ကြီးဆီသွား ထန်းလျက် ကျွေးရအောင်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဖြူမက မိုးမှောင်ကြီးဆီလျှောက်သွား၍ စောခိုင်နောက်မှ လိုက်ရသည်။

"မိုးမှောင်ရေ . . ."

ဖြူမအသံကြား၍ မိုးမှောင်ကြီးက လှည့်ကြည့်သည်။

"ကျည် . . ."

ဖြူမကိုမြင်သည်နှင့် အသံပြု၍ နှာမောင်းကြီးကို ဆန့်တန်း ပြီး ဆီးကြိုသည်။

ဖြူမက မိုးမှောင်ကြီးနှာမောင်းကိုကိုင်၍ ပါးပြင်ကြီးကို ပွတ်ပေးရင်း သူမှာပါလာသည့် ထန်းလျက်နှင့် မန်ကျည်းသီးမှည့်ကိုကျွေးသည်။

"မိုးမှောင် . . . ဖြူမကို ချစ်လား . . ."

စောခိုင်က မိုးမှောင်၏ ပါးတစ်ဖက်ကို ပွတ်ပေးရင်း မေးသည်။

မိုးမှောင်ခေါင်းညိတ်ပြ၍ စောခိုင်ရော ဖြူမပါသဘောကျစွာရယ်ကြသည်။

"ငါ့ကိုရော ချစ်လား . . ."

မိုးမှောင်ကြီးက ခေါင်းညိတ်ပြသည်။

"ငါနဲ့ ဖြူမနဲ့ယူရင် သဘောတူလား . . ."

မိုးမှောင်ခေါင်းညိတ်ပြ၍ စောခိုင်သဘောကျစွာ ရယ်သည်။

"ဆင်ကို ဘာတွေလျှောက်ပြောနေတာလဲ . . ."





ဖြူမရှက်သွားသည်။

"ပြောထားရတာပေါ့ဟ . . . ဆင်ဦးစီးတွေ မိန်းမယူရင် သူတို့ ဆင်သဘောတူတဲ့ မိန်းကလေးမှ ယူရတာ . . ."

"နင့်ကို ဘယ်သူကယူမယ် ပြောသေးလို့လဲ . . ."

"မပြောသေးပေမဲ့ မိုးမှောင်ကိုကြိုမေးထားရတာပေါ့ဟ . . ."

"မိုးမှောင်က သဘောမတူဘူး ဆိုရင်ရော . . ."

"တူပါလို့ ချော့ပြောမှာပေါ့ . . ."

"နင်လူလည် . . ."

စောခိုင်ရယ်လိုက်သည်။

"နေပူတယ်ဟ . . . လာ . . . ဟိုမှာ . . . စမ်းချောင်းလေးဘေး သွားထိုင်ရအောင် . . ."

စောခိုင်က ဖြူမလက်ကလေးကို ဆွဲခေါ်သွားသည်။

"မိုးမှောင်ရေ . . . ဒီနားမှာပဲစားနော် . . . ဝေးဝေးမသွားနဲ့ . . ."

မိုးမှောင်ခေါင်းညိတ်လျက် ကျန်ရစ်ခဲ့ပါသည်။

စမ်းချောင်းလေးဘေးမှာ တောင်ပျက်ပျောပင်ကြီးများ၏ အရွက်ဖားဖားကြီးများက အုပ်မိုးနေ၏။

ကြည်လင်အေးမြသော စမ်းရေလေးများ တသွင်သွင် စီးဆင်းနေသည်။

ရေမွှေးပန်းအဖြူလေးများ အပြာလေးများက အပွင့်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ပြိုင် ၍ အလုချင်းပြိုင်နေကြသည်။

"လာ...ဒီနေရာလေးမှာ ထိုင်မယ်..."

စောနိုင်စိတ်ကူးယဉ်စွာ ရှာဖွေထားသည့် စမ်းချောင်းအေးမှ ကျောက်တုံးကြီးနှစ်တုံးမှာ နှစ်ဦးသားမျက်နှာချင်းဆိုင်၍ ထိုင်ကြ၏။

ဖြူမက သူ့ခြေထောက်လေးများကို စမ်းရေထဲမှာချထားသည်။ စမ်းရေ အေးအေးလေးက ဖြူမ၏ ဖြူဖွေးသော ခြေထောက်လေး များကို တို့ဝှေ့စီးဆင်းနေသည်။

"ဖြူမ..."

"ဘာလဲဟ...လန့်လိုက်တာ..."

"နင်ကလဲ...ငါခေါ်တာများ ဘာလန့်စရာရှိလို့လဲ..."

"နင် ခေါ်ပုံက လန့်စရာ ကောင်းတာကိုးဟ..."

"ငါနင့်ကို ပြောစရာ...ရှိလို့"

"ပြောစရာရှိရင် ပြောပေါ့ ...နင်ကလဲ..."

"ငါ့ကိုကြည့်"

"ဟင်...အင်း... ဒီအတိုင်းပြော..."

ဖြူမက စမ်းရေလေးများကို ကြည့်နေသည်။

"ငါတို့လက်ထပ်ကြစို့"

ဖြူမရယ်လိုက်သည်။

"နင်က ဘာရယ်တာလဲဟ..."

"ငါမှ နင့်ကို...အဖြေမပေးရသေးပဲနဲ့ ..."





"နင်...အဲဒီလိုမလုပ်နဲ့နော်...နင်...မျက်လုံးတွေက ငါ့ကို အဖြေပေးပြီးသား..."

ဖြူမပြုံးလိုက်သည်။

"အဲဒါ...နင်ဘာသာထင်တာပဲဟ..."

"ဒါဆို...ငါထင်တာမဟုတ်ဘူးလားပြော..."

ဖြူမကဘာမျှ မပြော၍ စောနိုင်က ဖြူမ၏ လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"ပြောလေ..."

"ဘာပြောရမှာလဲဟ..."

"ချစ်တယ်...လို့..."

"ဟင်း...ရှက်စရာကြီး..."

"ရှက်နေလို့မဖြစ်ဘူးဟ...နင်...အဲဒီလိုပြောပြီးမှ ဖြစ်မှာ မဟုတ်ရင် နင်က အူကြောင်ကြောင်...လုပ်နေအုံးမှာ..."

"အဲဒီလိုတော့ မပြောချင်ဘူးဟ..."

"ဒါဖြင့် ဘယ်လိုပြောမှာလဲ...ပြော..."

"နင်လိုချင်တဲ့ အဖြေပေးလိုက်ပြီလို့ ..."

"ဒါဆို...နင်ငါ့ကိုချစ်တယ်ပေါ့ ...ဟုတ်လား ..."

ဖြူမက ခေါင်းညိတ်ပြသည်။

"အား...ပျော်လိုက်တာ..."

စောနိုင်ဝမ်းသာလွန်း၍ အော်ဟစ်ပြီး စမ်းချောင်းလေးအတိုင်း ပြေးတက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"စောနိုင်ဘာဖြစ်တာလဲဟ . . . ရူးသွားပြီလား . . ."

"အေး . . . ဟုတ်တယ် . . . ငါရူးသွားပြီ . . ."

စမ်းချောင်းလေးမှာ ပွင့်နေသော ရေမွှေးပန်းအဖြူလေးများကို စောနိုင်ခူးယူလာသည်။ ဖြူမရှေ့မှ ကျောက်တုံးမှာ ပြန်ထိုင်သည်။

"ပျော်လိုက်တာဟာ . . . နင့်ကို . . . ငါပန်းပန်ပေးမယ် နော် . . . ငြိမ်ငြိမ်လေးနေ . . ."

ဖြူမ၏ခေါင်းမှာ စောနိုင်ပန်းပန်ပေးသည်။ ဖြူမခေါင်းလေးငုံ့၍ ငြိမ်နေသည်။

"မော့ . . ."

ဖြူမ၏ မေးလေးကို စောနိုင်ကိုင်လိုက်သည်။

ဖြူမမျက်နှာလေး မော့လာသည်။

"ချစ်စရာကောင်းလိုက်တာဟာ . . . နင်ကသိပ်လှတာပဲ . . ."

"ဒါလောက်မဟုတ်ပါဘူးဟ . . . နင်ကချစ်လို့ပါ . . ."

"ငါတို့ မြန်မြန်လက်ထပ်ကြစို့ဟ . . ."

"တစ်နှစ်လောက်တော့ စောင့်ပါအုံးဟယ် . . ."

"ဟာ . . . မစောင့်နိုင်ဘူး . . . တစ်နှစ်ဆို အကြာကြီးပဲ . . ."

"မကြာပါဘူးဟ . . . ခဏလေးနဲ့ ပြည့်သွားမှာပါ . . ."

"ဒီကြားထဲ ကိုသာခင်ကြီးက . . ."

"စိတ်ချ . . . ငါ . . . မကြိုက်မှန်းသိလို့ သူမစရဲတော့





ဘူး . . . အမေက လဲသူ့ကို သဘောမကျဘူးဟ . . ."

"ဘာလိုပဲဖြစ်ဖြစ်ဟ . . . ငါကတော့ မြန်မြန်လက်ထပ်ပြီးမှ စိတ်အေးရမှာ . . ."

"ငါ . . . နင့်ကို အဖြေပေးပြီးပြီပဲဟာ . . . စိတ်အေးအေးနေပေါ့ . . ."

"နင်ကသိပ်ချောတော့ . . . ငါရင်ထဲမှာ မောတယ်ဟ . . ."

စောနိုင်သက်ပြင်းတစ်ချက်ချလိုက်သည်။

ဖြူမက ချစ်ခင်ကြင်နာသော မျက်လုံးများနှင့် စောနိုင်ကို ကြည့်နေသည်။

"အို . . ."

အကြည့်ချင်းဆုံရသည်မှာ ရင်ခုန်ရလွန်းသည်။

"နင့်မျက်လုံးတွေ ပိတ်ထားလိုက်စမ်းပါဟာ . . ."

"ဘာဖြစ်လို့လဲ ဟ . . ."

ဖြူမနားမလည် . . .

"ခဏပိတ်ထားလိုက်စမ်းပါ . . ."

စောနိုင်က ထပ်ပြောနေ၍ ဖြူမဘာမှန်းမသိဘဲ မျက်လုံးများကိုပိတ်ထားလိုက်သည်။

"ဟယ် . . . ကြည့်စမ်း . . . စောနိုင် . . . နင် . . ."

ရက်စက်ကြောင့် နီမြန်းနေသော ပါးပြင်လေးများကို ဖြူမလက်ဖြင့် အသာအယာပွတ်နေမိသည်။

"နင်မကောင်းဘူး . . ."



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟာ . . . နင်မကျေနပ်ရင် . . . ငါ့ပါးကို ပြန်နမ်းပါ . . ."

"ဟင် . . . ကဲ ပြောအုံး . . . ပြောအုံး . . ."

ဖြူမက စောခိုင်၏ရင်ဘတ်ကို ဆက်ခါဆက်ခါ ထုနေ၍ ဖြူမ၏ လက်ကလေးကို စောခိုင်ဖမ်းဆုပ်ထားလိုက်ပြီး ဖြူမကို ရင်ခွင်ထဲမှာ ဆွဲယူပွေ့ဖက်ထားလိုက်သည်။

ဖြူမရုန်းဖယ်နိုင်စွမ်းမရှိတော့ဘဲ စောခိုင်၏ ရင်မှာ ပါးလေးကပ်လျက်

"ဟယ် . . . နင့်ရင်ခုန်သံတွေက မြန်လိုက်တာ . . ."

ဖြူမ အံ့သြနေသည်။

"အဲဒါ နင့်ကို ချစ်လွန်းလို့ဟ . . . ငြိမ်ငြိမ်လေးနေနော် . . ."

စောခိုင်က ဖြူမကို မြတ်နိုးကြင်နာစွာ ပွေ့ဖက်ထားလိုက်သည်။

ဖြူမ၏ရင်မှာလည်း စောခိုင်နှယ်ပင် အခုန်မြန်လျက်ရှိနေပါသည်။

ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်နေ၏။

ပန်းရည်စုတ်ငှက်ကလေး၏ တေးဆိုသံက လှသော စမ်းချောင်းလေးကို သာယာမှုဖြည့်ပေးနေ၏။

တစ်ယောက်ကို တစ်ယောက်တင်းကျပ်စွာ ဖက်ထားမိကြသော ချစ်သူ နှစ်ယောက်၏ရင်ခုန်သံမှာ စမ်းရေစီးသံနှင့်





ယှဉ်ပြိုင်လျက် . . .။

နူးညံ့သိမ်မွေ့သော အတွေ့အထိများနှင့်အတူ ကြည်ဖြူတင့်ဆန်းသော အနမ်းပန်းများ ပွင့်လန်းလျက် . . .။

ထိုအချိန်တွင် စမ်းချောင်းလေး၏ အောက်ဘက်ဆီမှ ထွက်ပေါ်လာသော အသံကို နှစ်ယောက်စလုံး ကြားမိကြသည်။

"ဟင် . . . နားထောင်စမ်း . . . ရေထဲ လျှောက်လာတဲ့ အသံကြားရတယ် . . . တောကောင်လားမသိဘူး . . ."

ဖြူမ သတိပေးရင်း စောခိုင်ရင်ခွင်မှ ထလိုက်သည်။

စောခိုင်က ဖြူမကိုဖက်ထားရာမှ လွှတ်၍ ခါးမှဓားကောက်ကိုဆွဲထုတ်ပြီး ရုတ်တရက် ထကြည့်လိုက်သည်။

ချောင်းထဲမှ လာနေသည်က သာခင်

"ဩော် . . . မင်းတို့က ဒီမှာကိုး . . . ဖြူမနင်ကဒီမှာ ဘာလုပ်နေတာလဲ နင့် အဖေလိုက်ရှာနေတယ် . . . လာ . . . လိုက်ခဲ့ . . ."

သာခင်က ဖြူမလက်ကို ဆွဲခေါ်မည်ပြုသည်။

"အို . . . ကျုပ်တို့ ဘာသာ အေးအေးဆေးဆေး စကားပြောနေတာပဲ . . . ပြီးတော့သွားမှာပေါ့ . . ."

ဖြူမက သူ့လက်ကို အထိမခံ

"ဟေ့ကောင် . . . စောခိုင် . . . မင်းဆင်ကဆင်ဆိုး . . . ဒီအတိုင်းပစ်ထားလို့ရလား . . . တခြားဆင်တွေ . . . လူတွေကို အန္တရာယ်ပေးရင် . . . မင်းဆင်ကို ပစ်သတ်ရလိမ့်မယ် . . ."

အရက်သောက်ထားသော သာခင်က ဆင်ခေါင်းခွဲ အာ



www.burmeseclassic.com

www.burmeseclassic.com



ထာ ပြနေသည်။

"ကျုပ်ဆင်က ဒီဘက်တောမှာ သူတစ်ကောင်ထဲ စားနေတာဗျ... ဘယ်ဆင်မှ အန္တရာယ်မပေးဘူး... သူ့ကိုရန်မလုပ်ရင်လဲ ဘယ်သူ့မှ ဒုက္ခမပေးဘူး... စိတ်ချ..."

"ပြောလို့ရမလားကွ...မင်းဆင်ကဆင်ဆိုးပဲ... မင်းတို့ ဆင်ဆိုးစီးခတော့ပိုယူပြီး ဆင်ကျတော့ သေသေချာချာ လိုက်မထိန်းချင်ဘူး..."

သာခင်၏ တမင်သက်သက် မောက်မာမှုကြောင့် စောနိုင် မျက်နှာထား တင်းသွားသည်။

"ဆင်ဆိုးစီးခယူတာခင်ဗျားနဲ့ မဆိုင်ပါဘူး... ဒါက ထုံးစံအတိုင်းပေးရတာပဲဗျ..."

"ဘာကွ...မင်းက ငါ့ကို အာခံတာလား...ငါက ဆင်ခေါင်း ခွဲကွနားလည်လား..."

"ဆင်ခေါင်းခွဲက အရက်မူးပြီး နေရာတကာလိုက် မိုလ်ကျနေလို့တော့ ဘယ်ရမလဲဗျ..."

"ဘာကွ... မင်းကများငါ့ကို...ကဲကွာ..."

သာခင်သည် ပြော၍ စောနိုင်ကို လက်သီးဖြင့် ထိုးလိုက်သည်။ စောနိုင် အသာလေးရှောင်ပေးလိုက်သည်။

အရက်မူးနေသော သာခင် သူ့အရှိန်နှင့် သူအားလွန်၍ စမ်းချောင်းထဲသို့ လဲကျသွားသည်။

"လာ...ဖြူမ...သွားမယ်..."





စောနိုင်က ဖြူမ၏လက်ကိုဆွဲခေါ်သွားသည်။

"တောက်...သိကြသေးတာပေါ့ စောနိုင်ရာ..."

✿ ✿ ✿ ✿ ✿

သို့ငြေ



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၈ )

ဆင်ဦးစီးဆိုင် အရက်သောက်ခဲ့သော တဲလေးကို မိုးမှောင်ကြီးဖျက်ဆီးပစ်၍ အရက်သမားများက အသစ်ပြန်ဆောက်ထားကြသည်။ ညနေပိုင်းအလုပ် နားချိန်မှာ ထုံးစံအတိုင်း ဝိုင်းဖွဲ့နေကြသည်။

"သာခင်... မင်းနဲ့ဖြူမက ဘယ်တော့ ဓဂ်လာဆောင်မှာလဲကွာ... ငါတို့စားချင်လှပြီ..." ထွန်းကျော်က သာခင်...ရှေ့မှ လက်ဖက်ရည် ပန်းကန်လုံးထဲသို့ အရက်ဖြူများ ငှဲ့ထည့်ပေးရင်းမေးလိုက်သည်။





"ဆောင်မှာပေါ့ဗျာ...ဖြည်းဖြည်းပေါ့ ..."

"ဖြည်းဖြည်းမလုပ်နဲ့ကွ . . .ဖြူမနဲ့ စောနိုင်က ငယ်သူငယ်ချင်းဆိုတော့ တတွဲတွဲနဲ့ သွားလိုက်ကြ လာလိုက်ကြ . . . တော်ကြာ စောနိုင်လက်ပါ သွားအုံးမယ်..."

သာခင်က သူ့ရှေ့မှ အရက်ဖြူခွက်ကို . . .ရေမရောဘဲ...တစ်ချက်တည်း မော့ချလိုက်သည်။

"တို့...စောနိုင်က သေမဲ့ကောင်ပါဗျာ... ထည့်ပြောမနေစမ်းပါနဲ့"

"ဟ...ဘယ်လိုလုပ်သေမလဲကွ... ဒီကောင်က ငယ်သေးတာပဲ..."

"ကိုထွန်းကျော်ကလဲဗျာ . . .ဒီကောင်စီးနေတဲ့ မိုးမှောင်က ဆင်ဆိုးဗျ..."

"ဆင်ဆိုးပေမဲ့ ...သူ့ဆင်က သူ့သိပ်ချစ်တာကွ..."

"သူ့အဖေ ဖိုးမောင်ကို ချစ်သလောက် မိုးမှောင်က သူ့ချစ်မှာလား...သူ့အဖေ ဖိုးမောင်တောင်...မိုးမှောင်ကြောင့် သေရ သေးတာပဲ . . .ခင်ဗျားတို့ ကြည့်ထား//. . .ဒီကောင် မကြာခင် အသေဆိုးသေမှာ..."

သာခင်က နောက်တစ်ခွက် သူ့ဘာသာငှဲ့သောက်နေသည်။

"အေးပါကွာ...ငါတို့က...မင်းအတွက်စိုးရိမ်လို့ ပြောတာပါ... ဖြူမက တစ်ရက်ထက်တစ်ရက် ပိုလှလာတယ်...



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ သိပ်လိုက်ဖက်တာကွ ငါတို့က . . . မင်းနဲ့ပဲ ညားစေချင်တာ . . .”

“ဟား . . . ဟား . . . ညားမှာပေါ့ဗျာ . . . သောက်ကြ . . . ဒီနေ့သောက်တာ အကုန်လုံးကျုပ်ပေးမယ် . . .။ အကြိုပေါ့ဗျ . . . မင်္ဂလာဆောင်တဲ့ နေ့ကျမှ ကြက်သား ကာလသားချက်နဲ့ အဝသောက်ကြ . . .”

“အေးကွာ . . . မြန်မြန်မင်္ဂလာဆောင်ရပါစေ . . .”

သာခင်ခွက်ထဲသို့ ထွန်းကျော်က ထပ်ထည့်ပေးသည်။ သူကိုယ်တိုင်လည်း တစ်ခွက်ငှဲ၍ မော့လိုက်သည်။

“ဒီမယ် . . . သာခင် . . . မင်းတော့မသိဘူး . . . ငါတော့ ဖိုးမောင်ရော သူ့သားစောနိုင်ဆိုတဲ့ ကောင်ကိုရော ကြည့်လို့ မရဘူး . . . သူ့အဖေဖိုးမောင်ကလဲ ငါ့သူငယ်ချင်းငဆိုင်ကို သတ်တဲ့ မိုးမှောင်ကို ပစ်သတ်ဖို့ အမိန့်ချပြီးမှ ဆင်ဦးစီးမှူးနေလို့ပါဆိုပြီး မိုးမှောင်ကို မသတ်ဖို့ ပြောခဲ့တာ ပြီးမှသူက ဆင်ဆိုးစီးခယူတာကွ . . . ခုတော့ သူလဲဘာထူးလဲ . . . အရက်မသောက်ပေမဲ့ သေတာပဲ . . . အခုသူ့သားကလဲဘာထူးလဲ . . . မိုးမှောင်ကို မသတ်ပါနဲ့လို့ အတင်းဝင်ပြီး ဆင်ဆိုးစီးခယူနေတာ . . . ငါက ဒီဆင်ကိုဘယ်တော့မှ မကြေဘူး . . . ဟင်း . . . ငါတို့ အရက်သောက်တဲ့တဲပါ ဒီဆင်က ဖျက်လိုက်သေးတယ်။

ထွန်းကျော်က အစထောင်ပေးလိုက်သည်။

“ဖျက်တော့ အသစ်ဆောက်တာပေါ့ကွာ . . . ဒီဆင်





ဘာတတ်နိုင်သေးလဲ”

ငဆိုင်၏ညီ ငကြိုင်ကလည်း မိုးမှောင်ကို မကျေနပ် သာခင်က သူ့လက်ထဲမှ အရက်ခွက်ကိုမော့ပြီး ဟန်ပါပါနှင့် လက်ဝါးကိုမြှောက်၍ ခါပြလိုက်သည်။

“ဟင်း . . . ဟင်း . . . ခင်ဗျားတို့ ကြည့်နေကြပါ။ စောနိုင်ကို မိုးမှောင်သတ်ပြီး မိုးမှောင်ကို . . . သေနတ်နဲ့ ပစ်သတ်တာ . . . မကြာ ခင်မြင်ရမယ် ဒီမလောက်လေး . . . မလောက်စားကောင် . . . သာခင် ကို လာယှဉ်လို့ ဘယ်ရမလဲ . . . မနေ့ကပဲ . . . ဒီကောင့်ကို ကျုပ် ထိုးပစ်လိုက်ပြီးပြီ . . .”

“ဟုတ်လား . . .”

“ဟုတ်တာပေါ့ . . .”

သာခင်ပြောပုံက အားပါတာရ။

“ကောင်းတယ် . . .”

သာခင်တိုက်သော အရက်ကိုသောက်နေသူများက သာခင် သဘောကျ ထောက်ခံလိုက်ကြသည်။

သာခင်က စောနိုင်ကို မထိဘဲ . . . သူ့မြောင်းထဲလဲကျသည်ကိုတော့ပြောခြင်းမရှိ။

“သောက်ကြကွာ . . . သောက်ကြ . . . မဝရင်ထပ်ယူကြ . . .”

သာခင်၏ ခွင့်ပြုချက်နှင့် ထွန်းကျော်က နောက်တစ်လုံးထပ်၍ မှာလိုက်လေသည်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၉ )

ကျောင်းကင်မှာ နေမင်းက ပူပြင်းလျက် . . .

တောင်ပေါ်သစ်ထုတ်လုပ်ရေးစခန်းမှာ ဆင်များနှင့်လူ များ စည်ကားစွာ လှုပ်ရှားနေကြသည်။

သစ်တောဝန်ထောက် အင်္ဂလိပ်လူမျိုး မစ္စတာစမစ် ကိုယ်တိုင် လာရောက် ကြီးကြပ်၍ ခုတ်လှဲပြီးသစ်လုံးများကို တောင်ကြားထဲမှ ဆွဲထုတ်နေသောကြောင့်ဖြစ်သည်။

ဆင်များမှာ . . . တောင်စောင်းများတွင် သစ်လုံးများ ကို ဆွဲတင်ရသောကြောင့် ခါတိုင်းထက်နှစ်ဆပို၍ ပင်ပန်းနေကြ





သည်။ အန္တရာယ်လည်းများလှသည်။

"ကျည် . . . ကျည် . . ."

ဖရှူး . . . ဖရှူး

ကျည် . . . ကျည် . . .

ဆင်တို့၏ အော်ဟစ်သံ၊ 'နှာမှုတ်သံ၊ ဆင်ဦးစီးများ ၏ ဆင်ကိုသတိပေးသံ၊ ငေါက်သံ၊ ချော့သံများ ဆူညံနေသည်။

"ဟိုတောင်စောင်းက သစ်လုံးကြီးကို ဘယ်ကိုဆွဲမလဲ ဆင်ခေါင်းကြီး . . ."

ကြီးရုံမက အလွန်လှသော ကျွန်းသစ်လုံးချောကြီး ဖြစ် သည်။

သစ်ခုတ်သမားများက ခုတ်လှဲထားခဲ့ကြပြီးဖြစ်၍ သူ တို့ တာဝန်ကျေပြီး သစ်လုံးကြီးက တောင်စောင်းမှာ အလျား လိုက် ကန့်လန့်လှဲကျနေသည်။

'တော်တော်ခက်မယ် သခင် . . . တစ်ဖက်က ချောက်ကမ်း ပါးကြီးဖြစ်ပြီး ဆင်သွားဖို့ လမ်းမှာလဲ . . . သိပ်ကျဉ်းနေတယ် . . ."

ဆင်ခေါင်းကြီး ဦးကျော်ဇံ သစ်လုံးကြီးကိုကြည့်ပြီး ဆွဲတင်ရမည့် အရေးရင်လေးနေသည်။

"အား . . . ဒီသစ်လုံးကြီးကိုတော့ . . . ဒီအတိုင်းထားခဲ့ လို့ဘယ်ဖြစ်မလဲ အလွန်ကောင်းတဲ့ သစ်လုံးကြီးပဲ . . .။ အင်္ဂလန် ကို ပို့လိုက်ရင် အလွန်အဖိုးတန်မယ် . . ."

"မောင်မင်းဆင်သမားတွေကို ရအောင်ဆွဲခိုင်းပါ . . ."

www.burmeseclassic.com



မစ္စတာစမစ်က အမိန့်ပေးနေပြီ...

"ဆွဲတဲ့ဆင်...အန္တရာယ်သိပ်များမယ် သခင်..."

ဆင်ခေါင်းကြီး ဦးကျော်ဖံက အခက်အခဲကို မြင်နေသည်။

"အို...မောင်မင်းအလကားလူပဲ..."

ဆင်ခေါင်းကြီးကို မစ္စတာစမစ်မကျေမနပ် ဖြစ်သွားသည်။

"ကျွန်တော်တို့ ဆင်အဖွဲ့ဆွဲနိုင်ပါတယ်...သခင်..."

သာခင်က မစ္စတာစမစ်ကို မျက်နှာလိုအားရ ပြောလိုက်သည်။

"အား...မောင်မင်းအားကြီးတော်တယ်...တွေ့လား ဆင် ခေါင်းကြီး"

ဦးကျော်ဖံကတော့ သာခင်ပြဿနာရှာပြီဟု နားလည်လိုက်သည်။

"ဘယ်လိုဆွဲမလဲ...မောင်မင်းလုပ်ပါ...သခင်ကိုယ်တိုင်ကြည့်မယ်..."

မစ္စတာစမစ် လောဘဇောဖြင့် ဝမ်းသာအားတက်ဖြစ်နေသည်။

"ကျွန်တော်တို့ အဖွဲ့မှာပါတဲ့...မိုးမှောင်ဆိုတဲ့ ဆင်ကြီးဟာ...အလွန်အားကောင်းပါတယ် သခင်...အရင်ကလဲ...ဒီလို သစ်လုံးကြီးတွေကို ဒီလိုတောင်ကြားက ဆွဲထုတ်ပေးခဲ့ဖူးပါတယ်..."

သာခင်၏ စိတ်ရင်းယုတ်ညံ့မှုကို ဦးကျော်ဖံ သိမြင်လိုက်





ပါပြီ။

စောနိုင်ကတော့ အစကတည်းက သူနှင့်မိုးမှောင်ကြီးထံ ဤတာဝန် ရောက်လာမည်ကို သိထားပြီး ဖြစ်နေပါသည်။ တုန်လှုပ်တော့ပါ။

"မိုးမှောင်တစ်ကောင်ထဲ အားနဲ့တော့ ဘယ်ဆွဲလို့ရမလဲ... သစ်လုံးရော...ဆင်ပါ...တောင်ကြားထဲကျသွားမှာပေါ့...အဲဒါလဲ မင်းစဉ်းစားအုံး..."

ဦးကျော်ဖံက သာခင်ကို သတိပေးလိုက်သည်။

"မကျပါဘူး...မိုးမှောင်က သစ်လုံးကို ကြိုးနဲ့ဆွဲ ဆင်နေတဲ့အချိန်မှာ သစ်လုံးချောက်ထဲ ကျမသွားအောင် ထိန်းကြိုးချည်ပြီး ကျွန်တော်ဆင်နဲ့ ဟိုဘက် တောင်စောင်းလမ်းပေါ်ကနေ ဆွဲထိန်းပေးနိုင်ပါတယ် သခင်..."

သာခင်က အကြံကောင်း ဉာဏ်ကောင်းပေးနေသည်။ သူ့ဆင်နှင့်သူ ရှိမည့်နေရာက တစ်ဖက်တောင်စောင်းမှ အန္တရာယ်ကင်းသည့်နေရာ...

"အို...သိပ်ကောင်းတယ်...မောင်မင်းအားကြီး ဉာဏ်ကောင်းတယ် ဘယ်မှာလဲ...အဲဒီဆင်ကြီးက...ဆင်ခေါင်းကြီး...ခေါ်လေ...ခင်ဗျား...လူတွေကို အခုသူပြောတဲ့အတိုင်းဖြစ်အောင်လုပ်ပါ ရအောင်ခိုင်းပါ...သခင် ဒီနေရာက ကြည့်မယ်..."

မစ္စတာစမစ်က တောင်ကုန်းလေးပေါ်ရှိ မိုးကာတဲ အတွင်း



www.burmeseclassic.com

www.burmeseclassic.com



မှ ကုလားထိုင်တွင်ထိုင်၍ စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်သည်။

ဦးကျော်ဇံ စိတ်ထဲမှာ လေးလံ၍ သက်ပြင်းတစ်ချက်ချလိုက်သည်။

စောခိုင်ကတော့ မိုးမှောင်၏ ကိုယ်မှာပတ်ထားသော သံကြိုးကြီးများဖြင့် သစ်လုံးမှာ ခိုင်မြဲအောင် ကိုယ်တိုင်ချည်သည်။

သာခင်ကတော့ သစ်လုံး၏ အလယ်တွင် အုန်းဆံကြိုးဖြင့် ချည်၍ အုန်းဆံကြိုး၏ တစ်ဘက်စကို သူ့ဆင်မှာ ချည်သည်။ ဆွဲရမည့်နေရာက မတ်စောက်သော အတက်ဖြစ်သည်။ လမ်းကလည်း ကျဉ်းသည်။

ဆင်နှစ်ကောင်လုံး ကြိုးများဖြင့်ဆိုင်း၍ အသင့်ဖြစ်အောင် ချည်နှောင်ပြီးကြပြီ။ ထွန်းကျော်နှင့် ငကြိုင်က သာခင်နှင့်အတူ အပေါ်လမ်းမှာ ရောက်နေသည်။

ကျန်သည့် ဆင်ဦးစီးများကတော့ စောခိုင်နှင့် မိုးမှောင်အတွက် စိုးရိမ်ပူပင်စွာ စောင့်ကြည့်နေကြသည်။

"ကဲ . . . မောင်မင်းဆင်ကို အဆွဲခိုင်းတော့ . . ."

မစ္စတာစမစ်က စောခိုင်ကို လှမ်းပြီးအမိန့်ပေးသည်။

"မိုးမှောင် . . . ဗလကြီး . . . ဆွဲ . . . ဆွဲ . . . ဆွဲလိုက်ကွ . . ."

စောခိုင်က မိုးမှောင်ကို အားပေးပြီး အဆွဲခိုင်းနေသည်။

မိုးမှောင်ကြီးကလည်း အားကုန်ထုတ်၍ ဆွဲနေရှာသည်။ သို့သော် သစ်လုံးကကြီးရုံမက ရှည်လည်းရှည်၍ မိုးမှောင်ဆွဲရာသို့ လွယ်လွယ်နှင့် ပါခြင်းမရှိ။





"ကျည် . . ."

မိုးမှောင်က သံကုန်အော်ပြီး ရုန်းရှာသည်။ တစ်ချက်ခြေချော်သွားလျှင် ဆင်ရောလူပါ ချောက်ထဲကျသွားမည်ဖြစ်သည်။ ဤမျှ ခက်ခဲသောအလုပ်ကို မည်သည့်ဆင်မျှ လုပ်နိုင်စွမ်းမရှိ။ ဆင်ဆိုး သတ်မှတ်ထားသော မိုးမှောင်ကြီးသာလျှင် ကျွမ်းကျင်လိမ္မာစွာ ထမ်းဆောင်နိုင်သည်။

သစ်လုံးကြီးက တဖြည်းဖြည်းရွေ့ပြီး လျှောတိုက်ပါလာသည်။

"ဆွဲဟေ . . . ပါလာပြီဟေ . . . မိုးမှောင်သားကြီးဆွဲထား . . ."

စောခိုင်ကအားပေးသည်။ ကြည့်နေသူများကလည်း ဝမ်းသာအားရ အားပေးကြသည်။

မိုးမှောင်ကြီး ခြေထောက်ကိုမြဲအောင်ကုပ်ပြီး အားစိုက်ဆွဲနေသည်။

သစ်လုံးက တရွေ့ရွေ့ပါလာ၍ အတက်ကပို၍မြင့်လာသည်။

တောင်စောင်းမှာ တစ်ကိုယ်လုံးအားစိုက်ပြီး ရုန်းနေသော မိုးမှောင်၏ ကြီးမားသော ကိုယ်ခန္ဓာမှာ ပုဝင်သွားသလို ထင်ရသည်။

တစ်ဖက်တောင်ကမ်းပါးယံလမ်းပေါ်မှ သစ်လုံးကို အောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်လည်း ကျမသွားအောင် ထိန်းကြိုးနှင့် လှမ်းထိန်းပြီး သစ်လုံးရွေ့လျားသည်နှင့် ဟန်ချက်ညီအောင် လိုက်ထိန်းပေးနေရသည်။ သူ့ဘက်မှ ကြိုးပြတ်သွားလျှင် သစ်လုံးရော ဆင်ပါ ချောက်ထဲကျ၍ ဆင်ဦးစီးစောနိုင်လည်း ပါသွားမည်ဖြစ်သည်။

"ဟေ့ . . . အပေါ်ဆင်က ကြိုးတင်းအောင်ဆွဲထားကွ . . . မလျှော့စေနဲ့ . . ."

ဆင်ခေါင်းဦးကျော်ဖုံက အပေါ်ဆင်မှူဦးစီးဖြစ်သူ သာခင်ကို လှမ်းအော်၍ သတိပေးသည်။

သာခင်က သူ့ဆင်ကို ချွန်းဖြင့်ထု၍ ကြိုးတင်းအောင် အဆွဲနိုင်းသည်။

"နောက်ဆုံးတစ်ထစ်ပဲ ကျန်တော့တယ် . . . မောင်မင်းဆင်ကို အဆွဲနိုင်းပါ . . ."

မစ္စတာစမစ် ဝမ်းသာအားရဖြစ်နေသည်။

"ဆွဲ . . . ဟေ့ . . . သားကြီးမိုးမှောင်ရေ . . . ဆင်လိမ္မာကြီး ဆွဲလိုက်ကွ"

စောနိုင် သူ့ဆင်ကြီးကို ချော့နိုင်းနေသည်။ မိုးမှောင်ကြီးက မရပ်မနား ကြိုးစား၍ ဆွဲနေပါသည်။ သစ်လုံးက ချောက်ဘက်လည်နေသည်။ အပေါ်ကြိုးက တင်းရာမှ လျှော့သွားသည်။

"ဟေ့ကောင် . . . သာခင် . . . ဘယ်လိုလုပ်နေတာလဲ . . . ကြိုးကို တင်းအောင် ဆွဲထားကွ . . . သစ်လုံးလည်းကျသွားရင် ဒီဘက်မှာ ဆင်ရော . . . လူပါသေကုန်လိမ့်မယ် . . ."





ဦးကျော်ဖုံက စိုးရိမ်ကြီးစွာ လှမ်းအော်သည်။

"ဟာ . . . ကြိုးပြတ်သွားပြီဗျို့ . . ."

သာခင်လှမ်းအော်ပြောသည်။ သူ့ဆင်မှာ ချည်ထားသော ကြိုးကပြတ်သွားသည်။

"ဟာ . . . ကျတော့မယ် . . . ကျတော့မယ် . . . သစ်လုံးကျတော့မယ် စောနိုင်ဆင်ပေါ်ကဆင်း . . ."

ဘေးမှ လူများဝိုင်းအော်ကြသည်။

ရောမသစ်လုံးကြီးသည် ချောက်ကမ်းပါးဘက်သို့ တဖြည်းဖြည်း လျှောကျသွားသည်။

"ဟာ . . . ဟာ . . . သေကုန်ပါပြီဗျာ . . ."

မိုးမှောင်နှင့် စောနိုင်၏အဖြစ်ကိုကြည့်၍ ဦးကျော်ဖုံ ထိတ်လန့်စွာ အော်ဟစ်လိုက်ပါသည်။

မိုးမှောင်ရော စောနိုင်ပါ သစ်လုံးနှင့်အတူ ချောက်ဘက်ဆီသို့ လျှောကျသွားသည်။

ထိုအချိန်တွင်

ကျည်အီ . . . ကျည်အီ . . .

မိုးမှောင်ကြီးက သံကုန်အော်ဟစ်၍ သူ၏နှာမောင်းဖြင့် ပျဉ်းကတိုးပင် တစ်ပင်ကို လှမ်းပတ်ပြီး ဆွဲထားလိုက်သည်။

လျှောကျနေခြင်းမှ ရပ်တန့်သွားသော်လည်း ချောက်ဘက်တွင် တွဲလောင်းကျနေသော သစ်လုံး၏ အလေးချိန်ကြောင့် မိုးမှောင်ကြီးမချိမဆံ့ ခံနေရရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျည်အိ . . . ကျည်အိ . . . ကျည်အိ . . ."

"လုပ်ကြပါအုံး . . . မိုးမှောင်ကြီးကို ကယ်ကြပါအုံး . . ."

မိုးမှောင်ကို သနားလွန်း၍ စောခိုင် . . . ငိုသံပါကြီးနှင့် အကူအညီ တောင်းနေသည်။

မိုးမှောင်ကြီးခမျာ မျက်လုံးများ ပြူးထွက်နေပြီ။ သစ်ပင်ကို ဆွဲထားသော နှာမောင်းမှ သွေးများစီးကျနေသည်။ ချောက်ထဲမှ သစ်လုံး၏ အလေးချိန်နှင့် သူ့ကိုယ်ခန္ဓာ၏ အလေးချိန်ကို ပါ နှာမောင်း၏ရစ်ပတ်ထားသော ဆွဲအားဖြင့် မနိုင်မနင်းထိန်း ထားရရှာသည်။

နှာကျင်လွန်းသော ဝေဒနာကို ခံစားရသော်လည်း နှာမောင်းကိုလွှတ် ပစ်လိုက်လျှင် ချောက်ထဲကျ၍ သေရမည်ကို မိုးမှောင်ကြီးသိပါသည်။

"အပေါ်လမ်းကနေ ဆင်အားနဲ့ သစ်လုံးကို ဆွဲတင်ပေး ကြပါ . . . ကြာရင် ကျွန်တော့်ဆင်ကြီး သေတော့မယ် . . ."

စောခိုင်က အားလုံးကို အော်ဟစ်အကူအညီတောင်း နေသည်။ မိုးမှောင်ကြီးကို သနားလွန်း၍ သူ့ပါးပေါ်မှာ မျက်ရည် များက စီးကျလျက်–

သို့သော် မိုးမှောင်ကြီး ဒုက္ခရောက်လျှင် မိုးမှောင်ကြီး ပေါ်မှာ စီးလျက်ရှိနေသောသူလည်း ဒုက္ခရောက်မည်ဖြစ်သည်။

"သစ်လုံးက ချောက်ထဲမှာကွ . . . ကြိုးကဘယ်လို ချည်လို့ရမှာလဲ . . ."





သာခင်က မဖြစ်နိုင် စကားဆိုသည်။

"ခင်ဗျားဆင်က ပြတ်သွားတဲ့ ကြိုးအရှည်ကြီး ပါ သွားတယ် . . . ချောက်ထဲဆင်းပြီး ကျုပ်ရအောင် ချည်ပါ့မယ် ဗျာ . . ."

"ဟုတ်တယ် . . . ဟုတ်တယ် . . . သာခင် . . . မင်းတို့ ဆင်တွေအမြန်ဖယ် . . . ငါ့ဆင်ရယ် . . . ယောင်းဆင်ရယ် လှအေး ဆင်ရယ်ဆွဲမယ် . . ."

ဦးကျော်ဖေက သာခင်ကိုမယုံတော့ပါ။ စောခိုင်ကတော့ ကြိုးခွေကိုယူ၍ ချောက်ထဲသို့ ဆင်းသည်။ ထိုကြိုးကို ဦးကျော်ဖေ တို့ သုံးယောက်က အပေါ်မှ သစ်ပင်တစ်ပင်ကို ပတ်၍ချည် သည်။

မိုးမှောင်ခမျာ သူ့အသက်ရှင်သန်ရေးအတွက် ပျဉ်းကတိုး ပင်ကို နှာမောင်းဖြင့်ဆွဲထားရင်း မချိမဆန့် အော်ဟစ်နေရှာ သည်။ မိုးမှောင်၏အသားများ တဆတ်ဆတ်တုန်နေသည်။

ကျည်အိ . . . ကျည်အိ . . . ကျည်အိ . . .

စောခိုင်မှာ သူ့ဆင်ကြီး အော်သံကြားတိုင်း ရင်ထဲမှာ နာကျင်၍ သစ်လုံးကို အမြန်ချည်နေသည်။

"ကြိုးချည်ပြီး ပြီဗျို့ . . ."

စောခိုင်က အပေါ်သို့ လှမ်းအော်ပြီး ကြိုးကိုဆွဲ၍ လျင် မြန်စွာ ပြန်တက်ခဲ့သည်။ ဦးကျော်ဖေတို့ သုံးယောက်က တစ် ဘက် ကြိုးစကိုယူ၍ အပေါ်လမ်းသို့တက်ပြီး သူတို့ဆင်များ၏ သံ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးတွင် အမြန်ချည်ကြသည်။

"ရပြီဟေ့ ...ဆွဲမယ်..."

ဦးကျော်ဇက အားလုံးကြားအောင် အချက်ပေးလိုက်သည်။

"ဆွဲ...ဆွဲထား...ဆွဲလိုက်ကွ..."

ဆင်သုံးကောင် ညာသံပေး၍ ပြိုင်တူဆွဲကြသည်။

သစ်လုံးကြီးမှာ တဖြည်းဖြည်းအပေါ်သို့ ပါလာသည်နှင့်အမျှ မိုးမှောင် သက်သာရရလာသည်။

"ရောက်တော့မယ်ဟေ့...ဆွဲထားကွ..."

မိုးမှောင်တစ်ကောင်တည်း ဆွဲထားရသော သစ်လုံးကြီးကို ဆင်သုံးကောင် မနည်းဆွဲနေရသည်။

တဖြည်းဖြည်းနှင့် ချောက်နှုတ်ခမ်းပေါ်သို့ သစ်လုံးပေါ်လာသည်။

"ဆွဲ ဟေ့...ဆွဲထား...ကွ..."

သစ်လုံးကြီး မူလလမ်းကြောင်းပေါ်သို့ ပြန်ရောက်လာသည်။

"ဟေ့...အောင်ပြီကွာ...အောင်ပြီဟေ့..."

သာခင်တို့ လူသိုက်မှလွဲ၍ ဆင်ဦးစီးအားလုံး ဝမ်းသာအားရ အော်ဟစ်နေကြသည်။ လက်ခုပ်များတီးကြသည်။

မိုးမှောင်ကြီးမှာ သစ်ပင်ကို နှာမောင်းဖြင့် ဆွဲလျက်မှ ကုန်းရုန်းထနေရှာသည်။ နှာမောင်းအရေပြားများ လန်၍





စုတ်ပြတ်ကုန်သောကြောင့် သွေးခြင်းခြင်း နီနေသည်။

စောခိုင်သည် သွေးများနှင့် ပေနေသော မိုးမှောင်ကြီး နှာမောင်းကို တယုတယပွေ့ပိုက်၍ ဝမ်းနည်းကြေကွဲစွာ ငိုကြွေး နေမိသည်။

"မောင်မင်း ဆင်ကို ဆက်ပြီးဆွဲခိုင်းလို့ ရအုံးမလား..."

သစ်လုံးမှာ လမ်းပေါ်သို့ ရောက်ခါနီးနေပြီဖြစ်၍ မစ္စတာ စမစ်က ဆက် ဆွဲစေချင်သည်။ ဆင်ကြီး မိုးမှောင်၏ဝေဒနာကို သနားဖို့ထက် သစ်လုံးကိုရချင်သော လောဘဇောက ထိပ်တက် နေသည်။

"ကျွန်တော် ခိုင်းကြည့်ပါမယ်သခင်...၊ သူ့သိပ်အား ကုန်နေတယ်...ခဏနားပါရစေ...။ ဒီသစ်လုံးကိုဆွဲပြီးရင် ကျွန်တော် ဆင်ကို ဆေးကုဖို့ တစ်ပတ်တော့နားခွင့်ပေးပါ...သခင်..."

"ကောင်းပြီ လူလေးပေးမယ်...ဒီသစ်လုံးကို တော့...ဒီနေ့ ရအောင် ဆွဲပေးပါ..."

မိုးမှောင်ကြီးအမောပြေသောအခါ စောခိုင်သည် မိုး မှောင်၏ ဦးကင်း ပေါ်တက်လိုက်သည်။

အပေါ်ကြိုးကို ဆင်ခေါင်းကြီး ဦးကျော်ဇနှင့် အဖွဲ့က ထိန်းပေးသည်။

"ကဲဖေ့သားကြီး မိုးမှောင်...ဆင်လိမ္မာကြီး ဆွဲလိုက် ကွ...ဒါပြီးရင် နားရမယ်ဟေ့... ဆွဲကွ...ဆွဲ..."

မိုးမှောင်ကြီးက ဒဏ်ရာအနာတရ ဖြစ်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ကြားမှ ကုန်းရုန်းပြီး အားကုန်ဆွဲရှာသည်။

သစ်လုံးကြီးက ရွှေ့ရွှေ့ရွှရွှပါလာ၏။

တောင်ကမ်းပါးမှာ ဖောက်ထားသော လမ်းကျယ်ပေါ် အထိ သစ်လုံးကြီး ရောက်သွားသည်။

"ရောက်ပြီဟေ့ . . . ရောက်ပြီကွ . . ."

လူအားလုံးက ဝမ်းသာအားရ လက်ခုပ်တီးကြသည်။

လမ်းကျယ်လမ်းကောင်းပေါ်ရောက်ပြီမို့ ဘယ်ဆင် ဆွဲ ဆွဲ . . . အလွယ်တကူဆွဲ၍ ရပါပြီ။

"ဟင်း . . . ငါ့အကြံမအောင်တာ . . . နာလိုက်တာကွာ . . . တွေ့ကြသေးတာပေါ့ စောခိုင်ရယ် . . ."

သာခင်က ထွန်းကျော်နှင့် ကြောင်ကြားလောက်ရုံ ကြိမ်း ဝါးလိုက်သည်။

"ဆင်စုတ်က လည်လိုက်တာကွာ . . . သစ်ပင်ကို နှာမောင်း နဲ့ ပတ်ထားလိုက်တာ . . . သေမဲ့ဘေးကလွတ်သွားတယ် . . ."

ကြောင်ကလည်း မကျေမနပ်

"ဒါပေမဲ့ နှာမောင်းတော့ တော်တော်စုတ်သွားတယ် ကွ . . ."

ထွန်းကျော်ကတော့ ကြံဖန်ဝမ်းသာနေသေးသည်။

စောခိုင်မှာတော့ မိုးမှောင်ကြီး၏ နှာမောင်းမှ ဒဏ်ရာများ ကို ကြည့်ပြီး ကြင်နာစွာပြုစု ကုသပေးနေသည်။

မိုးမှောင်ကြီးခမျာ နှာမောင်းမှာသာမက လျှောကျထား





သောကြောင့် ဒူးဆစ်များခြေထောက်များမှာလည်း ပေါက်ပြဲ၍ သွေးခြင်းခြင်းနီနေသည်။

"မိုးမှောင် . . . သားကြီး ငြိမ်ငြိမ်နေနော် . . ."

စောခိုင်က ကြိတ်မံရွက်များကို အနာပေါ်မှာ အရည် ညှစ်ချပေးနေသည်။

မိုးမှောင်ကြီးက စောခိုင်ပြုသမျှ ငြိမ်သက်စွာခံနေသည်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၀ )

နောက်တစ်နေ့တွင် မိုးမှောင်ရော စောခိုင်ပါ အလုပ်မဆင်းရပါ။ သစ်တောဝန်ထောက် မစ္စတာစမစ်၏ ခွင့်ပြုချက်အရ တစ်ပတ်နားရ၍ ဆေးကုခွင့်ရထားကြသည်။

စောခိုင်က တိရစ္ဆာန်ဆေးကု ဆရာဝန်ပေးထားသော ဆေးများကို မိုးမှောင့်ကြီး၏ ဒဏ်ရာများမှာ ထည့်ပေးနေစဉ် နောက်မှ ခြေသံကြား၍ လှည့်ကြည့်လိုက်သည်။

ဆင်ခေါင်းကြီး ဦးကျော်ဇံဖြစ်သည်။ ထမင်းစားအလုပ်နားချိန်မှာ မိုးမှောင်ကြီး၏ ဒဏ်ရာများကို လာကြည့်ခြင်းဖြစ်သည်။





"ဩော်...ဘကြီးကျော်ဇံ..."

"မနေ့က အဖြစ်ကတော့...မိုးမှောင်ကြီး သနားစရာကောင်းလိုက်တာကွာ... မင်းမပြောနဲ့ ငါတောင်စိတ်ထိခိုက်တယ်..."

ဦးကျော်ဇံက မိုးမှောင်အနားသို့ကပ်၍ နှာမောင်းကို ပွတ်သပ်ပေးသည်။

မိုးမှောင်ကတခြား ဆင်ဦးစီးများကို အကပ်မခံသော်လည်း ဆင်ခေါင်းကြီး ဦးကျော်ဇံကိုတော့ သူ့အပေါ်မေတ္တာစေတနာထား မှန်းသိသည့် အကပ်ခံရုံမက ထိကိုင်သည်ကိုပင် ငြိမ်သက်စွာ ခံနေသည်။

"ကျွန်တော်ကတော့ မိုးမှောင်ရော ကျွန်တော်ပါ သေရောသို့ အောက်မေ့ထားတာ... မိုးမှောင်ကြီးသစ်ပင်ကို ဖမ်းဆွဲတာမြန်လို့ပေါ့ ဘကြီးရာ..."

"ဒါလဲ...တခြားဆင်ဆိုရင်...ဒီလောက်ကြာအောင် ယဲဆွဲထား နိုင်မလဲကွာ...မိုးမှောင်က...အားလဲကောင်း... သတ္တိလဲကောင်းတဲ့ ဆင်မို့ ခံနိုင်တာကွာ..."

"ကျွန်တော်ဖြင့် သနားလိုက်တာဘကြီးရာ မျက်ရည်ကို ထိန်းနိုင်ဘူး"

"ဟုတ်တာ ပေါ့ကွာ...သနားစရာသိပ်ကောင်းတာ...အဲလိုမဖြစ်ခင်ကတည်းက ငါက သာခင်ကို သံသယဖြစ်နေတာကွ...ဒီကောင်အကြံပေးတဲ့အတိုင်း လုပ်လို့ဒီလို ဖြစ်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ကွ…"

ဦးကျော်ဖကိုကြည့်၍ စောနိုင်ခေါင်းညိတ်လိုက်သည်။

"ဒါကြောင့် ဒီကောင်တွေကို ဖယ်ထုတ်ပြီး ငါတို့ ဆ…
တွေနဲ့ အစားထိုးလိုက်ရတာ…"

"ဘကြီးတို့ ဆင်တွေဝင်ဆွဲတော့ ကျွန်တော်အား…
သွားတယ်…"

"နေအုံးကွာ့သာခင်က ကြိုးပြတ်ကျတဲ့ကိစ္စ ရိုးရိုးသာ…
သားလို့ မင်းထင်သလား…"

ဦးကျော်ဖက ခပ်တိုးတိုးမေးသည်။

"ကျွန်တော့် စိတ်ထဲမှာတော့ သံသယရှိတယ် ဘကြီ…
ဒါပေမဲ့ မသေချာလို့ ဘယ်သူ့မှ မပြောပါဘူး…ခုမှ ဘကြီး…
လို့ ပြောတာပါ…"

"သံသယမရှိနဲ့ကွာ…ယုတ်မာတာ အသေအချာ…
ပြတ်တဲ့ ကြိုးကို ငါကြည့်ပြီးပြီ…ဆွေးလို့ပြတ်ရင် ဖွာနေ…
မယ်…ခုဟာ…ဓားကောက်နဲ့ လှီးဖြတ်ထားတာကွ…"

"ဗျာ…"

စောနိုင် တုန်လှုပ်စွာ ခံစားရသည်။

"ဟင်း ယုတ်မာလိုက်တဲ့ကောင်…ဘဝတူအလု…
သမားချင်း…ဒီလောက်အထိတော့…ယုတ်မာဖို့ မကောင်…
ဘူး…"

ဦးကျော်ဖ မကျေမနပ်ဖြစ်နေသည်။





"ဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာ မင်းရိပ်မိရဲ့လား…"

စောနိုင်ခေါင်းညိတ်လိုက်သည်။

"အေး…မင်းနဲ့…ဖြူမ…ဒီ ဝါမဝင်ခင် လက်ထပ်လိုက်ကြတော့…"

"ဗျာ…"

ဦးကျော်ဖ ပွင့်လင်းစွာပြောလိုက်သော စကားကို မမျှော်လင့်ဘဲ ကြားလိုက်ရ၍ စောနိုင်အံ့ဩဝမ်းသာ ဖြစ်ရသည်။

"အစကတည်းက…ငါ…ဒီကောင့်ကို သဘောမကျဘူးကွာ…ခုတော…ငါစိတ်ထဲမှာ ပြတ်သွားတယ်… အဲဒီလို ယုတ်မာတဲ့ကောင်မျိုးနဲ့ ငါ့သမီးကို ဘယ်တော့မှ မပေးစားဘူး…"

ဘကြီး ကျော်ဖ၏ စိတ်သဘောထားကို စောနိုင် ရလေးစားမိသည်။

"မင်းက…ငယ်ငယ်ကတည်းက ဖြူမနဲ့သူငယ်ချင်း…မင်းအဖေရဲ့ စိတ်ရင်းကိုရော မင်းစိတ်ရင်းကိုရော ငါ နားလည်တယ်… မင်းတို့ချင်း မေတ္တာရှိနေကြတာလဲ…ငါသိတယ်…အစကတော့ ငယ်သေးတယ် တစ်နှစ်လောက် စောင့်ကြရင် ကောင်းမယ်လို့ စဉ်းစားထားတာ… မနေ့က ဒီကောင် ယုတ်မာလွန်းတာမြင်ရတော့… ကြာလေမင်းအတွက် အန္တရာယ်များလေ ဖြစ်လာလိမ့်မယ်…အဲဒီတော့ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်လက်ထပ်လိုက်ရင် . . . အေးတာပဲကွာ . . .''

ဖြူမ၏ ဖြူနုသောချစ်စရာမျက်နှာလေးကို စောခိုင်မြင်ယောင်မိသည်။

ဤခုနစ်ရက် နားခွင့်ရချိန်မှာ ရွာကိုပြန်ပြီး ဖြူမနှင့် တွေ့မည်ဟု စဉ်းစား လိုက်သောအခါ . . . ရင်ထဲမှာ လှုပ်ရှားစွာ ခံစားရပါသည်။

✿ ✿ ✿ ✿ ✿





အခန်း ( ၂၁ )

''ဖြူမ . . . ငါ့ရင်ဘတ်ကို စမ်းကြည့်စမ်း . . .''

စောခိုင်က ဖြူမလက်ကလေးကိုဆွဲပြီး သူ့ရင်ဘတ်ကို အစမ်းခိုင်းသည်။

''အို . . . အရီးလေး . . . ဒေါ်သန်းကြည် ဝင်လာမှဖြင့် . . .''

ဖြူမက သူ့လက်ကလေးကို ပြန်ရုန်းသည်။

''မလာပါဘူး . . . အမေကလဲ ဝမ်းသာလွန်းလို့မမမြနဲ့ သွားတိုင်ပင်အုံးမယ် . . . ဆိုပြီး နှင့်အမေဆီသွားလေရဲ့ . . .''

''ခင်မြ ရှိသေးတယ် . . . သူဝင်လာရင် ရှက်စရာကြီး . . .''



www.burmeseclassic.com

www.burmeseclassic.com



စောခိုင် ရယ်လိုက်သည်။

"မရှိဘူး...ခင်မြရော အငယ်မလေးရော အမေနဲ့ အတူ ပါသွားတယ်..."

စောခိုင်တို့ အိမ်ထဲမှာ ဖြူမနှင့် စောခိုင်နှစ်ယောက် တည်းကျန်ခဲ့သည်။

ခုမှ ဖြူမစိတ်ချလက်ချ စောခိုင်ရင်ဘတ်ပေါ်မှာ လက် တင်ဝံ့သည်။

"ဟုတ်ပါရဲ့...နင့် ရင်ကလဲ ခုန်နေလိုက်တာ...ဟို နေ့ကထက်တောင် မြန်သေးတယ်..."

"ဝမ်းသာလွန်းလို့ ဟ... နင်ရော ဝမ်းမသာ ဘူးလား..."

"သာတာပေါ့...ဟ...မေးစရာလိုသေးလို့လား..."

"နင်ရော...ငါလိုပဲ ရင်မခုန်ဘူးလား..."

"ခုန်တာပေါ့ ..."

"ပြစမ်း...ငါစမ်းကြည့်မယ်..."

"အို...နင်ကလဲ..."

ဖြူမက သူ့လက်ကလေးကို ပြန်ရုပ်ပြီး သူ့ရင်မှာ တာ ကွယ်ထား၍ စောခိုင်သဘောကျစွာ ရယ်မိသည်။

"အလကား ပြောတာပါဟာ...မကြောက်ပါနဲ့ ... ငါလေ ဘကြီး ကျော်ဖိုက... မင်းနဲ့ ဖြူမ ဝါမဝင်ခင်လက်ထပ် ကြတော့လို့ ပြောတော့ နင့်မျက်နှာလေးကို မြင်ပြီး ပျော်လိုက်





တာဟာ...ကိုသာခင်ကြီးကိုလဲ ကျေးဇူးတင်လိုက်တာ..."

"ဘာလို့တင်ရမှာလဲ...သူကလူယုတ်မာ...နင် ရော မိုးမှောင်ကြီးပါ သေအောင်လုပ်တာ..."

"တင်ရတာပေါ့ဟ...သူ အဲဒီလိုလုပ်လို့...ငါတို့မြန် မြန် လက်ထပ်ရမှာ..."

"နင် တကယ်ကျေးဇူးတင်ရမှာက အဖေ့ကို တင်ရမှာ ..."

"အဲဒါကတော့ ဘာပြောစရာလိုလဲဟာ... ကျေးဇူးတင် တင် ဘယ်ကမလဲ...ဘကြီးရဲ့ စိတ်ထားက သိပ်လေးစား ကောင်းတာ စိတ်ထားမကောင်းတာကို သိပ်မုန်းတာ...နင်စဉ်း းကြည့်ပေါ့...ဘကြီးက သိပ်စိတ်ထားကောင်းလို့ဟ..."

"ဟုတ်တယ်...အဖေက စိတ်ထားမကောင်းတဲ့ လူ ကိုရင် သိပ်မုန်းတာ..."

"ငါ့ကိုတော့ စိတ်ထားကောင်းလို့ သဘော တူတာ ပါနော်..."

စောခိုင်က ဂုဏ်ဖော်နေ၍ ဖြူမပြုံးလိုက်သည်။

"နင့်ဘာသာ နင်သိမှာပေါ့ ..."

"ငါမသိဘူး...နင်ပြော..."

စောခိုင်က ဖြူမ ပုခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ထား လိုက်သည်။

"နင်...စိတ်ထားကောင်းလို့...ငါ..."



www.burmeseclassic.com

www.burmeseclassic.com



ဖြူမက မှားပြောမိပြီးမှ စကားကိုရပ်ထားလိုက်သည်။

"ငါ. . .ဘာဖြစ်လဲ. . .ဆက်ပြောလေဟာ. . ."

ဖြူမရှက်၍ ခေါင်းကလေးငုံ့သွားသည်။

"မပြောပါနဲ့ဟာ. . .ငါနားလည်ပါတယ်. . ."

ဖြူမရှက်၍ အနေခက်သွားသည်ကို စောနိုင်သနား
သွားသည်။

"အဲဒါ. . .နင်. . .စိတ်ထား ကောင်းလို့ပေါ့ဟ. . ."

အတင်းအကျပ်မမေးသော စောနိုင်ကို ဖြူမကျေး
တင်မိသည်။

"အဲ ဒီလိုဆိုရင်. . .နင့်မျက်နှာလေး မော့လိုက်
အုံးဟာ. . .အားရအောင်ကြည့်ချင်လို့ပါ. . .ခဏနေရင် ငါ
ဆင်စခန်းပြန်သွားရတော့မှာ. . ."

"မမော့ချင်ဘူးဟာ မော့ရင်. . .နင်က. . ."

ဖြူမအတွေ့အကြုံရှိထားပြီး ဖြစ်သည်။

"ဘာမှမလုပ်ပါဘူးဟာ ကြည့်ရုံလေး ကြည့်မှာပါ. . ."

ဖြူမ မျက်နှာလေး မော့ပေးပါသည်။

စောနိုင်ဖြူမ မျက်နှာလေးကို အားပါးတရ ကြည့်နေ
မိသည်။

"လှလိုက်တာဟာ. . .ချစ်စရာကောင်းလိုက်တာ. . ."

ဖြူမကလဲ. . .စောနိုင်မျက်နှာကို မဝံ့မရဲ ပြန်ကြည့်
လိုက်သည်။





"ဖြူမ. . ."

စောနိုင်ခေါ်လိုက်သည်က တိုးတိုးလေး

"စောနိုင်. . ."

ဖြူမအသံက ပိုတိုးသည်။

စောနိုင် ဖြူမကို ရင်ခွင်ထဲသို့ ဆွဲယူလိုက်သည်။ ဖြူမ ငြင်းဆန်ခြင်းမရှိ အလိုက်သင့်လေးပါလာ၏။

မခွဲမခွာနေကြတော့မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် တစ်ယောက်ကို တစ်ယောက်တင်းကျပ်စွာ ပွေ့ဖက်လျက်-

× × × × ×

သာခင်က ပုလင်းကို ဆွဲယူ၍ သူ့ခွက်ထဲသို့ သူ့ကိုယ်တိုင်ထည့်ပြီး ရေသောက်သလို မော့သောက်ပစ်လိုက်သည်။

"ဖွို. . ."

"ဟေ့ကောင်. . .သာခင်. . .မင်းသောက်တာများနေပြီ. . ."

"မများပါဘူးကွာ. . .မမူးပါဘူး. . . ဘာမှတောင်မဖြစ်သေးဘူး. . ."

သာခင်က ပုလင်းကို ထပ်ဆွဲနေသည်။

"မင်းကျန်ရစ်ဖြစ်တော့မှာကို ငါတို့ စိတ်မကောင်းပါဘူးကွာ. . ."

"ဘာကွ. . ."

လှမောင်ပြောပုံကို သာခင် သဘောမကျ။



www.burmeseclassic.com

www.burmeseclassic.com



''ငါကျွန်ရစ်ဖြစ်တော့မယ်လို့...ဘယ်သူပြောတာလဲ...''

''အခု ဝါမဝင်ခင် စောခိုင်နဲ့ ဖြူမ လက်ထပ်တော့မယ်လေကွာ...''

''ဟား...ဟား...ဟား...ဘယ်သူပြောတာလဲကွ...''

သာခင်က သူ့လက်ထဲမှ ပုလင်းကိုစားပွဲပေါ်သို့ ဆောင့်ချလိုက်သည်။

''ဆင်စခန်းတစ်ခုလုံးရော...ခင်အေးရွာတစ်ရွာလုံးရော သိနေကြတာပဲကွာ...ဘယ်သူပြောရမှာလဲ...''

လှမောင်ဘက်မှ အောင်ငြိမ်းက အကူအညီပေးလိုက်သည်။

''တော်စမ်းပါကွာ...ဒီမယ်...မင်းတို့ ကြည့်ထား...ဟင်း...သာခင်ကို ဒီလိုလုပ်လို့မရဘူးကွ...''

''အေးလေ...မင်းတို့သွားပြောတုန်းကတော့...ငယ်သေးလို့ပါ...နောက်မှစဉ်းစားပါ့မယ် ကတိပေးပြီး ခုကျတော့ သီတင်းကျွတ်အောင်တောင် မစောင့်နိုင်ဘူး...ဟိုကောင်နဲ့ ပေးစားတော့မယ်...''

ထွန်းကျော်က အထောင်သမား

''ဒါတွေ...အားလုံး...ဦးကျော်ဇံ ဉာဏ်တွေပါ့ဗျာ...''

''ကျုပ်သိပါတယ်...သူက ဒီလိုလုပ်လိုက်ရင် အေးအေးဆေးဆေးနဲ့ပြီးသွားမယ်ထင်နေတာ...ဘယ်ပြီးလိမ့်မလဲ...သာခင်ကို မတရားလုပ်လို့ကတော့ လုပ်တဲ့လူတွေ ခံသွားရမယ်မှတ်

www.burmeseclassic.com



## အခန်း ( ၂၂ )

မိုးမှောင်ဒဏ်ရာများ ပျောက်ကင်း၍ အလုပ်ပြန်ဆင်းနိုင်ပြီဖြစ်သည်။

"စောခိုင် . . . မင်းရယ် . . . လှအေးရယ် . . . အောင်ညွန့်ရယ် . . . ယမင်း ချောင်းလိုက်မသွားနဲ့ တောင်ခြေသစ်ထုတ်လုပ်ရေးစခန်းကိုသွား . . ."

ဆင်ခေါင်းကြီး ဦးကျော်ဇံက စောခိုင်ကို သာခင်နှင့် မဆုံမိအောင်လုပ်ခွဲ၍ လွှတ်သည်။

နောက်တစ်နေ့





"ငါတို့ဆင်တွေက သစ်လုံးတွေဆွဲပေးမယ် . . . စောခိုင် . . . မင်းဆင်က အရပ်လဲမြင့်တယ်။ အားလဲကောင်းတယ် . . . ငါတို့ ဆွဲပေးတဲ့ သစ်လုံးတွေကို စီပြီးပုံပေး . . ."

နောက်နေ့များမှာလည်း ထိုအတိုင်းပင် အလုပ်တာဝန်ခွဲဝေသည်။

စောခိုင်နှင့် မိုးမှောင်မှာ သာခင်နှင့် မဆုံ၍ သာခင်ပြဿနာလုပ်၍မရ

"ဟင်း . . . ဟင်း . . . ဦးကျော်ဇံက ဆင်ခေါင်းဆိုပြီး လူလည်လုပ်နေတာကွ . . . ငါတို့ ဆင်တွေတော . . . ပင်ပင်ပန်းပန်း သစ်ဆွဲရတယ် . . . ဟိုကောင် စောခိုင်ဆင်ကတော့ ငါတို့ ဆွဲပေးတဲ့ သစ်လုံးတွေကို စီထပ်ပေးရုံပဲ။ ဟိုကောင်က လူရောဆင်ပါ သက်သာတာပေါ့ကွာ . . ."

သာခင်ကို ဒီလို ကြောလို့မရဘူးကွ . . . ဟိုကောင် စောခိုင်ကို ငါနဲ့ မဆုံအောင်လုပ်တာကွ . . . ဟင်းဟင်း . . . ငါ့လက်က ဘယ်ပြေးလွတ်မလဲကွ . . . ဝါမဝင်ခင် . . . ဒီကောင်မင်္ဂလာ မဆောင်ရဘဲနဲ့ . . . သူ့ဆင်ကသူ့ကို သတ်တဲ့ မသာဖြစ်အောင်လုပ်ပြမယ် . . .

ပြီးမှ ဖြူမကို ငါရအောင်ယူမယ် ဟားဟာဟား . . ."

ညနေတိုင်း အရက်ဝိုင်းမှာ ပြောသည့် သာခင်၏ အမူးစကား၊ အရူးစကား၊ ခြိမ်းခြောက်စကားများသည် ဆင်စခန်းများသာမက ခင်အေးရွာအထိ ပျံ့နှံ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စောခိုင် . . . မင်းဆင်ကို လွှတ်ကျောင်းတဲ့အခါ ဝေးဝေးမသွားနဲ့ . . . အနားမှာပဲ အမြဲစောင့်နေ . . . လူစိမ်းလဲ ဘယ်သူမှ မကပ်စေနဲ့ . . ."

ဦးကျော်ဖံက စောခိုင်ကို သတိပေးသည်။

"ဟုတ်ကဲ့ပါ . . . ဘကြီး . . ."

"အလုပ်လုပ်တဲ့အခါလဲ . . . ဘာမဆိုသတိထား . . ."

"သတိထားပါ့မယ် ဘကြီး . . . စိတ်ချပါ . . ."

ဦးကျော်ဖံကတော့ သူကိုယ်တိုင်လည်း လူရောဆင်ပါ သာခင်နှင့်အတူ တွဲလုပ်နေရ၍ အမြဲမပြတ်သတိကြီးစွာထားနေရသည်။

နေ့ခင်းပိုင်း ဆင်များ အစာစားရန် လွှတ်ကျောင်းချိန်တွင် မိုးမှောင်ကြီးသည် တောစပ်မှာ ညောင်ကိုင်းတစ်ကိုင်းကိုချိုး၍ ညောင်ရွက်နုများကို စားနေသည်။

စောခိုင်သည် မလှမ်းမကမ်းမှ ကျွန်းပင်ကြီးတစ်ပင်၏အောက်တွင် ထိုင်၍ မိုးမှောင်ကြီးကို စောင့်ကြည့်နေ၏။

သာခင်ပြောသော စကားများကို ဆင်ခေါင်းကြီး ဦးကျော်ဖံကြားသလို သူလည်းကြားပါသည်။

မကြောက်သော်လည်း စိတ်အနှောင့်အယှက်ဖြစ်ရသည်။ ကိုယ်ကရန် လိုစိတ်မရှိသော်လည်း သူကရန်လိုနေ၍ အဝေအရာရာသတိထားနေရသည်။

ကိုယ့်ကိုရန်လုပ်မှာထက် မိုးမှောင်ကြီးကို ဒုက္ခပေးမှာကို





၍ စိုးရိမ်မိသည်။

"စောခိုင်ရေ . . ."

မမျှော်လင့်ဘဲ ဖြူမအသံကို ကြားလိုက်ရ၍ စောခိုင်ကျွန်းပင်အောက်မှာ ထိုင်နေရာမှ ထရပ်လိုက်သည်။

"ဖြူမရေ . . . ငါ . . . ဒီမှာဟေ့ . . ."

ဖြူမက စောခိုင်ရှိရာသို့ ပြေးလာနေသည်မှာ တကယ့်သမင်ပျိုမလေး နှယ်။

"ဖြည်းဖြည်းလာပါဟ . . . လဲနေပါ့မယ် . . ."

စောခိုင်က . . . ပြေးကြိုပြီး ဖြူမလက်ကလေးကို ဆွဲယူ၍ ကျွန်းပင်အောက်မှာ နှစ်ယောက်အတူထိုင်ကြသည်။

"နင် . . . မိုးမှောင်ကြီးကို စောင့်နေတာလား . . ."

"အေး . . . ဟုတ်တယ် . . ."

"အဖေက . . . နင် . . . ဒီဘက်မှာရှိတယ် . . ပြောလို့ . . . ငါပြေးလာတာဟ . . ."

"နင် . . . ဘယ်သူနဲ့ လာတာလဲ . . ."

"မအေးရယ် . . . မညွန့်ရယ် . . . ဒေါ်ခင်ရယ်ပါတယ်ဟ . . . အဖေ့ကို ပေးစရာရှိတာ . . . သူတို့ပါးလိုက်ရင်ရပါတယ် . . . ဒါပေမဲ့ . . . ငါ နင့်ကို သတိပေးချင်လို့ လိုက်လာတာ . . ."

'ဘာ . . . သတိပေးမှာလဲ ဟ . . ."

"ကိုသာခင်ကြီးက မူးရူးပြီး နင့်ကိုဒုက္ခပေးမယ် . . . ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ . . . တစ်ရွာလုံး ကြားနေကြတယ်ဟာ . . .''

စောနိုင်ပြုံးလိုက်သည်။

''ငါ . . . သေရင် . . . နင်ကိုယူမယ်ဆိုတာ . . . ပါသေးတယ်ဟ . . .''

''စိတ်ချ . . . ဒီလောက်ယုတ်မာတဲ့လူမျိုးကို သတ်ပစ်မယ်ဆိုတောင် မယူဘူး၊ မုန်းလွန်းလို့ . . .''

''ယုံပါတယ်ဟာ . . . ငါသေရင်တောင် နင်သူ့ကိုယူမှာမဟုတ်ဘူးဆိုတော့ စိတ်ချပြီးသေမှာပါ . . .''

''နင် သေစကားမပြောနဲ့ဟာ . . . ဘာလို့သေရမှာလဲ . . .''

ဖြူမမျက်လုံးတွင် မျက်ရည်များရစ်ဝဲလာသည်။

''စကားအဖြစ်နဲ့ ပြောတာပါဟာ . . .''

''မပြောနဲ့ဟာ . . . မသေဘူးလို့ ပြန်ပြော . . .''

ဖြူမပါးပေါ်မှာ မျက်ရည်များစီးကျလာသည်။

''ဩော် . . . နင်ကလဲဟာ . . . ဘာလို့ ငိုနေရတာလဲ . . .''

''နင့်ကို စိုးရိမ်လို့ပေါ့ ဟ . . .''

''မစိုးရိမ်ပါနဲ့ဟာ . . . ငါဘာမှမဖြစ်ပါဘူး . . . နင်စိတ်ချ . . .''

စောနိုင်က ဖြူမပါးပေါ်မှ မျက်ရည်များကို သုတ်ပေးသည်။

''နင် . . . ဘာမဆို သတိထားပါဟာ . . .''

''အေးပါဟာ . . . စိတ်ချပါ . . .''





''သူက . . . အမြဲတမ်း . . . ပြောနေတော့ စိတ်ပူတာပေါ့ဟ . . . သူက သိပ်ယုတ်မာတာ . . . အရင်တစ်ခါလုပ်တာကြည့်ပေါ့ . . . ဘယ်လောက် ကြောက်စရာကောင်းလဲ . . . နင်ရော မိုးမှောင်ပါ . . . ကံကောင်းလို့ မသေတာ . . .''

''ကံ လဲကောင်းလို့ မိုးမှောင်ကြီးလဲ တော်လို့ဟ . . .''

''မိုးမှောင်ကြီးကိုလဲ သတိထားအုံးနော် . . .''

''မိုးမှောင်ကြီးကို ယုံပါဟာ . . . တကယ့်ဆင်လိမ္မာကြီးပါ . . . သူ ငါ့ကို ဘာမှ လုပ်မှာမဟုတ်ပါဘူး ဟာ . . .''

''မိုးမှောင်ကြီးကို နှုတ်ဆက်ပြီးရင် . . . ငါပြန်တော့မယ်နော်''

''ငါနင့်ကို အရင်နှုတ်ဆက်အုံးမယ် . . .''

စောနိုင်က ဖြူမပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

ဖြူမက စောနိုင်ကို မော့ကြည့်လိုက်သည်။

''ကြည့်စမ်း . . . မြန်လိုက်တာ . . .''

စောနိုင်က ဖြူမ၏ ဖြူနုသော ပါးပြင်လေးကို နှုတ်ဆက်လိုက်သည်။

''ငါကို နှုတ်ဆက်အုံး . . .''

''ဟင့်အင်း . . . ငါရှက်တယ်ဟာ . . .''

ဖြူမ၏ နုထွေးသော မျက်နှာလေးကိုကြည့်ပြီး စောနိုင်သက်ပြင်းတစ်ချက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတို့ မြန်မြန်လက်ထပ်ချင်လှပြီဟ . . ."

"အေးဟာ . . . ငါတို့ လက်ထပ်ပြီးရင်တော့ စိတ်အေးရမယ်ထင်ပါရဲ့ . . ."

ဖြူမစိတ်အေးချင်သည်က အဓိက

"မကြာတော့ပါဘူးဟ . . . နောက်တစ်လလောက်ပဲ လိုပါတော့တယ်"

"ငါ . . သွားတော့မယ် . . မိုးမှောင်ကြီးကို နှုတ်ဆက်လိုက်အုံးမယ်နော် . . . "

ဖြူမကျွန်းပင်အောက်မှ ပြေးထွက်သွားပါသည်။

"မိုးမှောင်ရေ . . ."

"ကျည် . . ."

မိုးမှောင်ကြီးက ဝမ်းသာအားရ ကြိုနေသည်။

ဖြူမ မိုးမှောင်ကြီးဆီသို့ ပြေးသွားသည်။ စောခိုင်နောက်မှ ပြေးလိုက်သွားသည်။

မိုးမှောင်က ဖြူမကို နှာမောင်းဖြင့် ပွေ့၍ဝမ်းသာအားရ မချီလိုက်ပါသည်။ ဖြူမက သဘောကျစွာရယ်၍ မိုးမှောင်ကြီး၏ အစွယ်ကို ကိုင်ထားသည်။

စောခိုင်က မိုးမှောင်ပွေ့ချီထားသော ဖြူမ၏လက်မောင်းလေးကို ဆုပ်ကိုင်ထိန်းပေး၍ မိုးမှောင်ကြီးက အောက်သို့ပြန်ချပေးသည်။

ဖြူမက မိုးမှောင်ကြီးကို ထန်းလျက်ခဲလေးများကျွေး





သည်။

"မိုးမှောင် . . . စောခိုင်ကို ချစ်လား . . ."

မိုးမှောင်ကြီးက ခေါင်းညိတ်ပြသည်။

"စောခိုင်ကို အနာတရဖြစ်အောင် ဘယ်တော့မှ မလုပ်နဲ့နော် . . ."

"ကျည် . . ."

မိုးမှောင်ကြီးက ခေါင်းညိတ်ရုံမက အသံပါပေးလိုက်သည်။

"မိုးမှောင်ကြီးက လိမ္မာလိုက်တာ . . . ငါပြန်တော့မယ်နော် . . ."

"ကျည် . . ."

မိုးမှောင်ကြီးက ခပ်လှမ်းလှမ်းမှာ ပင်လုံးကျွတ်ဝင်းထိန်ဝေအောင်ပွင့်နေသော ငုပင်ဆီသို့ ခပ်မြန်မြန်လျှောက်သွားသည်။

"ခဏ စောင့်အုံးဟ . . . နင့်ကို ပေးဖို့ ပန်းသွားခူးတာထင်တယ် . . ."

မိုးမှောင်က လှပသော ငုပန်းကိုင်းတစ်ကိုင်းကို နှာမောင်းဖြင့် ချိုးယူလာပြီး ဖြူမကိုပေးသည်။

ဖြူမက မိုးမှောင်ပေးသော ငုပန်းများကိုယူပြီး ရင်ခွင်မှာ အမြတ်တနိုး ပွေ့ပိုက်ထားလိုက်သည်။

"ကျည် . . ."



www.burmeseclassic.com

www.burmeseclassic.com



ဖြူမကို ကြည့်၍ မိုးမှောင်ကြီးပျော်နေပါသည်။

✿ ✿ ✿ ✿ ✿





## အခန်း ( ၂၃ )

ဒေါင် . . . ဒေါင် . . . ဒေါင် . . . ဒေါင် . . . ဒေါင် . . .

ညနေ (၅)နာရီ သံချောင်းခေါက်၍ သစ်ဆွဲနေသော ဆင်အားလုံး အလုပ်ရပ်နားပြီး ဆင်စခန်းသို့ပြန်ကြပြီ။

"ဟေ့ကောင် . . . စောခိုင် . . . ဒီဆွဲပြီးသား သစ်လုံးတွေ အားလုံးပြီးအောင် စီလိုက် . . ."

သာခင်ပြောပုံက ဆင်ခေါင်းခွဲ၏ အမိန့်အသံနှင့်–

"ဟာ . . . ကိုသာခင်ကလဲဗျာ . . . ကျန်တဲ့ဆင်တွေအား လုံးနားကုန်ကြပြီ . . . ကျွန်တော့်ဆင်လဲ နားချင်ပြီပေါ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပြီးရင် . . . နားပေါ့ကွ . . . ဘယ်လောက်ကြာမှာလိုက်လို့ . . ."

သာခင်က မလျှော့-

"ခင်ဗျားသိပါတယ်ဗျာ . . . ဆင်တွေဟာ သူတို့နားရမယ် သံချောင်း ခေါက်သံကြားရင် . . . ဆွဲလက်စသစ်လုံးတောင် . . . ရောက်တဲ့ နေရာချထားပြီး နားချင်ကြတာ ဆင်တစ်ကောင်ထဲ ဆက်လုပ်ရမှာဆိုတော့ . . . သူလဲ ဘယ်လုပ်ချင်မလဲဗျ . . ."

"မင်းဆင်တစ်ကောင်ထဲ မဟုတ်ဘူးကွ . . . ငါက မတရားတာမခိုင်းဘူး ငါ့ဆင်ပါ ကူစီမှာ . . ."

"မလုပ်ပါနဲ့ ဗျာ . . . ခင်ဗျား ဆင်လဲကူမစီပါနဲ့ . . . နားပါစေ . . . သူလဲ မောနေပြီ . . . မနက်ဖြန်ခါကျတော့ ကျုပ်ဘာသာ ပြီးအောင်စီပါ့မယ် . . ."

စောခိုင်က တောင်းတောင်းပန်ပန်ပြောနေသည်။

"ဟ . . . တစ်နေ့အလုပ် တစ်နေ့ပြီးအောင် လုပ်ရမှာပေါ့ ကွ . . . ဆွဲ တဲ့ဆင်တွေတောင့်အဝေးကြီးကနေ ပင်ပင်ပန်းပန်း ဆွဲထားသေးတာပဲ . . . မင်းဆင်က ဒီနားလေးတင် . . . သက်သက်သာ သာစီရတာ . . . ဆွဲထားတဲ့ သစ်တော့ ပြီးအောင် ပုံရမှာပေါ့ . . ."

သာခင် ညစ်နေပြီကို စောခိုင်နားလည်လိုက်ပါသည်။

"ကျုပ်ဆင်လဲ မသက်သာပါဘူးဗျာ ခင်ဗျားတို့ ဆင်တွေ





အားလုံး ဆွဲလာသမျှ သစ်တွေ . . . သူတစ်ကောင်ထဲ စီနေရတာဗျ . . . လုံးဝ မနားရဘူး . . . မောနေပြီဗျ . . ."

"ဟေ့ကောင် လျှာမရှည်နဲ့ . . . ငါ့ဆင်လဲမောနေတာပဲ . . . ငါ့ ဆင်ပါစီပေးမှာလို့ ပြောနေတာ . . . ပြီးအောင်လုပ်မယ် . . . ပြီးမှ . . . မင်းဆင်ရော . . . ငါ့ဆင်ပါနားမယ် . . ."

"ခင်ဗျား ဆင်က ဘယ်လို ခိုင်းခိုင်းရတဲ့ ဆင်ဗျ . . . မိုးမှောင်အကြောင်း ခင်ဗျားလဲ သိတာပဲ အဲဒီလိုတော့ မလုပ်ပါနဲ့ဗျာ . . ."

"ဟ . . . မင်ကဆင်ဆိုးစီးခတော့ ပိုယူပြီး ရအောင်ခိုင်းပေါ့ကွ . . ."

"ခိုင်းလို့မကျေနပ်ရင် ပြဿနာဖြစ်မှာစိုးလို့ ပြောနေတာဗျ . . . မိုးမှောင် ဒေါသကြီးလာရင် . . . ဆင်စခန်းတစ်ခုလုံး အန္တရာယ်ရှိနိုင်တယ်ဗျ . . ."

မိုးမှောင်ဒေါသဖြစ်အောင် စောခိုင်မလုပ်ရှာပါ။

"မလိုချင်ဘူးကွာ . . . မင်းဆင်ရော . . . ငါ့ဆင်ပါ . . . ပြီးအောင် စီရမယ် . . . ငါ က ဆင်ခေါင်းခွဲကွ . . . ငါ . . . ခိုင်းတဲ့အတိုင်းလုပ် . . . မလုပ်ရင်တော့ . . . အင်္ဂလိပ်အရေးပိုင်ကြီးအထိ . . . ငါက တိုင်ရမှာပဲ . . ."

သာခင် အကျပ်ကိုင်နေပါပြီ။

'ကဲ . . . ခင်ဗျား . . . ဒီလောက်ခိုင်းချင်နေရင်ရတယ် . . . လုပ်မယ် ပြဿနာဖြစ်ရင် . . . ခင်ဗျား . . . တာဝန်ပဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



"မင်း . . . ဆင်တစ်ကောင်ထဲလုပ်ရမှာ မဟုတ်ဘူး . . . ငါ့ဆင်ဖါလုပ်ရမှာ . . . ငါ့ဆင်ကို . . . ငါရအောင်နိုင်းသလို . . . မင်းဆင်ကို မင်းရအောင်နိုင်း ပေါ့ . . ."

သာခင်က အနီးဆုံး သစ်လုံးရှိရာသို့ သူ့ဆင်ကို မောင်းသွားသည်။

"အောင်တိုး သစ်လုံးကိုမလိုက် . . ."

သာခင်၏ ဆင်က သစ်လုံးကိုမသည်။ သာခင်နိုင်းသည့်အတိုင်း သစ်လုံးမှာ စီတင်လိုက်သည်။

"မိုးမှောင် . . . သားကြီး . . . သစ်လုံးကို မလိုက် . . ."

မိုးမှောင်ရှေ့မှာ သစ်လုံးတစ်လုံးရှိနေသည်။ မိုးမှောင်က လုံးဝမလှုပ်။

"မိုးမှောင် . . . ဆင်လိမ္မာကြီး . . . မ . . . မ . . . သစ်လုံးကို မ . . ."

စောနိုင်က ချော့နိုင်းသည်။

မိုးမှောင် မကျေမနပ်ဖြင့် သစ်လုံးကိုမသည်။

"သွား . . . သွား . . . မိုးမှောင်ကြီးသွား . . ."

မိုးမှောင်က သစ်လုံးပုံရှိရာသို့ မသွားချင်သွားချင်သွားနေသည်။ ကောင်းသောအခြေအနေ မဟုတ်သည်ကို စောနိုင်နားလည်ပါသည်။

"လွှတ် . . . လွှတ် . . . သားကြီး လွှတ်လိုက် . . ."

မိုးမှောင်က သစ်လုံးကို အပုံပေါ်သို့ ပစ်တင်လိုက်





သည်။ ခါတိုင်းလို စနစ်တကျဖြစ်အောင် စီ၍တင်ခြင်းမဟုတ်။ မိုးမှောင် မကျေမနပ်ဖြစ်နေပြီမှို စောနိုင်သတိထားနေသည်။

သာခင်က သူ့ဆင်ကို ဆက်နိုင်းနေသည်။ သူ့ဆင်က သူနိုင်းသည့်အတိုင်း လုပ်သည်။

အံ့ဩစရာကောင်းသည်မှာ မိုးမှောင်မကျေနပ်သော်လည်း တိုးအောင်နှင့်အတူ သစ်လုံးများကို ဆက်ပြီး သစ်လုံးပုံပေါ်တင်ပေးနေသည်။

သို့သော်–

ဆယ်လုံးခန့်တင်ပြီးသောအခါ မိုးမှောက်ဆက်မလုပ်တော့ပါ။ သစ်လုံးက နောက်ထပ် အလုံးနှစ်ဆယ်ခန့် ကျန်သေးသည်။

သာခင်၏ဆင် တိုးအောင်က ဆက်လုပ်နေသည်။

မိုးမှောင်က ရပ်လျက်–

"ဟေ့ကောင် . . . ရအောင် နိုင်းလေကွာ . . ."

သာခင်က သူ့ဆင်ပေါ်မှ လှမ်းအော်ပြီး စောနိုင်ကို နိုင်းနေသည်။

"နိုင်းတာပဲဗျ . . . သူမကျေမနပ်ဖြစ်နေပြီ ဆက်နိုင်းရင် အားလုံးဒုက္ခ ရောက်ကုန်လိမ့်မယ် . . ."

"ဟ . . . ဆင်နှစ်ကောင်ရှိတာပဲကွ . . . ငါ့ဆင်အဆက်လုပ်နေတာ မတွေ့ဘူးလား . . . ဆင်တစ်ကောင် ဆယ်လုံးစီလောက်တင်လိုက်ရင် ခဏနဲ့ပြီး သွားမှာပေါ့ကွာ . . .



www.burmeseclassic.com

www.burmeseclassic.com



"တချို့ ဆင်က နိုင်းလို့မှ မရတော့တာဗျာ . . . ခင်ဗျား ဆင်လဲနေပါတော့ . . . မနက်ဖြန်ကာကျရင် . . . ဘယ်ဆင်မှ အ သစ်ဆောင်းခင် . . . အားလုံးပြီးအောင် ကျုပ်ချော့နိုင်းပါ့မယ် ရှာ . . . ဒီနေ့တော့ ရမှာမဟုတ်ဘူးဗျ . . ."

"ဟ . . . ဘာလို့မရ၊ ရမှာလဲကွ . . . မင်း . . . ဆင်ဆိုးစီးခ တစ်ဆယ်ယူထားတာ . . . ဆင်ဆိုးကို ရအောင်နိုင်းနိုင်တယ် ဆိုပြီး ပိုယူထားတာကွ . . . ငါက မင်းလို တစ်ဆယ်ပိုမရဘဲ နဲ့တောင် လုပ်နေတာပဲ . . . မင်းနိုင်းနိုင်တဲ့ အစွမ်း အစမရှိ ရင် . . . တစ်ဆယ် ပိုမယူနဲ့ပေါ့ . . ."

စောနိုင် စိတ်ပျက်မိသည်။ မိုးမှောင်ကြီးကို ယခုထက်ပို ပြီး မကျေမနပ်ဖြစ်အောင် လုပ်မိမှာလည်း စိုးရိမ်သည်။

သို့သော် သာခင်က မညှာမတာအတင်းနိုင်းနေသည်။

"မိုးမှောင် . . . သားကြီး . . . သစ်လုံးကို . . ."

ဖရူး . . .

မိုးမှောင် ဒေါသတကြီး နှာခေါင်းမှ နှာရည်များမှုတ် ထုတ်ပြီး ကိုယ်ကြီးကို ဟိုယိမ်း သည်ယိမ်းလုပ်နေသည်။

"နိုင်းလို့ မရတော့ဘူးဗျ . . ."

"ဒီအတိုင်း နိုင်းလို့မရရင် . . . ခေါင်းကို ပေါက်ချွန်းနဲ့ပေါက် ပြီး ရအောင် နိုင်းပေါ့ကွ . . ."

စောနိုင် ဒုက္ခရောက်အောင် သာခင်လုပ်နေပြီ . . .

"မိုးမှောင်ကို အဲဒီလို အကြမ်းကိုင်လို့ မရဘူးဗျ . . . ဒီ





ကြောင့် ကျုပ် ဘာလက်နက်မှ မကိုင်ဘဲနဲ့ မေတ္တာနဲ့ နိုင်းနေ တာ . . . ခင်ဗျား မသိဘူးလား . . . ဆင်ဦးစီးအားလုံးသိတယ် . . ."

စောနိုင် ဒေါသဖြစ်လာသည်။

သာခင်က သူ့ဆင်ကို မိုးမှောင်အနီးသို့ တိုးကပ်လာ သည်။

"ဆင်ဆိုတာ တိရစ္ဆာန်ပဲကွ . . . မေတ္တာနဲ့ချည်း ချော့ နေလို့ ဘယ်ရမလဲ မင်းတစ်ခါလောက် ငေါက်နိုင်းကြည့်ပါ . . . ရ မှာ သေချာတယ် . . ."

သာခင်က လေသံပျော့နှင့် ချော့ပြော၍ စောနိုင်စမ်း ကြည့်ရန် စိတ်ကူးဖြစ်လာသည်။

"မိုးမှောင် . . . မစမ်း . . . မ . . . မ . . ."

ဒုတ် . . .

စောနိုင် ငေါက်နိုင်းနေချိန်တွင် သာခင်က သူ့ဆင်ပေါ်မှ နေ၍ မိုးမှောင်၏ ခေါင်းကိုပေါက်ချွန်းဖြင့် လှမ်းပေါက်လိုက် သည်။

"ခင်ဗျား ဘာလုပ်တာလဲဗျ . . . ကျုပ်ကိုသေအောင် လုပ်တာလားဗျ . . ."

ခုမှသာခင်၏အကြံကို စောနိုင်သိသော်လည်း နောက် ကျသွားပြီ။

ကျွီအီ . . . ကျွီအီ . . .

မိုးမှောင် နာကျင်၍ ဒေါသတကြီးဖြစ်လာပြီး စောနိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆင်ပေါ်မှ ခါချသည်။

စောနိုင်လိမ့်မကျအောင် ကြိုးစားနေရစဉ်မှာပင် သာခင်က စောနိုင်မမြင်အောင် မိုးမှောင်ကြီး၏ ကိုယ်လုံးကို လက်ထဲမှ လှံဖြင့်လှမ်းထိုးလိုက်သည်။

ကျွီအီ . . .

မိုးမှောင်နာလွန်း၍ ကိုယ်ကြီးတွန့်သွားသည်။ ဒေါသလည်းတအားကြီးလာ၍ လှည့်ပတ်ဝှေ့ရမ်းလိုက်ရာ သာခင်၏ဆင် အောင်တိုးကိုပါ သွားကိုယ်ကြီးဖြင့် တိုက်ပစ်လိုက်မိသည်။

ကျည်အီ . . . ကျည်အီ . . .

အောင်တိုး ကြောက်လန့်စွာ ရုတ်တရက်လှည့်ပြီး ထွက်ပြေးသည်။ မိုမှောင်၏ အပေါ်မှ စောနိုင်လိမ့်ကျသလို အောင်တိုးအပေါ်မှ သာခင်လည်း လိမ့်ကျ ကျန်ခဲ့သည်။

စောနိုင်လဲကျနေရာမှ အမြန်ဆုံးကုန်းထသည်။ ထိုအချိန်တွင် မိုးမှောင်က စောနိုင်ရှိရာသို့ ဒေါသတကြီး ပြေးလာနေသည်။

“မိုးမှောင် . . . မိုးမှောင် . . .”

စောနိုင်အမြန်ထပြီး အသံပေးသည်။

သို့သော် ဒေါသကြီးလွန်းနေသော မိုးမှောင်မှာ မျက်လုံးပြာနေပြီး ဘာမျှ လည်းမမြင် ဘာမျှလည်းမကြားတော့ပါ။ စောနိုင်ကို နှာမောင်းဖြင့် ရိုက်ပစ်လိုက်သည်။

ဖုန်း . . .





ဆင်ဆွဲလမ်းဘေးမှ ဖွက်အိုင်ထဲသို့ စောနိုင်လွင့်ကျသွားသည်။

မိုးမှောင်သည် စောနိုင်ထံပြေးသွားပြီး တက်နင်းရန်ခြေဖြင့် ရွယ်လိုက်သည်။

“မိုးမှောင် . . . မိုးမှောင် . . . မလုပ်နဲ့ . . . ငါအဖေလဲ . . . မင်းအသက်ကို ကယ်ခဲ့တယ် . . . ငါလဲ မင်းအသက်ကို ကယ်ခဲ့တယ် . . . ငါ့ ကိုသတ်ရင် မင်းကို ကယ်မဲ့လူ မရှိတော့ဘူး . . . သတ်မဲ့လူပဲရှိတော့တယ် . . .”

စောနိုင်က ထွက်မပြေးဘဲ မိုးမှောင်ကြီးကို မေတ္တာစိတ်ထား၍ ပြောလိုက်သည်။

မိုးမှောင်၏ နင်းမည်ခြေထောက်မှာ လေထဲတွင် ကြွထားဆဲဖြစ်၏။ သို့သော် စောနိုင်ကို မနင်းသေးပါ။

“မိုးမှောင် . . . ငါ . . . မင်းကို နာအောင်ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး . . .

မင်း . . . ငါ့ကို နာအောင်လုပ်တော့ မလို့လား . . .”

စောနိုင်က မိုးမှောင်ကြီးကို ကြည့်နေသည်။ မိုးမှောင်နားလည်ဟန်ဖြင့် နားရွက်ကြီးများ ခတ်လိုက်သည်။

ထိုအချိန်တွင် နောက်ဘက်မှာရှိနေသော သာခင်က သူ့ခါးမှ ဓားကောက်ကို ဆွဲထုတ်၍ မိုးမှောင်ကြီး၏ ခြေထောက်ဆီသို့ ဓားကောက်ဖြင့် ပစ်လိုက်သည်။

ဒုတ် . . .



www.burmeseclassic.com

www.burmeseclassic.com



နောက်ခြေထောက်မှာ နာကျင်သောဝေဒနာကို မိုးမှောင် ခံစားလိုက်ရသည်။

ကျည်. . .အီ. . .

ဒေါသလည်း ပြန်ဖြစ်လာသည်။

သို့သော် သူ့ရှေ့မှာ မြင်နေရသော စောခိုင်လုပ်ခြင်း မဟုတ်သည်ကို သိသွားသည်။

သာခင်လုပ်သည့် ရည်ရွယ်ချက်မှာ အသိပြန်ဝင်လာသော မိုးမှောင်ကို ဒေါသတကြီးပြန်ဖြစ်ပြီး စောခိုင်ကို နင်းချလိုက် စေရန်ဖြစ်သော်လည်း ကိုယ်. . .သေတွင်း ကိုယ်တူးသလို ဖြစ်သွားသည်။

နောက်လှည့်ကြည့်လိုက်သော မိုးမှောင်သည် ရန်သူအစစ်ကို တွေ့သွားပြီ။

ရှူး. . .ရှူး. . .

စောခိုင်ကိုထားခဲ့ပြီး သာခင်ထံသို့ပြေးသွားသည်။

အန္တရာယ်ကိုရင်ဆိုင်ရပြီဖြစ်သော သာခင်သည် ကြောက်အားလန့်အားနှင့် ကုန်းပေါ်အမြင့်မှ အောက်ဘက်သို့ ဆင်းပြေး၏။ သာခင်လမ်းရွေးမှားသွားသည်။

ကိုယ်ခန္ဓာကြီးမားသော ဆင်ကြီးများသည် အတက်ခရီးမှာ နှေးသော်လည်း အဆင်းဆိုလျှင်မြန်လွန်းလှသည်။ သာခင်ပြေး၍ မလွတ်တော့ပါ။

မိုးမှောင်သည် သာခင်ကို နှာမောင်းဖြင့် ဆွဲဖမ်းပြီး





လွှင့်ပစ်လိုက်သည်။

"အား. . ."

ဖုန်း. . .

သာခင်လွင့်ထွက်သွားသည်။ အကျတွင် ပေါင်နှင့် သစ်လုံးရိုက်မိပြီး ပေါင်ရိုးသွင်သွင်ကျိုးသွားသည်။

ထိုအချိန်တွင် ဦးကျော်ဖနှင့် ဆင်ဦးစီးများအပြေးအလွှားရောက်လာကြသည်။ သို့သော် မည်သူမျှ အနားမကပ်ဝံ့။ တောင်ကုန်းအမြင့်ဘက်မှ လှမ်းကြည့်နေကြသည်။

သာခင် ထပြေးရန်ကြိုးစားသည်။ သို့သော် မပြေးနိုင်တော့ပါ။ ပြန်လဲကျသွားသည်။

မိုးမှောင်ကြီး သာခင်ထံသို့ ဒေါသတကြီး ပြေးသွားသည်။

"ဟာ. . .ကိုသာခင်ကို နင်းသတ်တော့မယ်. . ."

စောခိုင်လှမ်းမြင်နေရသည်။ သစ်တောအရေးပိုင် အင်လိပ်ကြီးပြောခဲ့ သောစကားကိုလည်း ကြားယောင်လာမိသည်။

"မောင်မင်းဆင် နောက်တစ်ယောက်ကို သတ်ရင် မောင်မင်း ကိုယ်တိုင် ပစ်သတ်ရမယ်. . ."

စောခိုင်ပွက်အိုင်ထဲမှ အမြန်ဆုံးကုန်းရုန်းထလိုက်သည်။

"မိုးမှောင်. . .သားကြီး. . .မသတ်နဲ့. . .သူ့ကိုမသတ်နဲ့"

မိုးမှောင်က စောခိုင်ထံသို့ လှည့်ကြည့်သည်။

ထိုအချိန်မှာ သာခင်ကျိုးနေသောပေါင်ကို ဒရွတ်ဆွဲ၍



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ဆုတ်သည်။

မိုးမှောင်က သာခင်နောက်သို့ ဆက်လိုက်သည်။

သာခင် ဆော့က်တည်ရာမရအောင် ကြောက်လန့်တုန်လှုပ်နေပြီ။

မိုးမှောင်ကြီးက တရွေ့ရွေ့ဆုတ်နေသော သာခင်ထံရောက်သွား၍ ရင်ဘတ်ပေါ်သို့ သူ၏ခြေထောက်ကြီးကို ဖိတင်လိုက်သည်။

"အား...လုပ်ကြပါအုံး...ကယ်ကြပါအုံး..."

"ဟာ..."

ဦးကျော်ဇံနှင့် ဆင်ဦးစီးများ မကြည့်ရက်အောင် ဖြစ်ကြသည်။

"မိုးမှောင်...မလုပ်နဲ့ ...မလုပ်နဲ့ ..."

စောခိုင်က ပြေးလာရင်းမှ အော်ပြောလိုက်သည်။

"စောခိုင်...ငါ့ကိုကယ်ပါအုံး..."

သာခင်က စောခိုင်ကို အားကိုးတကြီး အကူအညီတောင်းနေသည်။

မိုးမှောင်ကြီးက အော်ပြောနေသော သာခင်၏ ရင်ဘတ်ပေါ်မှာပို၍ ဖိနင်းလိုက်သည်။

သာခင် ဆက်မအော်နိုင်တော့ပါ။ မျက်လုံးများပြူးလာသည်။

"မိုးမှောင်...သားကြီး...မလုပ်နဲ့ ..."





မိုးမှောင်ကြီးအနားသို့ စောခိုင်ရောက်သွားပြီ။

"မိုးမှောင်...သားကြီး...မင်းတစ်ယောက်ယောက်ကို သတ်ရင် ငါကိုယ်တိုင်ပစ်သတ်ရမယ်လို့ အမိန့်ထုတ်ထားတယ်...မင်းသူ့ကိုသတ်ရင်... ငါ...မင်းကိုသတ်ရတော့မယ်... ငါ...မင်းကိုမသတ်ချင်ဘူးကွာ...မင်းသူ့ကိုလွှတ်လိုက် ပါ...ငါ...မင်းကို မသတ်ပါရစေနဲ့ ..."

စောခိုင်ပြောသည်ကို နားလည်သော မိုးမှောင်ကြီးက ဖိနင်းထားသော ခြေထောက်ကို နည်းနည်းလျော့လိုက်သည်။

"စော...စောခိုင်...ငါ့ကို ကယ်ပါကွာ...ငါ...ငါမှားပါတယ်... ငါ...မင်းကို တောင်းပန်ပါတယ်..."

"တော်စမ်းဗျာ...တိတ်စမ်း...ခင်ဗျားယုတ်မာလို့ ခုလိုဒုက္ခတွေဖြစ်ရတာ..."

မိုးမှောင်ကြီးက စောခိုင်ပြောသည်ကို နားလည်ဟန်ဖြင့် သာခင်၏ရင်ဘတ်ကို ခပ်ဖိဖိလေးပြန်နင်းလိုက်သည်။

"အား...အား...သေတော့မယ်...ငါ နောက်ကိုဘယ်တော့မှ မလုပ်တော့ပါဘူးလို့ ကတိပေးပါတယ်ကွာ...မင်းဆင်ကို ပြောပါအုံး..."

သာခင်သိပ်ကြောက်နေသည်။

စောခိုင်ရှေ့ တိုးလာပြီး မိုးမှောင်ကြီး၏ နှာမောင်းကို ကိုင်လိုက်သည်။

မိုးမှောင်ကြီးက ငြိမ်သက်စွာ အကိုင်ခံပါသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



သာခင် ရင်ဘတ်ပေါ်ဖိထားသော ခြေထောက်ကိုတော့ ဖယ်ခြင်း မပြု။

"မိုးမှောင် . . . ငါ . . . မင်းကို သိပ်ချစ်ပါတယ်ကွာ . . . ငါ တို့ အရင်ကလို ပျော်ပျော်ရွှင်ရွှင်နေရအောင် . . . သူ့ကို လွှတ်လိုက်ပါကွာ . . . လွှတ် . . . လွှတ် . . . မိုးမှောင် . . . လွှတ် . . ."

စောနိုင်က မိုးမှောင်၏ နှာမောင်းကိုပွတ်ပေးရင်း ချော့ ပြောနေသည်။

မိုးမှောင်ကြီးက သူ့ကိုယ်မှ ဒဏ်ရာများနာကျင်နေ သည်နှင့်အမျှ သာခင် ကို နာကျည်းစိတ်ကမပြေ သာခင်ကို နင်း သတ်ချင်စိတ် ဖြစ်နေသည်။

ခြေထောက်ကို မဖယ်ရုံမက ခပ်ဖိဖိထပ်နင်းလိုက်သည်။

"အား . . . အား . . ."

သာခင်မချိမဆန့်အော်လိုက်သည်။ မျက်လုံးများ လည်း ပြူးလာသည်။ ယခုထက်ပို၍ ဖိနင်းလိုက်လျှင် သေတော့ မည်။

စောနိုင်စိတ်ပူသွားသည်။ သာခင်သေလျှင် မိုးမှောင် ကြီးကို သူ့ကိုယ်တိုင်ပစ်သတ်ရတော့မည်။

"မိုးမှောင် သားကြီး . . . မလုပ်နဲ့ . . . သူသေရင် . . . မင်း ကို ငါကိုယ်တိုင်ပစ်သတ်ရမှာ . . . ငါ . . . မင်းကိုမသတ်ပါရစေနဲ့ ကွာ . . ."

စောနိုင်ပါးပေါ်မှာ မျက်ရည်များစီးကျလာသည်။





"သားကြီး . . . ဆင်လိမ္မာကြီး သူ့ကိုလွှတ်လိုက်ပါ။ မိုးမှောင် ရယ် . . . ဖြူမရယ် . . . ငါရယ် . . . ပျော်ပျော်နေကြရအောင် နော် . . . လိမ္မာပါတယ် . . . လွှတ် . . . လွှတ် . . . လွှတ်လိုက် နော် . . ."

မိုးမှောင်၏ ပါးပြင်ကို ပွတ်သပ်ပေးရင်း စောနိုင် ချော့ပြောနေပါသည်။

မိုးမှောင်၏ မျက်လုံးမှ မျက်ရည်များစီးကျလာသည်။

"မိုးမှောင်သားကြီး . . . လွှတ် . . . လွှတ် . . . လွှတ်လိုက် . . ."

စောနိုင်ကပါးကို ပွတ်ပေးရင်း ထပ်ပြောသည်။

ကျည် . . . ကျည် . . . ကျည် . . .

မိုးမှောင် ဒေါသတကြီးအော်လိုက်သည်။ နှာမောင်းကြီး ကို ရုတ်တရက် အပေါ်သို့အမြင့်ကြီး မြှောက်တင်လိုက်ပြီး သာခင် ရင်ဘတ်ပေါ်နင်းထားသော ခြေထောက်ကို ဖယ်လိုက်သည်။

ဖုန်း . . . ဖုန်း . . . ဖုန်း . . . ဖုန်း . . .

စောနိုင် နောက်သို့ ခုန်ရှောင်လိုက်ရသည်။

"အား . . ."

"သေပါပြီ . . ."

"အမယ်လေး . . . ကယ်ကြပါ . . ."

သာခင်ထံမှ ကြောက်စရာအော်သံကြီးများ ထွက်ပေါ် လာပါသည်။

"ဟာ . . ."



www.burmeseclassic.com

www.burmeseclassic.com



စောနိုင်နောက်သို့ ခုန်ရှောင်လိုက်သည်။

သာခင်လဲကျနေသည့် နေရာတွင် ထူထပ်သော ဖုံလုံးကြီးကို လှမ်းမြင်ရသည်။ တောင်ကုန်းပေါ်မှ လှမ်းကြည့်နေကြသော ဆင်ခေါင်းကြီး ဦးကျော်ဖုံနှင့် ဆင်ဦးစီးများက သာခင်တော့သေပြီ။ မိုးမှောင်ကြီးက သာခင်ကို နှာမောင်းဖြင့် ရိုက်သတ်လိုက်ပြီဟု မြင်ကြရသည်။

မိုးမှောင်က သာခင့်အနားမှခွာ၍ စောနိုင်နားမှာလာရပ်သည်။ စောနိုင် ဝမ်းနည်းကြေကွဲစွာ မိုးမှောင်ကြီး၏ နှာမောင်းကို ဖက်ထားလိုက်သည်။

သူအလွန်ချစ်သော ဆင်ကြီးကို သူကိုယ်တိုင် ပစ်သတ်ရတော့မည်။

"မိုးမှောင် . . . သားကြီး . . ."

မိုးမှောင်၏ နှာမောင်းမှာ မျက်နှာကပ်၍ စောနိုင် ရှိုက်ကြီးတငင်ငိုချလိုက်ပါသည်။

မိုးမှောင်ကြီးက မတုန်မလှုပ်ငြိမ်သက်စွာရပ်လျက်။

တောင်ကုန်းပေါ်မှ လူများအားလုံး မိုးမှောင်ကြီးရှိရာသို့ လှမ်းကြည့်နေကြသည်။ စောနိုင်ကိုပါ အန္တရာယ်လုပ်မှာ စိုးရိမ်နေကြသည်။

"စောနိုင် . . . နိုင် . . ."

"ဟင် . . ."

သာခင်ထံမှ ခေါ်သံကြားရ၍ စောနိုင်အံ့သြသွားသည်





သာခင်မသေသည်ကို သိရ၍လည်း ဝမ်းသာမိသည်။ ဖုံထုပါးသွားသောအခါ သာခင်ဘာမျှ မဖြစ်သည်ကိုတွေ့ရသည်။

"ကျည် . . ."

မိုးမှောင်ကြီးက ခံစားချက်ဖြင့် အော်မြည်၍ စောနိုင်ကို နှာမောင်းဖြင့် ဆွဲပွေ့ပြီး သူ့ကျောပေါ်သို့ တင်လိုက်သည်။ ခါတိုင်းတင်နေကျ ဆင်ဦးစီးနေရာ မဟုတ် နောက်ဖက်နေရာသို့ တင်လိုက်ခြင်းဖြစ်သည်။

"အို . . ."

စောနိုင်စိတ်မကောင်းဖြစ်ရသည်။ မိုးမှောင်ကြီး၏ ကျောရိုးအောက် ဘေးဘက်နေရာတွင် သာခင်လှံနှင့် ထိုးထားသည့် ဒဏ်ရာကို တွေ့ရသောကြောင့် ဖြစ်သည်။

စောနိုင်က သွေးများထွက်နေသော လှံချက်ဒဏ်ရာကို လက်ဖြင့်အသာ အယာဖိပေးသည်။

မိုးမှောင်ကြီးက ငြိမ်သက်စွာခံနေ၏။

"တောက် . . . ယုတ်မာလိုက်တာကွာ . . ."

သာခင်ကိုလည်း ပို၍မကျေမနပ်ဖြစ်မိသည်။

"ကျည် . . ."

မိုးမှောင်ကြီးက နောက်တစ်ကြိမ်အော်မြည်၍ သူ၏ နောက်ဖက်မှ ညာခြေကို မြှောက်ထားသည်။

"ဟင် . . . ရက်စက်လိုက်တဲ့လူကွာ . . ."



www.burmeseclassic.com

www.burmeseclassic.com



မိုးမှောင်ကြီး ဘာကြောင့်ဤမျှဒေါသတကြီး ဖြစ်ရသည်ကိုလည်းနားလည်သွားသည်။

မိုးမှောင်ကြီး မြှောက်ပြနေသော ညာခြေထောက်မှာ ဓားဒဏ်ရာကိုတွေ့ရသည်။ ခပ်လှမ်းလှမ်းမှာ သာခင်၏ ဓားကောက်ကိုလည်းတွေ့ရသည်။

မိုးမှောင်ကြီးက သူခံရသည်များကို သိအောင်မြင်အောင် ပြနေခြင်း ဖြစ်ကြောင်း စောနိုင်နားလည်လိုက်ပါသည်။ မိုးမှောင်ကြီးကို သနားမိသည်နှင့်အမျှ သာခင်ကိုဒေါသဖြစ်ရသည်။

စောနိုင် ဆင်ဦးပိုင်းသို့ ရွှေ့သွားပြီး အစွယ်နှစ်ချောင်းကို ဆွဲ၍ အောက်သို့ ဆင်းလိုက်သည်။

သာခင်၏ ဓားကောက်ကိုလည်း မြေကြီးပေါ်မှ ကောက်ယူပြီးသာခင် ရှိရာသို့သွားသည်။

"ကိုသာခင်...ခင်ဗျား...မိုးမှောင်ကို လှံနဲ့ထိုးတယ်မဟုတ်လား..."

စောနိုင်ကိုသာခင် ကြောက်ရွံ့စွာ ကြည့်နေသည်။

"ပြောလေဗျာ အမှန်အတိုင်း ..."

စောနိုင်က ထပ်အော်လိုက်သည်။

"ငါ...ငါ...လုပ်မိပါတယ်ကွာ...ငါ...မှားပါတယ်..."

သာခင်က စောနိုင်လက်မှ ဓားကောက်ကိုလှမ်းကြည့်ပြီး သူ့ဓားဖြင့် သူ့ကိုခုတ်လိုက်မှာ စိုးရိမ်နေစဉ် စောနိုင်ကလက်





ထဲမှ ဓားကောက်ကိုမြှောက်လိုက်သည်။

"ခင်ဗျား...ဒီဓားကောက်နဲ့ရော...မိုးမှောင်ကို ခုတ်တယ်မဟုတ်လား..."

"ခုတ်တာ...မဟုတ်ပါဘူးကွာ...ငါ...ကြောက်ကြောက်နဲ့ လှမ်းပစ်လိုက်တာပါ..."

သာခင်၏ အဖြေမှာ အမှန်တစ်ဝက် အညာတစ်ဝက်ဖြစ်သည်။

"မညာနဲ့ဗျာ...အမှန်အတိုင်းပြော...ခင်ဗျားတမင်ပစ်တာမဟုတ်လား..."

စောနိုင်က ဒေါသဖြင့် အော်လိုက်သည်။

"ဟုတ်...ဟုတ်ပါတယ်ကွာ..."

"ခင်ဗျားသိပ်ရက်စက်တယ်...ကျုပ်ရော...မိုးမှောင်ပါသေအောင်လုပ်တာ...ခင်ဗျားသေဖို့ပဲကောင်းတယ်..."

မိုးမှောင်ကြီးရှေ့သို့ တိုးလာ၍ စောနိုင် စကာမှားသွားမှန်း သိလိုက်ပြီး မိုးမှောင်ကြီး၏ နှာမောင်းကို ဆွဲကိုင်လိုက်သည်။

"ငါ...ငါ...တောင်းပန်ပါတယ်ကွာ...ငါမှားပါတယ်ကွာ..." သာခင်...ကြောက်လန့်စွာဖြင့် ဒရွတ်ဆွဲ၍ နောက်သို့ဆုတ်နေသည်။

"ခင်ဗျား...နောက်ထပ် ဒါမျိုး ဘယ်တော့မှ မလုပ်တော့ပါဘူးလို့ မိုးမှောင်ကြီးအောင် ကတိပေးလိုက်..."



www.burmeseclassic.com

www.burmeseclassic.com



"ကတိပေးပါတယ် . . . ကတိပေးပါတယ် . . . နောက်ထပ်ဒါမျိုး ဘယ်တော့မှ မလုပ်တော့ပါဘူး . . ."

"ခင်ဗျား . . . သေချာလား . . ."

"သေချာပါတယ်ကွာ . . . ငါနောင်တရပါပြီ . . ."

"နောက်တစ်ခါလုပ်ရင် . . . ကျုပ်မကယ်ဘူး . . ."

"မလုပ်တော့ပါဘူး ကွာ . . ."

"မိုးမှောင် . . . နောက်တစ်ခါဆိုရင် . . . ငါ့သူကို ခွင့်မလွှတ်ဘူး မင်းကိုလဲ . . . ခွင့်လွှတ်ပါလို့ ငါမပြောဘူး . . ."

စောနိုင်က မိုးမှောင်၏နှာမောင်းကို ပွတ်ပေးရင်း ပြောလိုက်သည်။

"ကျည် . . ."

မိုးမှောင်သဘောတူကြောင်း အသံပြုသည်။

"ဒီတစ်ခါတော့ ငါသူ့ကို ခွင့်လွှတ်တယ် . . . မင်းလဲ သူ့ကိုခွင့်လွှတ်ပါ။"

"ကျည် . . ."

မိုးမှောင်ကြီး လက်ခံသွားပြီမို့ စောနိုင်စိတ်အေးသွားရသည်။

"အနုခင်ဗျား လုပ်တာအားလုံး အရေးပိုင်ကြီးကို တိုင်ရင်ခင်ဗျား . . . အလုပ်ပြုတ်မယ်သိလား . . ."

"ဟုတ်ပါတယ်ကွာ . . . မင်းလုပ်ရင် . . . ငါခံပါ့မယ် . . ."

"ခင်ဗျား . . . ရက်စက်ပေမဲ့ကျုပ်ရော . . . မိုးမှောင်ပါခင်ဗျားကို မရက်စက်ပါဘူးဗျာ . . . ကျုပ်တို့ဟာ . . . ဒီတောကြီးထဲမှာအလုပ်တူ . . . ဘဝတူတွေပဲ . . . တစ်ယောက်ကိုတစ်ယောက် ဒုက္ခပေးရမှာမဟုတ်ဘူး . . . ကူညီရမှာဗျ . . ."

စောနိုင်က လက်ထဲမှ ဓားကောက်ကို သစ်လုံးပုံကြီးဆီသို့ ပစ်လိုက်သည်။ ဓားကောက်က သစ်လုံးကြီးတစ်လုံးမှာ စိုက်နေသည်။

စောနိုင်က သာခင်ရှိရာသို့ လျှောက်သွား၍ သာခင်ကိုညင်သာစွာ ပွေ့ယူပြီး သူ့ . . . ပခုံးပေါ်မှာ ပိုးလိုက်သည်။ ပြီးတော့ ဆင်စခန်းရှိရာသို့လျှောက်လာသည်။

မိုးမှောင်က နောက်မှတစ်လှမ်းချင်းလိုက်ပါလာ၏။

တောင်ကုန်းပေါ်မှ ဆင်ခေါင်းကြီး ဦးကျော်ဖုံနှင့် ဆင်ဦးစီးများ အားလုံးမြင်ရသည့် မြင်ကွင်းကို အံ့သြငေးမောလျက်–

စောနိုင်၏ ပခုံးပေါ်မှာ သာခင်ငြိမ်သက်စွာ လိုက်ပါရင်းမျက်ရည်များ စီးကျလျက်–

✿ ✿ ✿ ✿ ✿

www.burmeseclassic.com



## အခန်း ( ၂၄ )

နောက်တစ်နေ့တွင်-

သာခင်ကို ဆေးရုံသို့ ပို့လိုက်ကြသည်။

စောခိုင်ကတော့ ဆင်စခန်းမှာပင် မိုးမှောင်ကြီး၏ ဒဏ်ရာများကို ဆေးထည့်ပေးနေသည်။

"မိုးမှောင်သားကြီးက သိပ်လိမ္မာတယ်...။ ငါ သားကြီးမိုးမှောင်ကို နာအောင်ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး...လက်နက်တောင်မကိုင်ခဲ့ဘူး... နောက်လဲ ဘယ်တော့မှ နာအောင်မလုပ်ဘူး..."





စောခိုင်က ဒဏ်ရာများကို ဆေးထည့်ပေးရင်း မိုးမှောင်ကြီးကို ဆက်ပြောနေသည်။ မိုးမှောင်ကြီးက ငြိမ်ငြိမ်လေးနား ထောင်နေသည်။

နောက်ဆိုရင်...ဘယ်သူမှလဲ...မိုးမှောင်သားကြီးကို နာအောင်မလုပ်ရဘူး...။

"ငါ့အမေရယ်...ငါ့နှမ ခင်မြရယ်...ဝါနုရယ်...ပြီးတော့ ဖြူမရယ်...ငါရယ်...မိုးမှောင်ရယ်...မိသားစုတွေနော်...မင်းကို ငါတို့အားလုံးက သိပ်ချစ်ကြတယ်...ဒီဆင်စခန်းမှာရှိတဲ့ လူတွေ အားလုံးနဲ့ ဆင်တွေ အားလုံးက မိုးမှောင်ရဲ့ ဆွေမျိုးတွေနော်... သူတို့ကိုလဲ သားကြီးက ဘယ်သူမှ နာအောင်မလုပ်ရဘူး...ဒီ ဆင်စခန်းမှာ..."

"စောခိုင်ရေ..."

နောက်ဆီမှ ခေါ်သံကြား၍ စောခိုင်ပြောနေသော စကားကို ရပ်လိုက်သည်။

ဖြူမအသံမှန်းသိ၍ နောက်သို့လှည့်ကြည့်လိုက်သည်။ ဖြူမပြေးလာနေသည်။

"မိုးမှောင် ရေ..."

"ကျည်..."

"မိုးမှောင်ကြီးက ဝမ်းသာအားရထူး၍ နှာမောင်းကြီးကို ဆန့်တန်းပြီး ကြိုသည်။

ဖြူမက မိုးမှောင်ကြီး၏ နှာမောင်းကို ပွေ့ဖက်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ငါ . . . မနေ့က သတင်းကြားတော့ နင့်အတွက် စိတ်ပူလိုက်တာဟာ"

"ငါ . . . ဘာမှ မဖြစ်ပါဘူးဟာ . . ."

"မဖြစ်လို့ တော်သေးတာပေါ့ ဟာ . . ."

"ဖြစ်ရင် . . ."

ဖြူမ ဘာမှုမပြေနိုင် ပါးပြင်မှာမျက်ရည်များက အဆက်မပြတ်စီးကျနေသည်။ မိုးမှောင်ကြီးက မြင်သွား၏။

"ကျည် . . ."

စိတ်မကောင်းစွာ အော်မြည်ပြီး သူ့နှာခေါင်းထိပ်မှ နုသောနေရာနှင့် ဖြူမ၏ ပါးပေါ်မှ မျက်ရည်များကို သုပ်ပေးနေသည်။

"လိမ္မာလိုက်တာ . . . သားကြီးရယ် . . ."

ဖြူမ တစ်ခါမျှ မခေါ်စဖူး . . . မိခင်မေတ္တာစိတ်ဖြင့်ခေါ်၍ မိုးမှောင်ကြီး၏ နှာမောင်းကို ပွတ်ပေးနေသည်။

"နောက်ဆိုရင် မိုးမှောင်ကြီးက ဘယ်သူ့မှ နာအောင်လုပ်မှာ မဟုတ်တော့ပါဘူးဟာ . . ."

"မလုပ်နဲ့နော် . . . သားကြီး . . ."

ဖြူမကပါ ထပ်ပြောသည်။

မိုးမှောင်ကြီးက အားပါးတရ ခေါင်းကြီးကိုညိတ်ပြ၍ ဖြူမရော စောနိုင်ပါ ပြုံးမိကြ၏။

စောနိုင်ဆေးထည့်ပြီး၍ ဖြူမနှင့်အတူ မိုးမှောင်ကြီး၏





နှာမောင်းကိုပွတ် သပ်ပေးနေသည်။

မိုးမှောင်က သူ၏နောက်ခြေတစ်ဖက်ကို မြှောက်လိုက်သည်။

"ဩော် . . . သူ့ခြေထောက်က ဒဏ်ရာကိုကြည့်ပါအုံးတဲ့ နင့်ကိုပြနေတာ"

"အို . . . ဟုတ်ပါရဲ့ . . . သားကြီးရယ် . . . သနားစရာကောင်းလိုက်တာ . . ."

ဖြူမက မိုးမှောင်၏ ခြေထောက်က ဒဏ်ရာကို ဘေးနားမှာ အသာအယာပွတ်သပ်ပေးသည်။

မိုးမှောင်က ဖြူမခါးကိုနှာမောင်းဖြင့် ရစ်ပတ်ပွေ့ချီပြီး အပေါ်သို့မြှောက်လိုက်သည်။

"ဩော် . . . သူ့ကျောက ဒဏ်ရာကိုလဲ ကြည့်ပါအုံး . . . တဲ့"

စောနိုင်က စကားပြန်

"အို . . . ဟုတ်ပါရဲ့ သားကြီးရယ် . . ."

လှံနှင့် ထိုးထားသော ဒဏ်ရာကိုကြည့်ပြီး ဖြူမ စိတ်မကောင်း၍ မျက်ရည်များရစ်ဝဲလာသည်။

ဒဏ်ရာ၏ ဘေးနားကိုလည်း လက်ဖြင့် ပွတ်သပ်ပေးလိုက်သည်။

မိုးမှောင်ကပွေ့ချီထားသည့် နှာမောင်းကို အပေါ်သို့မြှောက်ပြီး ခေါင်းဘက်ဆီသို့ ရွှေ့လိုက်သည်။

"ခေါင်းက ဒဏ်ရာကိုလဲ . . . ကြည့်ပါအုံးတဲ့"

www.burmeseclassic.com



"အို . . . ဟုတ်ပါရဲ့ သားကြီးရယ် . . . သနားစရာကောင်းလိုက်တာ . . ."

မိုးမှောင်က ဖြူမကိုအောက်သို့ ချပေးသည်။

ဖြူမပါးပေါ်မှ မျက်ရည်များစီးကျလာပြန်၏။ မိုးမှောင်ကို သနား၍ကျသော မျက်ရည်ဖြစ်သည်။

"ကျည့် . . ."

မိုးမှောင်က နှာမောင်းထိပ်မှနုသောနေရာဖြင့် ဖြူမပါးပေါ်မှ မျက်ရည်များကိုသုပ်ပေး၏။

"မငိုပါနဲ့ . . . တဲ့ . . ."

"မငိုတော့ပါဘူး . . . သားကြီးရယ် . . . မငိုတော့ပါဘူး . . ."

ဖြူမက သူ့ပါးဖြင့် မိုးမှောင်ကြီး၏ နှာမောင်းမှာ ကပ်ထားလိုက်၏။

"မိုးမှောင် . . . မင်းရယ် . . . ဖြူမရယ် . . . ငါရယ် . . . ဒီဆင်စခန်းမှာ ချစ်ချစ်ခင်ခင်ပျော်ပျော်ရွှင်ရွှင်နေကြရအောင်နော် . . ."

"ကျည့် . . ."

မိုးမှောင်ကြီးက ပျော်ရွှင်စွာ အသံကုန်အော်၍ စောနိုင်နှင့် ဖြူမနှစ်ယောက်စလုံးကို သူ့နှာမောင်းကြီးဖြင့် ရစ်ပတ်ပွေ့ဖက်ထားလိုက်လေသတည်း။

လယ်တွင်းသားစောချစ်



www.burmeseclassic.com